
# ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး သမိုင်း



ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)

ပြည်ခရိုင်

ပန်းတောင်းမြို့နယ်




## "တန်ခိုးဝေဖြာရွှေဘုံသာ"

- ဇရာဝတီ၊ ရေကြည်ခွေဝန်း
  သောင်ထိပ်စွန်းဝယ်၊ တင့်ရှန်းလှစွာ
  ရွှေဘုံသာတည့်၊ နောက်မှာ မဋ္ဌု
  ခိုးမြူယှက်သန်း၊ တောင်ပြာတန်းလည်း
  လွမ်းမောစရာ မှိုင်းပြာပြာ - - - - - - - - - - - - ။
- မြူခြေစိုစို့ တိမ်ညိုညို့နှင့်
  မိုးသို့အလှ၊ လွမ်းရတုတွင်
  မုနိလေးဆူ၊ ကြွတော်မူ၍
  ရှင်လူအပေါင်း၊ နစ်ထောင်းအားရ
  ပူဇော်ကြပြီ၊ အမျှ အမျှ ရစေသော် - - - - - - ။
- တစ်ခါရောက်လည်း
  တစ်ခေါက်တစ်ဖန်၊ ရောက်ချင်ပြန်တည့်
  ရည်သန်လေဘိ၊ တောင်းတိုင်းပြည့်သည်
  မုနိမြတ်စွာတန်ခိုးတည်း။

မြဝင်း (ဒဿန)

ဓမ္မဒါနအလှူရှင် - ဦးမောင်မောင်လှ + ဒေါ်မိုးမိုးရီ၊ သား - မောင်အောင်ထွဋ်ဦး၊ မောင်ကောင်းထွဋ်၊ သမီး - မသူ့ထက်အောင်
ရွှေနိုင်ငံ ပုံနှိပ်တိုက် မိသားစု မှ လှူဒါန်းပါသည်။

(ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသမိုင်း)

# မာတိကာ


- ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း) ဗိုလ်မှူးကြီးတင်လှိုင်၏ ဥယျောဇဉ် ၁

၁။ ပါမောက္ခချုပ်(ငြိမ်း)ဆရာကြီး ဦးမြဝင်း(မြဝင်း–ဒဿန)၏ အမှာစာ။ ၄

၂။ စာရေးသူ၏ အမှာစကား။ ၇

၃။ နိဒါန်း ၉

၄။ မုနိလေးဆူဖူးရခြင်းအကျိုးပြလက်ာ။ ၁၁

၅။ ဓညဝတီရခိုင်ပြည်တွင် မုနိလေးဆူပွင့်ထွန်းတော်မူခြင်း။ ၁၂

၆။ မုနိသုံးဆူအား ဓညဝတီရခိုင်ပြည်မှ အမရပူရ နေပြည်တော်သို့ ပင့်ဆောင်တော်မူခြင်း။ ၁၄

၇။ ဘိုးတော်ဗဒုံမင်းတရားကြီး၊ သားတော်အိမ်ရှေ့ဥပရာဇာ သီရိမဟာဓမ္မာဘိဇယသီဟသူရနှင့်ပန်းတောင်းမြို့ ၂၀


၈။ ရွှေဘုံသာသမိုင်းအစ ၂၃

၉။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံခြင်း ၂၆

၁၀။ ရွှေဘုံသာမုနိစေတီတော်တွင် မုနိလေးဆူ တပြိုင်တည်းဖူးမျှော်နိုင်ခြင်း။ ၃၄
၁၁။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဝတ္တကသာသနာမြေနှင့်သာသနိကအဆောက်အဦများ ၃၉
၁၂။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးနှင့်ထူးခြားဆန်းကြယ်မှုများ ၅၀
၁၃။ အမတော်မမြစိမ်းနှင့် နဂါးမယ်တော် ၅၆
၁၄။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့်အစဉ်အလာပွဲတော်များ ၅၈
၁၅။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးတွင် ဆောင်ရွက်တာဝန်ယူခဲ့ကြသော ဂေါပကအဖွဲ့များ ၆၂
၁၆။ နိဂုံး ၆၈



တက်စုံပြုပြင်ပြီး ရွှေတုံသာမုနိ စေတီတော် နှင့် ကြည်နူးဖွယ်ရာ ရွှေဆံတော်စေတီ ရှုခင်း




ရွှေတုံသာမုနိစေတီတော်မြတ်ကြီး၏
သမိုင်းမြေပုံ




ကောင်းကင်ယံမှ ဖူးတွေ့ရသော ရွှေဘုံသာမုနိ စေတီတော်

# ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး သမိုင်းအား ရေးသားခဲ့ကြသူများ



**ဘဒ္ဒန္တကုန္ဒဝံသ**

(ရွှေဘုံသာဘုရားကြီးကျောင်းတိုက်)

(ရွှေဘုံသာမဟာမုနိ ရုပ်ရှင်တော်သမိုင်း၊ ၁၉၉၀ခုနှစ်)

**ဆရာကြီး ဦးမြဝင်း[မြဝင်းဒဿန]**

ပါမောက္ခချုပ်(ငြိမ်း) ပြည်တက္ကသိုလ်

(ရွှေဘုံသာမုနိ စေတီတော်သမိုင်း၊ ၂၀၀၂ခုနှစ်)





**ဦးတင်လှိုင် [ရွှေအိုး-ပန်းတောင်း]**

ရွှေဘုံသာမုနိစေတီတော်ဂေါပက

(ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးသမိုင်း၊ ၂၀၁၆ခုနှစ်)



## ပန်းတောင်းမြို့သား ပြည်ထဲရေးဝန်ကြီး၊ ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း) ၏ ဥယျောဇဉ်

မြန်မာနိုင်ငံ၏ သာသနာတော်သမိုင်းတွင် မုနိလေးဆူ၊ စွယ်တော်လေးဆူဘုရားကြီးများသည် ထင်ရှားကျော်ကြားသည်။ ဘုန်းတန်ခိုးကြီးမားသည်။ ယုံကြည်ကိုးကွယ်ဆည်းကပ်သူများ ပြားသည်။

အံ့သြဖွယ်အထူးကို ဆောင်နိုင်သော ဂုဏ်တော်နှင့် ပြည့်စုံသော၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပုံတော်ကို ဖော်ပြထားသော၊ ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုကြီးကြပ်သွန်းလုပ်ခဲ့သော ရုပ်ပွားတော် များဖြစ်၍လည်း လူအပေါင်းတို့က အလေးအမြတ်ထား ယုံကြည်ကိုးစား လေးစားဝတ်ပြုကိုးကွယ်ဆည်းကပ်ကြခြင်း ဖြစ်ပေသည်။

စွယ်တော်လေးဆူမှာ ပုဂံဒေသတွင်တည်ရှိပါသည်။ မုနိလေးဆူမှာ မန္တလေး၊ ကျောက်တော်၊ ဇလွန်နှင့် ပန်းတောင်းမြို့တို့တွင် တည်ရှိကြပါသည်။

ထိုမုနိလေးဆူမှ ရွှေဘုံသာမုနိရုပ်ရှင်တော်မြတ်ကြီးမှာ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာအရပ်တွင် ကိန်းဝပ်စပါယ်လျက်ရှိပါသည်။

ဥဒ္ဒိဿစေတီအမျိုးအစားဖြစ်သော ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၄၅၆နှစ်က တည်ထားကိုးကွယ်ခဲ့သော စည်းခုံမြတ်စွာ၊ မြတ်မုနိစေတီတော်ကြီးတွင် ဌာပနာသွင်း၍ ထပ်မံတိုးချဲ့ တည်ဆောက်ခဲ့သည်။ ထိုအချိန်မှစ၍ ရွှေဘုံသာမုနိစေတီတော်အမည်တွင်ခဲ့လေသည်။

ရွှေဘုံသာမုနိဘုရားကြီး၏ သမိုင်းကား ထူးခြားဖွယ်၊ အံ့ဩဖွယ်၊ ကြည်ညိုဖွယ်၊ ဂုဏ်ယူဖွယ်၊ စိတ်ဝင်စားဖွယ် သမိုင်းအထောင်အထားများနှင့် ပြည့်စုံလျက်ရှိပါသည်။

ထိုသို့သမိုင်းဝင်ထူးခြားအံ့ဩဖွယ်ဘုရားကြီးကား လောကဓမ္မတာအရ နှစ်ကာလရှည်ကြာလာသည်နှင့် ပျက်စီးချို့ယွင်းလာခဲ့ရာ ခြုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းလျက်ပြိုကျပျက်သီးလုအခြေအနေသို့ ရောက်ခဲ့ရပါ သည်။

မသမာသူများနှင့် သိုက်ဆရာများကလည်း ဘုရားကြီး၏ ဌာပနာတိုက်ကို ရှာဖွေလျက် ဌာပနာပစ္စည်း များကို ဖောက်ထွင်းခိုးယူရန် ကြိုးစားခဲ့ပါသည်။

ခရစ်နှစ် ၁၉၉၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်ရောက်မှသာ သမိုင်းဝင်ရွှေဘုံသာမုနိဘုရားကြီးကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ခဲ့ကြသည်။ ကြည်ညိုဖွယ်ကောင်းအောင်၊ ခိုင်ခန့်အောင်၊ ခေတ်မီဆောက်လုပ်ရေးအင်ဂျင်နီယာအတတ်ပညာဖြင့် ပြန်လည်တည်ဆောက်ခဲ့ကြပါသည်။

ဘုရားကြီးပြန်လည်တည်ဆောက်မှုများတွင် (၇)ရက်သားသမီး ပြည်သူပြည်သားအားလုံးပါဝင်လျက် အတွင်းရေးမှူး(၁) ဗိုလ်ချု[redacted]ခင်ညွန့် ဦးဆောင်ခဲ့သည်။

အထူးသဖြင့် ထိုစဉ်ကရထားပို့ဆောင်ရေးဝန်ကြီးဖြစ်သော အဘဦးပန်းအောင်သည် တည်ဆောက်ရေးလုပ်ငန်းအစအဆုံးကို မနားမနေ၊ ဇွဲလုံ့လဝီရိယကြီးစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။ အင်ဂျင်နီယာ ဦးသန်းအေးသည်လည်း အဘဦးပန်းအောင်နှင့်အတူ ပါရမီဖြည့်နိုင်ခဲ့သူဖြစ်သဖြင့် ဤဥယျောဇဉ်တွင် ဂုဏ်ပြုမှတ်တမ်းတင်ရပါသည်။

ရွှေဘုံသာမုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ဌာပနာတိုက်နှင့်တည်နေရာကို သိရှိရန်အတွက် နိုင်ငံခြားမှ သတ္တုဗေဒပညာရှင်အကူအညီရယူ၍ ခေတ်မီစက်ကရိယာဖြင့် တိုင်းတာရှာဖွေစစ်ဆေးရာတွင် ရုပ်ပွားတော်၏ တည်နေရာနှင့် ပုံသဏ္ဌာန်ကို စက်ပေါ်တွင် ထင်ရှားစွာဖူးမျှော်နိုင်ခဲ့ပါသည်။

(ဂ)ရက်သားသမီး သဒ္ဓါကြည်လင်ပါရမီရှင်များနှင့် ဦးဆောင်သူတို့ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်မှုကြောင့် ရွှေဘုံသာမုနိဘုရားကြီးသည် နိုင်ငံတော်အဆင့် သာသနာ့သမိုင်းဝင်အဖြစ် ပြန်လည်ထင်ရှားလာခဲ့ ရခြင်းဖြစ်ပါသည်။

သမိုင်းဝင်ထင်ရှားဘုန်းတန်ခိုးကြီးမားသော ဘုရားကြီး၏သမိုင်းကို ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီးဦးမြဝင်းက မှတ်တမ်းတင်ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။

ယခု ဦးတင်လှိုင် (ရွှေအိုးပန်းတောင်း)က အထောက်အထားသစ်များ ရှာဖွေစုဆောင်း၍ ထပ်မံမွမ်းမံ ရေးသားပြုစုထားပါသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ သာသနာသမိုင်းဝင် ထင်ရှားသော ဘုရားစေတီတို့၏ သမိုင်းသည် တိကျခိုင်မာစွာရှိရမည် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ သာသနာတော်ကြီး၏ အခြေခံအုတ်မြစ်များအဖြစ် နိုင်ငံတည်သ၍ သက်သေအရာ၌ တည်ရှိနေရမည်ဖြစ်ပါသည်။

ရွှေဘုံသာမုနိစေတီတော်ကြီးနှင့် ရုပ်ရှင်တော်မြတ်ကြီးသည် ယခုအခါနိုင်ငံအနှံ့ထင်ရှား ကျော်ကြားလျက် သာသနိကအဆောက်အဦးများ အပြည့်အစုံဖြင့် ကြည်ညိုဖွယ်ရာ ခိုင်ခိုင်မာမာရပ်တည်လျက်ရှိပါသည်။

ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့ထွန်းကား ပြန့်ပွားရေးကို ရှေးရှုလျက် ခေတ်အဆက်ဆက် စေတီတော်ကြီးကို ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ကြသည်။ သာဓကများစွာရှိခဲ့သည်။ နောင်အနာဂတ်ကာလများတွင်လည်း ရွှေဘုံသာမုနိစေတီတော်ကြီးနှင့်အတူ ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည် နှစ်ငါးထောင်မက တည်တံ့ပြန့်ပွားအောင် အစွမ်းကုန်ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ကြစေရန် တိုက်တွန်းရေးသားလိုက်ရပါသည်။



# မြဝင်း (ဒဿန) ၏ အမှာစာ

၁။ ပန်းတောင်းမြို့နယ်၊ ပြည်တစ်ဘက်ကမ်း ရွှေဘုံသာရွာ၌ တည်ရှိသော ရွှေဘုံသာမုနိစေတီတော်မြတ် ကြီးကို ၁၉၉၇ခုနှစ်၊ ဧပြီလတွင် ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့ရာ ၁၉၉၉ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် မွမ်းမံ တည်ဆောက်မှုပြီးစီး၍ ထီးတော်တင်လှူနိုင်ခဲ့ပါသည်။ စေတီတော်မြတ်ကြီးစတင်မွမ်းမံတည်ဆောက်ချိန်မှ ထီးတော်တင်လှူပြီးစီးချိန်အထိ (၂)နှစ်မျှ ကြာခဲ့ပါသည်။

၂။ စေတီတော်မြတ်ကြီးအား စတင်မွမ်းမံတည်ဆောက်စဉ်က အနီးကပ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌမှာ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးပန်းအောင်ဖြစ်ပါသည်။ ကျွန်တော်သည် ထိုစဉ်အခါက ပြည်ဒီဂရီကောလိပ် (ယခုပြည်တက္ကသိုလ်)၌ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေလေရာ စေတီတော်မြတ်ကြီးပြန်လည် မွမ်းမံတည်ဆောက်ရေးတွင် ဝန်ကြီးလမ်းညွှန်သည့်အတိုင်း လုပ်ဆောင်ခဲ့ရပါသည်။

၃။ စေတီတော်မြတ်ကြီးမွမ်းမံတည်ဆောက်မှုပြီးစီးခါနီးသောအခါ ဝန်ကြီး ဦးပန်းအောင်က ကျွန်တော်အား စေတီတော်မြတ်ကြီးထီးတော်တင်လှူပွဲအမီ ရွှေဘုံသာမုနိစေတီတော်သမိုင်းရေးသား ပြုစုရန်တာဝန်ပေးပါသည်။ ထိုစဉ်က

ဝန်ကြီးဦးပန်းအောင်မှာ ပညာရေးဝန်ကြီးမဟုတ်တော့ဘဲ ရထားပို့ဆောင်ရေးဝန်ကြီးဖြစ်နေပါပြီ။

၄။ ကျွန်တော်သည် ဝန်ကြီးဦးပန်းအောင်၏ တာဝန်ပေးချက်အရ ရွှေဘုံသာမုနိစေတီတော်သမိုင်း ရေးသား ပြုစုရန် သမိုင်းအထောက်အထားများကို ရှာဖွေရပါတော့သည်။ သိမီသူများထံချဉ်းကပ်၍ စေတီတော်မြတ်ကြီးနှင့် စပ်လျဉ်းသောအချက်အလက်များကို မေးမြန်းရပါတော့သည်။ ထိုသို့မေးမြန်းခဲ့သဖြင့် စေတီတော်မြတ်ကြီး မပြိုပျက်ခင်က ရိုက်ကူးထားသော စေတီတော်မြတ်ကြီးဓာတ်ပုံတစ်ပုံကို ရရှိခဲ့ပါသည်။ ကျွန်တော်သည် ထိုဓာတ်ပုံကို ဝန်ကြီးဦးပန်းအောင်အားပြရာ ဝန်ကြီးဦးပန်းအောင်က "စေတီတော်မြတ်ကြီး မွမ်းမံတည်ဆောက်မှု မပြုခင်က ဒီဓာတ်ပုံရခဲ့ရင် သိပ်ကောင်းမှာပဲ" ဟုပြောပါသည်။ ကျွန်တော်သည် ထိုဓာတ်ပုံကို ကျွန်တော်ရေးသားပြုစုသော "ရွှေဘုံသာမုနိစေတီတော်သမိုင်း" စာအုပ်၌ ဖော်ပြထားပါသည်။

ကျွန်တော်သည် ရရှိသော အထောက်အထားအချက်အလက်များကို အခြေပြုလျှက် "ရွှေဘုံသာမုနိ စေတီတော်သမိုင်း" ကို ရေးသားပြုစုခဲ့ရာ ၂၀၀၁ခုနှစ်၊ နွန်လတွင် ပြီးစီးခဲ့ပါသည်။ ပြီးစီးသည်နှင့် စာမူကို ဝန်ကြီးအားပြရာဝန်ကြီးက ဖတ်မနေတော့ပါဘူးကွာ။ စေတီတော်မြတ်ကြီး မွမ်းမံတည်ဆောက်ရေးမှာ ကိုမြဝင်းကိုယ်တိုင် အစမှအဆုံးပါခဲ့တာပဲ။ စိတ်ချပါတယ်။ စာအုပ်ကိုသာ မြန်မြန်ထွက်အောင် လုပ်ပါဟုပြောပြီး စာမူကို ပြန်ပေးပါသည်။ ကျွန်တော်သည် စာမူကို ရန်ကုန်မြို့၊ မြသဇင်ပုံနှိပ်တိုက်သို့ပို့၍ အမြန်ရိုက်နှိပ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ မြသဇင်ပုံနှိပ်တိုက်ကလည်း သဒ္ဓါထက်သန်စွာရိုက်နှိပ်ခဲ့ရာ "ရွှေဘုံသာမုနိစေတီတော်သမိုင်း" သည် ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလတွင် ထွက်ပေါ်လာခဲ့ပါသည်။

၄။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း "ရွှေဘုံသာမုနိစေတီတော်သမိုင်း" သည် ၂၀၀၂ခုနှစ်တွင် ထွက်ပေါ်လာခဲ့သည်ဖြစ်ရာ ၁၅ နှစ်နီးပါးကြာခဲ့ပြီဖြစ်ပါသည်။ ဘုရားဖူးလာသူများက အမှတ်တရဝယ်ယူပူဇော်ကြသဖြင့် ယခုအခါ စာအုပ်များမှာ လက်ကျန်မရှိအောင် ပြတ်လပ်သွားပါသည်။ ဂေါပကအဖွဲ့ကလည်း စာအုပ်ကို ဒုတိယ

အကြိမ်ပြန်လည် ရိုက်နှိပ်ခြင်းမပြုခဲ့ပါ။ ရွှေဘုံသာမုနိစေတီတော်သမိုင်းမှာ ရှားပါး ပစ္စည်းဖြစ်နေပါတော့သည်။

တစ်ခါက ကျွန်တော်သည် ရွှေဘုံသာမုနိစေတီတော်သို့ရောက်သွားရာ ဂေါပကအဖွဲ့ဝင်များက ရွှေဘုံသာမုနိစေတီတော်သမိုင်းစာအုပ်ပြတ်လပ်နေပြီဖြစ်ကြောင်း ပြောပြကြပါသည်။ ထိုအခါ ကျွန်တော်က ကျွန်တော်သည် ရွှေဘုံသာမုနိစေတီတော် သမိုင်းကို အချိန်တိုအတွင်း ပြီးစီးအောင်ရေးခဲ့ရသဖြင့် ပြီးပြည့်စုံသော သမိုင်းဖြစ်သည် ဟုမဆိုနိုင်ကြောင်း စာအုပ်၏ သက်တမ်းမှာလည်း ၁၅နှစ် နီးပါးကြာခဲ့ပြီဖြစ်ကြောင်း ၁၅နှစ်တာ ကာလအတွင်း စေတီတော်ကြီးနှင့် စပ်လျဉ်း၍ အသစ်တွေ့ရှိချက်များ တွေ့ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ထို ၁၅နှစ် ကာလအတွင်း အသစ်ဖြစ်ပေါ်တိုးတက်မှု များလည်းရှိမည်ဖြစ်ကြောင်း၊ ကျွန်တော်ရေးသားခဲ့သော ရွှေဘုံသာမုနိ သမိုင်းကိုလည်း လိုအပ်သလို အသုံးပြုနိုင်ပါကြောင်း သမိုးသစ်ဖြစ်ပေါ်ရေးအတွက် လိုအပ်သည်တို့ကို ကူညီ မည်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

၅။ ထိုသို့ ပြောပြခဲ့သည့်အတိုင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးတင်လှိုင်သည် ရွှေဘုံသာမုနိသမိုင်းသစ်ကို ရေးခဲ့လေပြီ။ ရွှေဘုံသာမုနိသမိုင်းသစ်စာအုပ်၌ ဦးတင်လှိုင် သည် ပါသင့်ပါထိုက်သောအချက်များပါလေအောင် အားထုတ်ထားသည်တွေ့ရသည်။ ဓာတ်ပုံများကိုလည်း အတော်စုံအောင်ထည့်ထားသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ဦးတင်လှိုင်ရေးသားပြုစုသော "ရွှေဘုံသာမုနိစေတီတော် မြတ်ကြီးသမိုင်း" သည် ရွှေဘုံသာ စေတီတော်မြတ်ကြီးသမိုင်းကို မျှော်လင့်စောင့်စား နေကြသော ဘုရားဖူးပရိတ်သတ်၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

*မြဝင်း (ဒဿန)*

*၁၈-၉-၂၀၁၆*

# စာရေးသူ၏ အမှာစကား

စာရေးသူမှ ဦးစွာပထမဝန်ခံလိုပါသည်။ ဤရွှေဘုံသာမုနိစေတီတော်ကြီး၏ သမိုင်းအား သုတေသနပြု ထုတ်ဖော်ရေးသားနိုင်စွမ်းသော အတွေ့အကြုံ ပညာဉာဏ်စွမ်းအား စာရေးသူတွင်မရှိပါ။ သို့သော်လည်း ပန်းတောင်းမြို့သား တစ်ဦးလည်းဖြစ် စေတီတော်၏ ဂေါပကအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်နေပြီး ဘုရားဖူးလာပြည်သူ အများက ရွှေဘုံသာမုနိဘုရားသမိုင်းစာအုပ်လိုချင်ပါသည်ဟု မကြာခဏမေးလာကြသည်။ ထို့ကြောင့် ဂေါပက အဖွဲ့က သမိုင်းစာအုပ်တော့ရေးမှ ထုတ်ဝေမှဖြစ်တော့မည်ဟု အကြံပြုကြကာ စာရေးသူအား မှတ်တမ်း မှတ်ရာရှာပြီးရေးရန် တာဝန်ပေးခဲ့သဖြင့် ဘုရားကြီးသမိုင်းကို ရေးသားရခြင်းဖြစ်ပါသည်။စေတီတော်ကြီးသမိုင်း အား ရေးသားပူဇော်ခွင့်ရသဖြင့်လည်း အတိုင်းမသိဝမ်းသာကြည်နူးရပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် စေတီတော်သမိုင်းနှင့် ပတ်သက်သော ရှေးကဆရာ့ဆရာများ ရေးသားထုတ်ဝေခဲ့သော သမိုင်းမှတ်တမ်းစာအုပ်များ၊ ဘုရားကြီးသမိုင်းနှင့် ဆက်စပ်နေသော မန္တလေးမဟာမြတ်မုနိ ဘုရားကြီးသမိုင်း၊ ဇလွန်ပြည်တော်ပြန်မာရ်အောင်မြင် မြတ်စွာဘုရားကြီးသမိုင်းတို့ကို ရှာဖွေဖတ်ရှုမှတ်တမ်း ပြုရပါသည်။ ထို့ပြင် “မုနိမြတ်စွာတို့အား ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့မှ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့ထိ ပင့်ဆောင်ခဲ့မှုကို သမိုင်းမှတ်တမ်းတွင် ထည့်သွင်းဖော်ပြလိုသဖြင့် ပန်းတောင်း–တောင်ကုတ်လမ်းတွင် ခေတ္တရပ်နားခဲ့သော စခန်းများ၊ ပြောပြနိုင်သူလူပုဂ္ဂိုလ်များကိုပါ သွားရောက်မေးမြန်းစုံစမ်းမှတ်တမ်း ပြုရပါသည်။

အထူးအားဖြင့် ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာဘုရားကြီး ကျောင်းတိုက် ပဓာနနာယကဆရာ တော် ဘဒ္ဒန္တကုန္တဝံသ ရေးသားတော်မူသည့် “ရွှေဘုံသာမဟာမုနိရုပ်ရှင်တော်သမိုင်း”၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)၊

ဆရာကြီးဦးမြဝင်း (မြဝင်း–ဒဿန) ရေးသားသော ''ရွှေဘုံသာမုနိစေတီတော်သမိုင်း'' စာအုပ်များကို အထူးအားကိုးအားထားပြုမှီငြမ်းပြု၍ ရေးသားရခြင်းဖြစ်ကြောင်း ဝန်ခံလိုပါသည်။ အထက်ပါသမိုင်း စာအုပ်နှစ်အုပ်မှ အချို့သော အချက်အလက်များ၊ မှတ်တမ်းများ၊ စာသားများကို ထည့်သွင်းဖော်ပြခွင့်ပြုသည့်အတွက်လည်း အထူး ကျေးဇူးတင်ရှိပါကြောင်း ဂေါပကအဖွဲ့ကိုယ်စားမှတ်တမ်းတင်အပ်ပါသည်။ဆရာတော် ကြီးနှင့် ဆရာကြီးတို့၏ ဉာဏ်ပညာကိုလည်း အခါခါဦးတင်ရပါသည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသမိုင်းစာအုပ်ရေးသားနိုင်ရေးအတွက် ကူညီပေးကြပါသော ဆရာကြီး ဦးခင်စိန်(ဥသျှစ်ပင်မြို့)၊ ဦးဝင်းရှိန်၊ ဦးသံချောင်း (ဖောင်းကန်)၊ ကိုသန်းထိုက် (လမ်းအထူးအဖွဲ့(၈)ဆ. လ. က) ဦးကြည်မြင့် (ဂေါပကအဖွဲ့ဝင်–စွယ်တော်)ဦးသန်းတင် (ဂေါပကအဖွဲ့ဝင်–မင်းရပ်)၊ ရှားပါးဓာတ်ပုံများ ရှာဖွေကူးယူ ပေးသော ဦးဝင်းနိုင်(အုပ်ချုပ်ရေးမှူး) ရွှေဘုံသာရွာတို့အား အထူး ကျေးဇူးတင်ရှိပါသည်။

(ရွှေအိုး –ပန်းတောင်း)

# နိဒါန်း

ဤရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသမိုင်းကို ရှေးဦးစွာ ( ၁၃၅၃ )ခုနှစ်က ရွှေဘုံသာဘုရားကြီးကျောင်း ဆရာတော်ဘဒ္ဒန္တကုန္တဝံသက ရှေးခေတ်ရေးဟန် စာသံပေသံဖြင့် ရေးသားခဲ့ပါသည်။ မြဝင်း (ဒဿန)ကတော့ ခေတ်ကာလရေးဟန် သွက်လက်စွာဖြင့် စာဖတ်သူအား စွဲဆောင်တင်ပြသွားခဲ့သည်။ စေတီတော်ကြီး သမိုင်းအား အထောက်အထားကျမ်း အကိုးအကားဖြင့် ရေးသားတင်ပြကာ သုတ ရသကို ရစေသည်။ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကာလဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်မှုများကိုလည်း အသေးစိတ် ပြည့်ပြည့်စုံစုံ ထောင့်စေ့အောင် တင်ပြသွားခဲ့သည်။

ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးအား ကာလတိုတိုဖြင့် ပစ္စယံ အဆင့်မှ ရွှေထီးတော်အထွဋ်မှ တင်မင်္ဂလာအထိ ပြီးပြည့်စုံအောင် ကြည်ညိုသပ္ပါယ် တင့်တယ်စွာ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်သွားခဲ့ကြသော နိုင်ငံတော်အကြီး အကဲများ၊ နာယကကြီးများ၊ အနီးကပ်ကြီးကြပ်ရေးအဖွဲ့များ၊ ဘက်စုံတည်ဆောက်ရေး အဖွဲ့များနှင့် လုပ်ငန်းကော်မတီများ၏ အမျိုးဘာသာ၊ သာသနာအပေါ် ကြည်ညို သဒ္ဓါစိတ်အပြည့် ကြိုးပမ်းခဲ့ကြသည်များကို ကမ္ဘည်းမော်ကွန်းထိုး မှတ်တမ်း တင်အပ်ပါ သည်။ အထူးအားဖြင့် စေတီတော်ကြီး ဘက်စုံပြုပြင် တည်ဆောက်ရာတွင် နေ့မနား ညမအား စိတ်ရောကိုယ်ပါနှစ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သော အဘပန်း (ဦးပန်း အောင်–ပညာရေး/မီးရထားဝန်ကြီးဌာနဝန်ကြီး) ဦးသန်းဖေး–တာဝန်ခံ အင်ဂျင်နီယာ၊ ကစလ(၃)ဆင်တဲတို့အား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယနေ့ကာလ ရွှေဘုံသာမုနိစေတီတော်ကြီးအား ဖွေးဖွေးလက်လက်ရေ အလျင်ဖြင့် စီးဆင်းနေသော မြစ်မင်းဧရာဝတီ တောရိပ်တောင်ရိပ်ညို့ညို့မှိုင်းနေသော မဥ္ဇူတောင်တန်းတို့ဖြင့် လိုက်ဖက်ညီပဏာရစွာ သစ်လွင်တောက်ပဆိုင်ခံ့သော သာသနိကအဆောက်အဦးများ ဝန်းရံလျှက် ကြည်ညိုသဒ္ဓါပွား၊ ဖူးမျှော်ရခြင်းသည်

ပင်လျှင် ရှေးဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့၏ လုံ့လ၊ ဝီရိယ၊ သဒ္ဓါ၊ သမာဓိအားစိုက်ကြိုးပမ်းမှုတို့ကြောင့်ပင်ဖြစ်ပေသည်။ ရွှေဘုံသာမုနိစေတီတော်ကြီးတွင် သီတင်းသုံးလျှက်ရှိသော ရွှေဘုံသာမုနိ ရုပ်ရှင်တော်မြတ် တန်ခိုးတော်အနန္တကြောင့်ပင်ဖြစ်ပါသည်။

ရွှေဘုံသာဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ကုန္တဝံသ၊ ဆရာကြီးမြဝင်း (ဒဿန)တို့၏ သမိုင်းကို အခြေခံလျှက်နောက်ဆက်လက် မွမ်းမံပြင်ဆင် လှူဒါန်းမှုများကို ထပ်မံဖော်ပြမှတ်တမ်းပြုလို၍ ဂေါပကအဖွဲ့က စေတီတော်ကြီးသမိုင်းရေးသားရန် စီစဥ်ရခြင်းဖြစ်ပါသည်။ တိုတောင်းလှသော လူ့ဘောင်လူ့ဘဝ ကာလလေးတွင် ကြုံကြိုက်စွာဖြင့် စေတီတော်ကြီး ဗုဒ္ဓဝေယျာဝစ္စ၊ ဗုဒ္ဓသန္တက ပစ္စည်းများထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးခံရမှုအပေါ် ဂေါပကအဖွဲ့က ဝမ်းမြောက်ကျေနပ်စွာခံယူခဲ့ပါသည်။ ထို့ထက်ထူး၍ ဤရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသမိုင်းအား ဗုဒ္ဓဘာသာဝင်ပြည်သူအများအတွက် ထုတ်ဝေရန် စီစဥ်ပေးရသောကြောင့် ပိုမို၍ ပီတိဖြိမ့်ဖြိမ့်ဝမ်းတွင်းစိမ့်အောင် ဝမ်းသာကြည်နူးရပါကြောင်း ဖော်ပြအပ်ပါသည်။

## မုနိလေးဆူဖူးရခြင်း အကျိုးပြလင်္ကာ

စန္ဒာသူရိယ ထိမင်းလှအားငဲ့သနား၍ စီးပွားနောက်နောင်ဖြစ်လေအောင် လျှင်၊ လူ့ဘောင်တည်စေထားခဲ့ပေသည်၊ ခြောက်သွေ့ရောင်ပွား၊ လေးပါးမုနိ၊ ရွှန်းအိလျှံဆောင်၊ မာရ်စစ်အောင်ကို ထွန်းပြောင်စေတနာ၊ သဒ္ဓါအဟုန်ဖူးပါကုန်လော့။

သုံးလူ့သခင်ရှင်ပင်လေးဗျာ၊ ရွှေမျက်နှာလည်း သော်တာထွန်းပနေမ ကတည်း၊ တောက်ပအရောင် ထိန်ထိန်ပြောင်၍ မျက်မှောင်တော်ကြား၊ မေးဖျားနှာ အောက်၊ ပေါက်ပေါက်ကျစ၊ ယိုလုလုတည့်၊ ရှုကတင့်တည် သောက်ရှူးကြယ်သို့ အံ့ဖွယ်ပင်သာ ဖူးသောခါလည်း၊ မျက်နှာတော်ကို ရှုမျှော်တမ်းတ၊ ကြည့်စစ်ကြလော့၊ ကြွမည့်အလား သွားမည့်အသွင်၊ ပြုံးရွှင်ရယ်အောင်၊ မြတ်ဘုန်းခေါင်ဖူး၊ မျက်မှောင် ရွှင်ရွှင်၊ ကြည့်တိုင်းထင်၏။ ကြည်လင်သဒ္ဓါဖူးသောခါလည်း၊ စေတနာသုံးပါး မပြား ညီမျှ ဖူးကြုံကြက၊ သုခအောင်မြေ ရကြစေဟု၊ ရှာဖွေဆည်းသွယ်၊ ကျမ်းသွယ်သွယ် မှာ၊ မကျယ်မကျဉ်းစဉ်းစားလျဉ်း၍ လင်းပွင့်သံချို စီကုံးဆို၏။

ပုဂ္ဂိုလ်မြတ်များ လေးပါးကျေးဇူး၊ ချီးကျူးသိမ်းရုံး၊ စင်စစ်ကျုံးလည်း၊ အဆုံးလယ်မှာမရှိရာတည်း၊ လင်္ကာ ဖွဲ့ရေးများစွာသေး၏။ ဝေဝိစိန္တိယာဘယ်မှာနတ္ထိ စွမ်းမရှိ၍၊ ရုံးဘိရုံးကာ ညွှန်ပြပါသည်၊ ဇေယျာအောင်မြို့မြန်း စေသော်။

**မဟာမုနိပျို့**

" ပန်းတွင်မုလေး၊ အအေးတွင်သီတာ၊ ပညာရှိတွင် ကာလီဒါသ၊ အထွတ်ရသို့၊ ဗုဒ္ဓကိုယ်စား၊ ကိုယ်တော်ပွားတွင်၊ ဘုရားမုနိလေးဆူရှိ ၍၊ မုနိလေးပါး မြတ်ကြောင်းကို "

စိရံတိဋ္ဌတုသဒ္ဓမ္မော

သဒ္ဓမ္မော = သဒ္ဓမ္မသုံးဖြာသာသနာသည်
စိရံ = အနှစ်ငါးထောင်မကကြာမြင့်စွာကာလပတ်လုံး
တိဋ္ဌတု = တည်တော်မူပါစေသတည်း။

## ဓညဝတီရခိုင်ပြည်တွင် မုနိလေးဆူပွင့်ထွန်းပေါ်တော်မူခြင်း

ဘီစီ ၆ ရာစု၊ မဟာသက္ကရာဇ် (၁၂၃)ခုတွင် ဓညဝတီရခိုင်ပြည်၌ စန္ဒာသူရိယမင်း ထီးနန်းစိုးစံခဲ့သည်။ ထိုအချိန် မဇ္ဈိမဒေသ(အိန္ဒိယပြည်)၌ သဗ္ဗညုမြတ်စွာဘုရားပွင့်တော်မူကြောင်း သတင်းကြားသိရှိမှုဖြင့် ဘုရားရှင် အားဖူးမျှော်လိုစိတ်ဆန္ဒပြင်းပြခဲ့သည်။ စန္ဒသူရိယမင်း၏ ညီမတော် ဥဒုမ္ဗရဒေဝီမင်းသမီးက သူ့အကိုတော်၏ ဆန္ဒပြည့်ဝစေခြင်းငှာ ပညာရှိမှူးမတ်၊ ပုဏ္ဏားတော်များနှင့် တိုင်ပင်ပြီး မြတ်စွာဘုရားအား ရည်စူး၍ ဆွမ်း၊ ပန်း၊ ဆီမီး၊ နံ့သာ၊ ပေါက်ပေါက်တို့ဖြင့် ဆက်ကပ်ကာ ခုနစ်ရက်လုံးလုံး ပူဇော်အမှုကိုပြုတော်မူ၏။ မြတ်စွာဘုရား ရှင်သည် အတိတ်ဘဝသံသရာက ဘဝပေါင်းလေးဆယ်လုံးလုံး မိတ်ကောင်း၊ ဆွေကောင်းအဖြစ် အတူနေထိုင်ခဲ့ဘူးသူ စန္ဒာသူရိယမင်းထံ ကြွရောက်အပူဇော်ခံရန် ဆန္ဒရှိတော်မူခဲ့သည်။

ထို့ကြောင့် မဟာသက္ကရာဇ် ၁၂၃ခု ကဆုန်လတွင် ညီတော်အာနန္ဒာနှင့် ရဟန္တာငါးရာခြံရံလျှက် ဓညဝတီရခိုင်ပြည်သို့ ကြွချီတော်မူခဲ့သည်။ စန္ဒာသူရိယမင်းလည်း မြတ်စွာဘုရားနှင့် ရဟန္တာငါးရာတို့အား နေ့ညမပြတ် ပူဇော်မှုအထူးပြုတော်မူခဲ့သည်။ မြတ်စွာဘုရားသည် စန္ဒသူရိယမင်းနှင့်တကွ ပြည်သူအပေါင်းအား တရားဒေသနာတော်များ ဟောကြားပြသတော်မူသဖြင့် အားလုံးသရဏဂုံတည်သောသူတော်ကောင်းများ ဖြစ်သွားကြသည်။

မြတ်စွာဘုရားသည် ဓညဝတီရခိုင်ပြည် စန္ဒသူရိယမင်းထံတွင် တစ်ဝါတိတိ သီတင်းသုံးပြီး သာဝတ္ထိပြည်သို့ ပြန်ကြွရန် စီစဉ်လေသည်။ ထိုအခါ စန္ဒာသူရိယမင်းက အရှင်ဘုရားပြန်ကြွတော်မူလျှင် ကိုးကွယ်ရာမဲ့ ဖြစ်ပါတော့မည်။ ဘုရားတပည့်တော်နှင့် ပြည်သူအပေါင်းအား ငဲ့ညှာသနားသောအားဖြင့် ပူဇော်ဆည်းကပ် ကိုးကွယ်နိုင်မည့် နိမ္မိတရုပ်ပွားတော်တည်ထားသွန်းလုပ်ခွင့်ပြုပါရန် ပန်ကြားလျှောက်ထားခဲ့သည်။ ဘုရားရှင်က ခွင့်ပြုတော်မူသဖြင့် စန္ဒာသူရိယမင်းနှင့် ပြည်သူပြည်သားအပေါင်း

ရွှေငွေရတနာတို့ စုဆောင်းရာ (၆၅)တင်း ရရှိခဲ့သည်။ ရုပ်ထုတော်သွန်းလုပ်ရာ၌ ကျွမ်းကျင်သော ပညာရှင်များဖြင့် မြတ်စွာဘုရား၏ ကိုယ်စားရုပ်ပွားတော် ကို သွန်းလုပ်ခဲ့သည်။ မြတ်စွာဘုရားရှင်သည် ကိုယ်တော်တိုင်ကြွလာတော်မူပြီး ရင်ငွေ့တော်(ခုနှစ်လက်အုပ်) ခုနှစ်ကြိမ်တိုင်တိုင် ထည့်သွင်းတော်မူပါသည်။ ထို့ပြင် "ညီတော်မုနိ၊ ငါ၏ကိုယ်စား လူနတ်အများ၏ စီးပွား ချမ်းသာဆောင်ရစ်ပါလေ့" ဟု မိန့်တော်မူခဲ့သည်။ ပထမသွန်းလုပ်တော်မူသည်မှာ "မဟာမုနိ" ဖြစ်ပါသည်။ ဉာဏ်တော်မှာ ဓမ္မခဏ်အလွတ် (ခြောက်တောင်တစ်မိုက်) ရှိပြီး ဘူမိဖဿမုဒြာ ထိုင်တော်မူပုံ ဖြစ်ပါသည်။

မဟာမုနိရုပ်ရှင်တော်မြတ်သွန်းလုပ်ပြီးနောက် ရွှေငွေကြေးကျောက်သံ ပတ္တမြားတို့ ကျန်နေသည်ဖြစ်၍ ထပ်မံသွန်းလုပ်ခွင့်ပြုတော်မူပါရန် မြတ်စွာဘုရားထံ လျှောက်ထားခွင့်ပန်ပြီး မုနိသုံးဆူသွန်းလုပ်ခဲ့ပြန်ပါသည်။ ဉာဏ်တော်မတူအဆင့်ဆင့် သုံးဆူဖြစ်ပါသည်။ မုနိလေးဆူမှာ အစဉ်အလိုက် ဉာဏ်တော်ငယ်သွားပြီး ရတနာ ကြေးဆင်းတုတော်များဖြစ်ကြသည်။

ပထမသွန်းလုပ်ပူဇော်သည့်"မဟာမုနိ" ဉာဏ်တော် (ကိုးပေလေး လက်မခွဲ) စမ္မခဏ်အလွတ်ခြောက်တောင်တစ်မိုက် ဒုတိယသွန်းလုပ်ပူဇော်သည့် "ရှင်ကျော်မုနိ" ဉာဏ်တော်(ခြောက်ပေရှစ်လက်မ)စမ္မခဏ်အလွတ်လေးတောင်ရှစ်လက်မ တတိယ သွန်းလုပ်ပူဇော်သည့်"ရွှေဘုံသာမုနိ"ဉာဏ်တော် (ငါးပေလေးလက်မ) စမ္မခဏ် အလွတ်သုံးတောင်ဆယ်လက်မ စတုတ္ထသွန်းလုပ်ပူဇော်သည့်" မာရ်အောင်မြင် မုနိ" ဉာဏ်တော် (သုံးပေ ကိုးလက်မ)စမ္မခဏ်အလွတ်နှစ်တောင်ဆယ်လက်မ

အထက်ပါမုနိလေးဆူ၏ ဘွဲ့အမည်နာမများကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် အမည်တော်သမုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ မုနိလေးဆူ၏ ထူးခြားမှုများမှာ

(က) မြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်တွင် သွန်းလုပ်ခဲ့ခြင်း။

(ခ) အရွယ်တော်ကြီးသေးမတူသည်မှအပ မျက်နှာတော်ပုံသဏ္ဍာန်

တစ်ထပ်တည်းတူညီခြင်း။

(ဂ) မျက်နှာတော်အား သေချာစွာအာရုံပြုဖူးမျှော်ပါက သတ္တဝါများ အပေါ် သနားဂရုဏာပွားဟန် ပြုံးတော်မူပုံပေါ်နေခြင်းတို့ ဖြစ်ပါသည်။

ပြည်မြို့ မူလတက္ကသိုလ်ဆရာတော်ဘုရားကြီးက "ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမျှော်လိုပါက မဟာမြတ်မုနိဘုရားနှင့် ဇလွန်မာရ်အောင်မြင် ဘုရားတို့ကို သွားရောက်ဖူးပေရော့" ဟု မိန့်ကြားခဲ့မှုအား မှတ်သားရပါသည်။

စန္ဒာသူရိယမင်းသည် မြတ်စွာဘုရားရှင်ကိုယ်စား ကိုယ်ပွားမုနိလေးဆူတို့ကို ပူဇော်ရသဖြင့် များစွာကျေနပ်ဝမ်းမြောက်ခဲ့သည်။ ခမ်းနားကြီးကျယ်သော ဂန္ဓကုဋိ တိုက်တော်ကြီး ဆောက်လုပ်လှူဒါန်းပြီး အလယ်တွင် မဟာမုနိမြတ်စွာဘုရား၊ လက်ျာတော်ရံမာရ်အောင်မြင်မုနိ၊ လက်ဝဲတော်ရံရွှေဘုံသာမုနိနှင့် ရှင်ကျော်မုနိတို့အား ကိုးကွယ်တော်မူခဲ့သည်။ ဤသို့ဖြင့် ဓညဝတီရခိုင်ပြည်တွင် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ခွင့်ပြုသွန်းလုပ်ခဲ့သော "မုနိ" လေးဆူ ပွင့်ထွန်းပေါ်တော်မူခဲ့ပါသည်။

## မုနိသုံးဆူအား ဓညဝတီရခိုင်ပြည်မှ အမရပူရနေပြည်တော်သို့ပင့်ဆောင်ခြင်း

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၄ ခုနှစ်တွင် ကုန်းဘောင်မင်းဆက်ကို ထူထောင်ပြီး နန်းတက်ခဲ့သည်။ စတုတ္ထမြောက်သားတော် ကုန်းဘောင်မင်း (၆)ဆက်မြောက်၊ ဗဒုံမင်းခေါ် ဘိုးတော်ဘုရားလက်ထက်တွင် အင်းဝမှ အမရပူရသို့ နန်းတော်သစ်တည်ဆောက် ရွှေ့ပြောင်းနန်းစံခဲ့သည်။ ဓညဝတီရခိုင်ပြည်တွင် မငြိမ်မသက်ဖြစ်နေ၍ သားတော်အိမ်ရှေ့စံသီရိမဟာဓမ္မဘိဇယ ဘုန်းခံ သီဟသူရအား ရခိုင်ပြည်သို့ ချီတက်စေခဲ့သည်။ အိမ်ရှေ့စံ ဦးဆောင်သော တပ်မတော်ကြီးသည် သက္ကရာဇ် ၁၁၄၆ခု၊ တန်ဆောင်မုန်းလတွင် ရခိုင်သို့ချီတော်မူ ခဲ့ရာ တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် ပြည်မြို့သို့ရောက်သည်။ လှိုမြောင် ချောက်ကမ်းပါးများ မြင့်မားသော တောင်စဉ်တောင်ထပ်များထူထဲ ပိတ်မှောင်နေသော




"မဟာမြတ်မုနိ ပင့်ဆောင်ရာ ရခိုင်ရိုးမတောင်ပေါ်စခန်းများ"

သစ်တော ဝါးတောများကို ဖြတ်သန်းရန်များစွာ ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် တောင်စဉ်တောင်ဆက် ကျောလမ်းကို ရှာဖွေပြီး ချောက်များ၊ ချောင်းများ မရှိသောလမ်းကို ပြသနိုင်မည့်လမ်းပြရှာကြသည်။ ပဲခူးရိုးမအတွင်း တောလမ်း ခရီးကျွမ်းကျင်သော မုဆိုးကြီး ဦးဘိုးတောကို ရှာတွေ့ကြသည်။ ပြည်မြို့တစ်ဘက်ကမ်း ပန်းတောင်းမြို့မှတဆင့် ဥယျာဉ်ပုလမ်းဖြင့် ရခိုင်ရိုးမကိုဖြတ်ကျော်ခဲ့၍ ရခိုင်ပြည် တောင်ကုတ်မြို့သို့ နတ်တော်လပြည့်ကျော် ၂ ရက်နေ့ ရောက်ခဲ့သည်။ ဆက်လက်ချီ တက်ခဲ့ရာ မြောက်ဦးမြို့သို့ တပို့တွဲလဆန်း ၁ ရက်နေ့ ရောက်ပြီး ရခိုင်ပြည်အရေး အေးချမ်းအောင်စီမံဆောင်ရွက်ခဲ့သည်။

ထို့နောက် အိမ်ရှေ့ဥပရာဇာသည် မုနိလေးဆူတို့အား ပင့်ဆောင်ပူဇော်ရေး ကို စီမံဆောင်ရွက်သည်။ နေမျိုးကျော်ထင်ဇေယျသူ (အိမ်ရှေ့မင်း၏ အတွင်းဝန်) နှင့် သီရိဒေဝကျော်သူ (သစ်တောဝန်) တို့သည် လူအင် အား (၁၀၀၀၀) ကျော်ဖြင့် မဟာမုနိသယ်ဆောင်ရန် စီစဉ်ကြသည်။ ပင့်ဆောင်ပူဇော်ရေးအဖွဲ့များ မဟာ မြတ်မုနိအား ပင့်ချီကြရာ မမြောက်မကြွဘဲ မည်သို့မျှ ပင့်ဆောင်၍မရခဲ့ပေ။ ထို့ကြောင့် အိမ်ရှေ့ဥပရာဇာ ကိုယ်တိုင် စက်ခလုတ်မောင်း ကြိုးတို့ဖြင့် ဆွဲမြောက်ချီမှ ပင့်ဆောင်မှ ရလေသည်။ အိမ်ရှေ့ဥပရာဇာသီရိမဟာ ဓမ္မဘိဇယသီဟာသူရသည် စန္ဒသူရိယ မင်းဘဝမှ တကျော့ပြန်လာသူဖြစ်သဖြင့် သူဆုတောင်းခဲ့သည့် “ငါ၏ဆရာမုနိ ဘဂဝါကို မည်သို့သော မင်းအပေါင်းမှ ပင့်ချီ၍မရစေသတည်း၊ နောင်သောအခါ ဘုန်းကံကြီးမား ငါ့ကားဖြစ်ချေသော် ငါသာလျှင် ပင့်ဆောင်ကိုးကွယ်ခြင်းငှာ ရပါစေ သတည်း” ဆိုသည့်အတိုင်း ယခုဘဝ၌ အိမ်ရှေ့ဥပရာဇာ ဘဝပြန်ရောက်ခဲ့၍ မုနိမြတ်စွာကို ပင့်ဆောင်ချီမ၍ ရခြင်းဖြစ်ပါသည်။

အိမ်ရှေ့ဥပရာဇာသည် ၁၁၄၆ခု၊ တပို့တွဲလဆန်း ၁၄ ရက်တွင် မုနိမြတ်စွာတို့အားကုလားတန်မြစ်ဆိပ်သို့ သယ်ဆောင်၊ ထိုမှ ဖောင်တော်ဖြင့် ပင့်ဆောင်ရန်စီမံခဲ့သည်။ ထိုအခါ ဓညဝတီမှ ရဟန်းရှင်လူပြည်သူအပေါင်းက

ကိုးကွယ်ရာမဲ့ဖြစ်ပါတော့မည်။ မုနိတစ်ဆူထားရစ်ပါရန် တောင်းပန်ကြသည်။ ထို့ကြောင့် အိမ်ရှေ့ဥပရာဇာက "ရှင်ကျော် မုနိမြတ်စွာဘုရားအား ဓညဝတီတွင် ထားရစ်ခဲ့လေသည်။ ကျန်မုနိသုံးဆူအား ကုလားတန်မြစ်အတိုင်း ဖောင်တော် ဖြင့် သယ်ဆောင်လာရာ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့တွင် တောင်ကုတ်မြို့သို့ ရောက်ခဲ့သည်။ တောင်ကုတ် မြို့မှ ရခိုင်ရိုးမကို ဖြတ်ကျော်ပြီး ပန်းတောင်းမြို့အရောက် သယ်ဆောင်ရန်များစွာ အခက်အခဲတွေ့ရမည်ဟု သိကြသည်။ ထို့ကြောင့် မှဆိုးကြီးဦးဖိုးတော၏ လမ်းပြမှုနှင့် ရှေးပြေးတောရှင်းအဖွဲ့ ၅၀၀၀ မှ သွားနှင့်ကြကာ မုနိဘုရားပင့်ဆောင်ရေးအဖွဲ့များက နောက်မှလိုက်ကြရသည်။ တောင်တက်တောင် ဆင်း အနိမ့်အမြင့်ပင့်ဆောင် ရမည်ဖြစ်၍ စွပ်ဖားများပြုလုပ်ကာ ကျွဲများဖြင့်ရှေ့မှဆွဲ လူအင်အားဖြင့် နောက်မှ တွန်းကာ တစ်ဖြေးဖြေး၊ တရွေ့ရွေ့ ပင့်ဆောင်ကြရသည်။ ၁၁၄၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့ ရခိုင် ရိုးမကို စတင်ဖြတ်ကျော်ကြသည်။

တောင်ကုတ်မြို့မှ ပန်းတောင်းမြို့နယ်အဝင် ညောင်ခြေထောက်စခန်းအထိ ရခိုင်ရိုးမတောင်တန်းပေါ် တွင် ယာယီစခန်း၊ နားနေစခန်း၊ အဆင့်ဆင့်ချ၊ ရပ်နားပြီး ပင့်ဆောင်ခဲ့ကြသည်။ အိမ်ရှေ့ဥပရာဇာနှင့် လမ်းပြ မုဆိုးကြီးဦးဖိုးတောတို့က ခေတ္တယာယီစခန်းတိုင်း ထူးခြားဖြစ်စဉ်တွေအရ အမည်ကင်ပွန်းတပ်ပေးခဲ့ကြသည်။ တဲတန်းလျားကြီးများထိုး၍ ရပ်နားသော နေရာအား တန်းလျားကြီးစခန်း၊ မုနိသုံးဆူခေတ္တရပ်နား အပူဇော်ခံသည့် နေရာအား ရပ်တော်မူစခန်း၊ သစ်ပင်တောအုပ် မရှိ ကျောက်တောင်ကျောက်သားများသာရှိနေပြီး နေရောင်အပြည့်အဝရရှိသော နေရာအား နေပူတောင်စခန်း၊ ပိန္နဲပင်ပေါပြီးရေစမ်းရှိ၍ ပိန္နဲစမ်း၊ စလူရွက်ပင် ပေါသောနေရာအားစလူစခန်း၊ မြေယာပင်တောနေရာအား မြေယာစခန်း၊ သပြေပင် ပေါ၍ တောဖြစ်နေသော နေရာအား သပြေစခန်းစသည်ဖြင့် အမည်များပေးခဲ့သည်။ ထို့ပြင် မုနိမြတ်စွာဘုရားများ ပင့်ဆောင်လာသည့် စွပ်ဖားများပျက်၍ ပြန်ပြင်ရသော ကြောင့် စွပ်ပျက်စခန်း၊ တောင်တက်ကြီး၍ ကျွဲများပင်ပန်းကြီးတွင် ဆွဲရသည့် ကျွဲကြီး၊

ကျွဲလေးစခန်း၊ တောင်စဉ်တောင်တန်းထဲတွင် အမြင့်ဆုံးဖြစ်ပြီး မိုးတိမ်တိုက်များက တောင်ခါးပန်း၊ တောင်အောက်ရောက်နေသော တောင်ထွတ်ကြီးအား မိုးထိတောင် စခန်းဟု မှည့်ခေါ်ခဲ့သည်။ တောင်ကုတ်မြို့ မှ ပန်းတောင်းမြို့အထိ ရိုးမပေါ်တွင် စခန်းထောက်ပေါင်း(၂၀)ခု ရှိခဲ့သည်။ (ကျောက်တံခါး၊ ခွေးထောက်၊ တန်းလျားကြီး၊ ရုပ်တော်မူ၊ ပါတ်လည်၊ စလူ၊ နေပူတောင်၊ ပိန္နဲစမ်း၊ ရေပေါ်ကြီး၊ မြယာ၊ ရှောက်၊ တောင်ဘို့ကြီး၊ သပြေ၊ စွပ်ပျက်၊ မိုးထိ၊ ကျွဲလေး၊ ကျွဲကြီး၊ ပန်းကန်ကွဲ၊ ညောင်ကျိုး၊ စမ်းပက်လက်၊ ညောင်ခြေထောက်) စခန်းတို့ဖြစ်သည်။

ညောင်ခြေထောက်ရွာသည် ပန်းတောင်းမြို့မှ လာလျှင်ရခိုင်ရိုးမသို့ စတင်တက်ရာစခန်းဖြစ်သည်။ တောင်ကုတ်မြို့မှ ညောင်ခြေထောက်စခန်းထိ ၂လခန့် ရိုးမတောင်ကျောကို ဖြတ်သန်းခဲ့ရာ တန်ခူးလပြည့်ကျော် ၆ ရက်နေ့တွင် ချောင်းသုံးခွ စခန်းသို့ ရောက်သည်။ အောက်ပြည်အောက်ရွာရောက်ပြီ ဖြစ်သဖြင့် လမ်းပြ မုဆိုးကြီး ဦးဖိုးတောသည် အိမ်ရှေ့ဥပရာဇာနှင့်အဖွဲ့အား နှုတ်ဆက်ပြီး မိမိနေထိုင်ရာ ရခိုင်ရိုးမသို့ ပြန်ရန် စီစဉ်ခဲ့သည်။ အိမ်ရှေ့ဥပရာဇာက ဆုတော်လာဘ်တော်များပေးသနားခဲ့သည်။ မုဆိုးကြီးဦးဖိုးတောသည် ညောင်ခြေထောက်စခန်းအဝင် တောင်ကျောပေါ်ရှိ သီးခြားတည်ရှိသော ကျောက်တုံးကြီးတစ်လုံးပေါ်တွင် စေတီတည်ခဲ့ပြီး၊ မုဆိုးဘဝ ကိုလည်း စွန့်လွှတ်ကာ ရခိုင်ရိုးမအတွင်း ပြန်သွားခဲ့သည်။ ယခုထက်တိုင် ညောင် ခြေထောက်ကျေးရွာအဝင်တွင် မုဆိုးကြီး ဦးဖိုးတောကောင်းမှု ကျောက်တစ်လုံး ဘုရားကို ဖူးတွေ့နိုင်သည်။ နှောင်းလူတို့က မုဆိုးကြီးဦးဖိုးတောရုပ်ထုနှင့် ကမ္ပည်းမှတ်တမ်းစာကိုပါ ရေးထိုးမှတ်တမ်းပြုခဲ့ကြသည်။

## " လမ်းပြမုဆိုးကြီး"

မုဆိုးကြီးဦးဖိုးတောသည် မဟာမြတ်မုနိပင့်ဆောင်ရာ ဤရိုးမတောင်လမ်းကို အောင်မြင်စွာ ပြသနိုင်သည့်အတွက် ဤကျောက်တစ်လုံးစေတီတော် ကျောက်တုံး

ကျောက်ထုကြီးတွင် ဝါးကျီးတောင်ညောင်ရေအိုးပြုလုပ်၍ ရေမထည့်ပဲ ပန်းများစိုက်ထိုးကာ၊ ကျွန်ုပ်သည် ဤလမ်းကို အောင်မြင်စွာပြသနိုင်ပါက ပန်းများမညှိုးပါစေနှင့်ဟု အဓိဋ္ဌာန်ပြုဆုတောင်းခဲ့သည်။ (၇)ရက်အကြာတွင် ပန်းများ လန်းဆန်းနေသည်ကို တွေ့သောအခါ ဝမ်းမြောက် ဝမ်းသာဖြင့် ဤရိုးမတောင်လမ်းကို အောင်မြင်စွာ ပြသနိုင်ခဲ့သည်။ မုဆိုးကြီး ဝါးကျီးတောင်ညောင်ရေအိုး ပြုလုပ်၍ အဓိဋ္ဌာန်ပြုဆုတောင်း ----------------------------ဤနေရာကို ---------------
--------။ (မူရင်းစာသား အတိုင်းတင်ပြထားပါသည်)

ကျောက်တုံးပေါ်တွင် ရေးထိုးထားသဖြင့် အောက်ပိုင်းစာသားများ ပျက်ဆီးနေ၍ ဖတ်မရတော့ပါ။ ဥသျှစ်ပင်မြို့မှ ညောင်ခြေထောက်သွားရာလမ်း ပန်းတောင်း–တောင်ကုတ်ကားလမ်း ဘေးကပ်လျှက်တွင် ကျောက်တစ်လုံးဘုရား၊ မုဆိုးကြီး ဦးဖိုးတောနှင့် တောလိုက်ခွေးကြီးရုပ်ထု၊ ကျောက်တုံးပေါ်တွင် ထွင်းထားသော မှတ်တမ်းကမ္ပည်းစာများကို လေ့လာကြည့်ရှုနိုင်ပါသည်။ ထိုတောင်ကုန်းကိုလည်း ဖိုးတော်ကုန်းဟုခေါ်ကြသည်။

မုနိသုံးဆူပင့်ဆောင်ပူဇော်ရေးအဖွဲ့များသည် ချောင်းသုံးခွစခန်းမှ ကျောက်ဖူးရွာ၊ ခုံကြီးရွာများမှတဆင့် ရောဝတီမြစ်ကမ်းဘေးရှိ ပန်းတောင်းမြို့သို့ ရောက်ရှိခဲ့သည်။ ရောဝတီမြစ်ကမ်းဘေးတွင် ရပ်နားပြီး မြစ်အတွင်း ဖောင်ဖွဲ့ပြီး ပင့်ဆောင်ရန်စီစဉ်ကြသည်။ ပန်းတောင်းမြို့ပေါ်ရှိ ရပ်ကွက်၊ အမည်များမှာ မုနိသုံးဆူပင့်ဆောင် ရာမှ အထိမ်းအမှတ်၊ ထူးခြားမှုများအရ ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ ရွှေဖောင်တော်နှစ်ဆင်း စတင်ဖောင်ဖွဲ့ ဖောင်ခံ ပင့်ဆောင်ရာအရပ်ကို ဖောင်ခံအရပ် (ယခုဖောင်းကန်ရပ်ကွက်) မြစ်အတွင်း၌ နွေရာသီကာလဖြစ်သဖြင့် ရေနည်းကာသောင်များထွန်းစပြုနေပြီဖြစ်သည်။ သောင်ပေါ်ရန် ရေရိပ်ဖြစ်နေသော နေရာတွင် ရေအတိမ်နှင့် ရေအနက် ဆက်စပ်ပြီး ''ရေအရစ်ကြောင်း'' ပေါ်နေသည်ကို အရပ်ဓလေ့ ''စည်း'' ဟုခေါ်ကြသည်။ လှေများပင်သွားရလာရ ခက်ခဲသည်။



ဖိုးတော်ကုန်းတွင် လမ်းပြမုဆိုးကြီး ဦးဖိုးတော်၊
တောလိုက်ခွေးကြီး ရုပ်တုနှင့် ကမ္ပည်းစာအားတွေ့ရပုံ



လမ်းပြမုဆိုးကြီး ဦးဖိုးတော် တည်ထားခဲ့သော
"ကျောက်တစ်လုံးစေတီတော်"

ထို့ကြောင့် ရှေးစာဆိုများက ''စည်းသာတဲ့သောင်ခြေမှာ တောင်လေကို မိတ်ဆွေဖွဲ့ ပါလို့'' ဟု စပ်ဆိုကြသည်။ ဖောင်းခံရပ်လွန်သောအခါ ရေစည်းခံနေသော နေရာတွင်ဖောင်တော်များကို ဆွဲရ တင်ရခက်ခဲခဲ့သည်။ ရဲမက်တော်များ ရွာသူရွာသား များ ဖောင်ကြိုးကို ထူးတုတ်ချည်နှောင်ဆွဲကြရသည်။ ၎င်းအရပ်ကို '' စည်းသာရပ်'' ''ထူးတုတ်ချောင်းအရပ်'' (ယခုအခေါ် စည်သာအရပ်၊ ဒီးဒုတ်ချောင်းအရပ်) ဟု အမည်တွင်ခဲ့သည်။ထို့နောက် ''စည်း'' ကို ကျော်လွန်သောအခါ ရေစီးအလွန်သန် လေသည်။ ထိုအရပ်တွင် ရဲမက်စစ်သည်တော်များ၊ ဖောင်တော်ကို ကုန်းရုန်းဆွဲကြ ရသဖြင့် ''တပ်ကုန်းရပ်'' ဟု ခေါ်တွင်ပါသည်။

ထိုတပ်ကုန်းရပ်တွင် အိမ်ရှေ့ဥပရာဇာအတွက် ယာယီစံနန်းတော်ရှိရာ ခေတ္တရပ်နားကြသည်။ ထိုမှ တဖန် ဆက်လက်ထွက်ခွာလာရာ ဝန်ကြီးတစ်ပါးလိုနေ၍ ပြန်ခေါ်ရသောနေရာကို ''ဝန်လိုရပ်'' အိမ်ရှေ့မင်းက ဖောင်တော်ရပ်တန့်၍ ဝန်ကြီး အား စောင့်နေသော အရပ်ကို ''မင်းရပ်'' ဟု အမည်တွင်ခဲ့သည်။ မင်းရပ် ရပ်ကွက်ရှိ အောင်ကြာဇေယျမြသိန်းတန်ဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်းတွင် ဉာဏ်တော်ကြီးစဉ် ငယ်လိုက် ရုပ်ပွားတော် လေးဆူတည်ထားပြီး၊ ရောဝတီမြစ်ကမ်းဘက်သို့ မျက်နှာ တော်မူလျှက် ရပ်တော်မူဘုရား(၂)ဆူလည်း တည်ထား သည်ကိုတွေ့ရှိရပါသည်။ မင်းရပ်ဒေသတွင် ရပ်တန့်အပူဇော်ခံခဲ့သည့် မြတ်မုနိတို့၏ အထိမ်းအမှတ်အနေဖြင့် လည်းကောင်း၊ အိမ်ရှေ့ဥပရာဇာရပ်တန့်စောင့်ဆိုင်းနေတော်မူရာ အထိမ်းအမှတ် အဖြစ်လည်းကောင်း တည်ထားခဲ့ခြင်းဖြစ်နိုင်သည်ဟု အောင်ကြာဇေယျမြသိန်းတန် ဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးသန်းတင်မှ ရှင်းပြပါသည်။ ဆက်လက်၍ ကြခတ်ဝါးရုံ တောများပေါသောအရပ်ကို''ကြခတ်ရပ်'' ကျောက်စောင်ကျောက်တုံးများပေါပြီး ရေစီးသန်သောကြောင့် ဆင်များဖြင့် တဲပြီးဆွဲရသောဒေသကို ''ဆင်တဲရပ်''ဟု ခေါ်တွင်ခဲ့သည်။ ဤသို့ဖြင့် မုနိသုံးဆူပင့်ဆောင်ရာ ရောဝတီမြစ်ကြောတစ်လျှောက် တွင် အမှတ်အသား၊ အမည်သညာများပေးခဲ့သဖြင့် ပန်းတောင်းမြို့ပေါ်ရပ်ကွက်များ၊

ကျေးရွာအမည်များမှာ ယခုထက်တိုင် ကမ္ဘည်းမော်ကွန်းတင်လျက်ရှိပါသည်။ ဤသို့ဖြင့် ဆင်တဲအရပ်မှ အလွန်ရွှေဘုံသာရွာတွင် မုနိသုံးဆူရွှေဖောင်တော်များ ခေတ္တရပ်နားခဲ့သည်။ မုနိသုံးဆူ အား ဓညဝတီမှ ပန်းတောင်း–ရွှေဘုံသာအထိ လိုက်ပါပို့ဆောင်ခဲ့သော ရခိုင်လူမျိုးတို့က သူတို့ကိုးကွယ်ပူဇော် နိုင်ရန် မုနိတစ်ဆူထားရစ်ခဲ့ဖို့ လျှောက်ထားတောင်းပန်ကြသည်။ အိမ်ရှေ့ဥပရာဇာက ဒီအရပ်ကိုရောက်ပြီးမှ ဓညဝတီ ရခိုင်ပြည်သို့ ပြန်လည်ပင့်ဆောင်ရန် မသင့်တော်ပြီး ရခိုင်ပြည်ကလည်း လာရောက်ဖူးမျှော်နိုင်သည်။ ဤဒေသ ပါတ်ဝန်းကျင်က ရဟန်းရှင်လူအပေါင်းလည်း လာရောက်ဖူးမျှော်နိုင်မည်။ ဒါ့ကြောင့် စခန်းချရာကလည်း ရွှေဘုံသာအရပ်ဖြစ်၍ "ရွှေဘုံသာမုနိ"ကို ပူဇော်ရန်ထားရှိမည်ဟု မိန့်တော်မူပြီး မူလတည်ထားပြီး "မြတ်မုနိ" စေတီတော်တွင် ပူဇော်ထားရစ်ခဲ့သည်။ ထို့ကြောင့် "မြတ်မုနိ" စေတီတော်သည် "ရွှေဘုံသာမုနိ" ကြောင့် ရွှေဘုံသာမုနိစေတီတော်ဟု ထင်ရှားခဲ့ပါသည်။

အိမ်ရှေ့ဥပရာဇာဦးဆောင်သော တပ်တော်ကြီးသည် သက္ကရာဇ် ၁၁၄၆ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့တွင် ရွှေဘုံသာအရပ်မှ ဆက်လက်ပင့်ဆောင်ဆန်တက်ခဲ့ရာ ၁၁၄၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်နေ့တွင် အမရပူရ မင်းနေပြည်တော်သို့ ရောက်ရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

## ဘိုးတော်ပဒုံမင်းတရားကြီးနှင့် အိမ်ရှေ့ဥပရာဇာသီရိမဟာဓမ္မာဘိဇယဘွဲ့ခံ သားတော်သီဟသူရ နှင့် ပန်းတောင်းမြို့

မဟာမြတ်မုနိ(မန္တလေးမြို့) ရွှေဘုံသာမုနိ(ပန်းတောင်းမြို့)နှင့် မာရ်အောင်မြင်မုနိ(ဇလွန်မြို့)တို့အား ပင့်ဆောင်ခဲ့သော အိမ်ရှေ့ဥပရာဇာသီရိမဟာဓမ္မာဘိဇယဘွဲ့ခံ သားတော်သီဟသူရနှင့် ခမည်းတော်ပဒုံမင်း တရားကြီးတို့သည် ပန်းတောင်းမြို့၏ မြို့ရွာရပ်ကွက်၊ သာသနာသမိုင်းတို့နှင့် ဆက်စပ်နေသူများဖြစ်ကြသည်။ အိမ်ရှေ့ဥပရာဇာ ဓညဝတီရခိုင်ပြည်သို့ ဥယျာဉ်ပုလမ်း (ပန်းတောင်း–တောင်ကုတ်လမ်း)



မုနိသုံးဆူပင့်ဆောင်ပူဇော်ခဲ့သော အိမ်ရှေ့ဥပရာဇပုံတော်



ဩဝါဒပါတိမောက်ဓမ္မစေတီကျောက်စာတော်



ပန်းတောင်းမြို့ တပ်ကုန်းရပ် ဧရာဝတီမြစ်ကမ်းနဖူးရှိ
ရွှေဂူစေတီတော်

ဖြင့် ချီတော်မူသည်။ ပန်းတောင်းမြို့ဝန်သည် အိမ်ရှေ့ဉပရာဇာအား ပန်းတောင်းမြို့တွင် သံတောင်ရှစ်ဆယ်၊ ထီးတိုင်တစ်ရာရှိသော ယာယီစံနန်းတော်ဆောက်လုပ်ပြီး ခေတ္တ ကွန်းထောက်နားနေစေခဲ့သည်။ ယာယီစံနန်းတော်တွင် (၂၈)ရက်ကြာ နားနေသွားခဲ့ပြီး နန်းတော်ဦးတွင် ပူဇော်နိုင်ရန် ပေါ်တော်မူရှင်ဖြူဘုရားကို သူရဲဖီးအရပ်မှ ပင့်ဆောင် ပေးခဲ့သည်။ အိမ်ရှေ့ဉပရာဇာသည် မုနိမြတ်စွာဘုရားများအား ဓညဝတီရခိုင်ပြည်မှ ပင့်ဆောင်လာခဲ့သော ရခိုင်ရိုးမလမ်း တစ်လျှောက်တွင် စခန်းထောက် အမည်များ ခေါ်တွင်စေခဲ့ရာ ယခုတိုင်ကားရပ်နားရာစခန်းများ၊ ကျေးရွာများအဖြစ် တည်ရှိနေ ပေသည်။ ထို့ပြင် ဧရာဝတီမြစ်ရိုးမှ ရွှေဖောင်တော်နှစ်ဆင်းဖြင့် ပင့်ဆောင်ခဲ့ရာမှ ပန်းတောင်းမြို့ ပေါ်ရပ်ကွက်များအဖြစ် (ဖောင်းကန်၊ စည်သာ၊ ဝန်လို၊ မင်းရပ်၊ ကြခတ်) ဟူ၍ အမည်များယခုထက်တိုင် ကမ္ဘည်းတွင်စေခဲ့သည်။

ခမည်းတော်ဗဒုံမင်းကြီးက မြို့ရွာများအေးချမ်းသာယာချိန်၌ (ပန်းတောင်း၊ ကြံခင်း၊ သူရဲတန်း၊ ပြင်ကြီး၊ သူရဲဖီး၊ မြဝတီ၊ ကမ္မ၊ သရက်) စသော ထိုထိုဌာနဒေသ ၂၃ဝ တွင် ရွှေဂူစေတီ ၂၃ဝကို တစ်ချိန်တည်း၊ တစ်ခါတည်း အပြီးတည်စေခဲ့သည်။ နောင်သောအခါ ထိုရွှေဂူစေတီတွင် သားတော်အိမ်ရှေ့ဉပရာဇာ၏ ယာယီ စံနန်းတော်မှ ပေါ်တော်မူရှင်ဖြူဘုရား ရွှေပြောင်းသီတင်းသုံးပူဇော်စေခဲ့သည်။ အိမ်ရှေ့ဉပရာဇာက လည်း ပန်းတောင်းမြို့ ရွှေဘုံသာအရပ်တွင် ''ရွှေဘုံသာမုနိ'' အား အများပြည်သူ ပူဇော်ရန် ထားရစ်ခဲ့သဖြင့် ယခုအခါ ရွှေဘုံသာမုနိစေတီတော်အဖြစ် တစ်ပြည်လုံး ဖူးမျှော်ကြည်ညိုနိုင်ကြလေသည်။ ပန်းတောင်းမြို့ ပေါ်တော်မူ (နေရာဦး)ဘုရား ဂေါပကအဖွဲ့က ဘိုးတော်ဗဒုံမင်းတရားကြီးကောင်းမှု ပြိုကျပျက်ဆီးနေသော ရွှေဂူစေတီအား ပြန်လည်တည်ထား ကိုးကွယ်ခဲ့သဖြင့် အများပြည်သူ ဖူးမျှော် ပူဇော်နိုင်ကြပြီဖြစ်သည်။ ပန်းတောင်းမြို့ တပ်ကုန်းရပ်မှ အလှူရှင် မောင်ပိုစော+မရွှေမှုံ သား မောင်ဖိုးသက်၊ မောင်ထွန်းလှိုင်တို့က ပေါ်တော်မူဘုရားကြီးတွင် ခေါင်းလောင်း ကြီးတစ်လုံး လှူဒါန်းခဲ့ပြီး၊ လှူဒါန်းမှုအတွက် ကမ္ဘည်းမှတ်တမ်းကို ခေါင်းလောင်း ကိုယ်ထည်တွင် ရေးထိုးခဲ့သည်။ ခေါင်းလောင်းစာအရ ဓညဝတီပြည်မှ ပင့်ဆောင်

လာသော မဟာမြတ်မုနိဘုရားအား တပ်ကုန်းရပ် မြစ်ဆိပ်ကမ်းတွင် ရပ်နားစဉ် ဖူးမျှော်ရကြောင်း မှတ်တမ်းတင်ခဲ့သည်။ထိုမှတ်တမ်းသည် ပန်းတောင်းမြို့အတွက် အဖိုးမဖြတ်နိုင်သော သမိုင်းမှတ်တမ်းတစ်ခုရရှိခဲ့သည်။

**"ပေါ်တော်မူ (နေရာဦး) မြတ်စွာဘုရားကြီးရှိ ခေါင်းလောင်းစာ"**

( -----------------------------------ဤ

ပဥ္စမပါလိပုတ်သမုဒ်–ဒုတိယဗာရာနသီ၊ တတိယဌာနေ ရွှေတောင်ကျိုမြို့ဟု သမုတ်မော်ကွန်းတသ တွန်စံတော်မူရာဇဝင်အဆက်ဆက်မပြတ်သီဟာသူ မင်း လက်ထက်သို့ ရောက်မှသကသာရာ သညာ်အကြောင်း မြို့ပန်းတောင်း ၄င်းမင်းကွက်နေ၊ မသွေထူသည် စေတနာသဒ္ဓါ ညွတ်ဖောမောင်ပိုဖောနှင့် ဖြစ်သော ဘဝသံသရာက "တူကွဆုပ်" ရွေးကံထောက်မ ဒါနတူစုံ မရွေ့မှုံတို့ တူစုံ မိဘ ဘဝမကွာ ပုတ္တာဘခက် မောင်ဘိုးသက်နှင့် မပြက်ကျဲခိုင် မောင်ထွန်းလှိုင် "တုပြိုင်တုစု" မုနိမာရဇိန်လျှင် ရှိန်ဆယ်တမီ ပြောင်းရွှေပြီ ဤပြည်ကျိုနိဗ္ဗာန်ဘမတံသို့ စတုတဘွန်နော ကံလွန်ကောဇာ ထောင်တရာနှင့် စွန်းလာလေးဆယ်ချော တပို့တွဲလပြည်ကျော် ၇ နေ့ မဟာမြတင် မုနိရုပ်ပွားတော်စစ်-----------

---------------------------------------------

ဆောင်တော်မုခွဲ၍ ------------------------------------

------------- ပန်းတောင်းမြို့မ ဘူကုံဆိပ်ဝသံဌာန ဂနစရိယဂခပ်ထွေ ဆြာတော်မြတ်တို့ စံပျော်ရာ---------------------) (မူရင်းစာသားအတိုင်း တင်ပြထားပါသည်)

ထို့ကြောင့် ဘိုးတော်ဗဒုံမင်းတရားကြီးနှင့်အိမ်ရှေ့ဥပရာဇာသီရိ မဟာ ဓမ္မာဘိဇယဘွဲ့ခံ သားတော် သီဟာသူရတို့သည် ပန်းတောင်းမြို့နှင့် ဆက်စပ်နေသူများ အဖြစ် မှတ်တမ်းပြုရပါသည်။




ပေါ်တော်မူ (ရှင်ဖြူ) မြတ်စွာဘုရားကြီးအား လှူဒါန်းခဲ့သော ရှေးဟောင်းသမိုင်းဝင်ခေါင်းလောင်းကြီး

## ရွှေဘုံသာသမိုင်းအစ

# ''တန်ခိုးဝေဖြာရွှေဘုံသာ''

– ရောဝတီ၊ ရေကြည်ခွေဝန်း
သောင်ထိပ်စွန်းဝယ်၊ တင့်ရှန်းလှစွာ
ရွှေဘုံသာတည့်၊ နောက်မှာ မဋ္ဌူ
ခိုးမြူယှက်သန်း၊ တောင်ပြာတန်းလည်း
လွမ်းမောစရာ မှိုင်းပြာပြာ -----------။
– မြူခြေစိုစို၊ တိမ်ညို့ညို့နှင့်
မိုးသို့အလှ၊ လွမ်းရတုတွင်
မုနိလေးဆူ၊ ကြွတော်မူ၍
ရှင်လူအပေါင်း၊ နှစ်ထောင်းအားရ
ပူဇော်ကြပြီ၊ အမျှ အမျှ ရစေသော်------။
– တစ်ခါရောက်လည်း
တစ်ခေါက်တစ်ဖန်၊ ရောက်ချင်ပြန်တည့်
ရည်သန်လေဘိ၊ တောင်းတိုင်းပြည့်သည်
မုနိမြတ်စွာတန်ခိုးတည်း။

မြဝင်း (ဒဿန)

ရွှေဘုံသာမုနိစေတီတော်သည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာတွင် တည်ရှိပါသည်။ ရောဝတီမြစ် အနောက်ဘက်ကမ်းရှိ ဖိုးဦး၊ ဖိုးဖြူ၊ မဋ္ဌူ၊ တန့်ကြည့်တောင်ကြောများအနက်

မဥ္ဇူတောင်စွယ်ပေါ်တွင် တည်ထားပါသည်။ ပြည်မြို့မှလာလျှင် နဝဒေးမြစ်ကူး တံတားကြီးအား ဖြတ်သန်းပြီး မြောက်ဘက်သို့ ကတ္တရာလမ်းဖြင့် ၁ မိုင် ၇ ဖာလုံအကွာတွင် တည်ရှိသည်။ တောင်ကြော များပေါ်တွင် သာသနာတော်ပွင့်လင်း ထွန်းပစွာဖြင့် သမိုင်းဝင် ဖိုးဦးတောင်ဘုရား၊ တန့်ကြည့်တောင်ဘုရား၊ ငွေဘုံသာဘုရား၊ ငွေပုံပေးဘုရားနှင့် မြေစူတောင်ညီနောင်ဘုရား၊ ဖိုးဖြူတောင်စေတီ၊ မဟာမဏိတ ပရဟိတ အောင်တော်မူဘုရားတို့အား တဆက်တည်းဖူးမျှော်နိုင်ပါသည်။

ရွှေဘုံသာစေတီ၏ မူလဘွဲ့အမည်တော်မှာ "စည်းခုံမြတ်စွာ" "မြတ်မုနိ" ဟုတွင်ခဲ့ကြောင်းသိရသည်။ စာဆိုတော် ပြည်နဝဒေးကြီး၏ "ပြည်မုနိ" ဘုရားတိုင် ရတုတွင် ရွှေဘုံသာမုနိစေတီတော်နှင့်ပတ်သက်သောစကား လုံးများ ပါရှိနေသည်။ "ရွှေဘုံသာတွင်" "သောင်ထိပ်စွန်းဝယ်" "စည်းခုံမြတ်စွာ" မြတ်မုနိ" ဟူသော စကားလုံးများက အမည်နာမကို ဖော်ညွှန်းနေပါသည်။ ရွှေဘုံသာစေတီတော်ကို ပြည်ဘုရင်သတိုးဓမ္မရာဇာသည်သက္ကရာဇ် ၉၂၀ခုနှစ်ခန့်တွင် တည်ထားခဲ့ကြောင်း သိရသည်။ သမိုင်းအထောက်အထားများအရလည်းကောင်း၊ "ပြည်မုနိ" ဘုရားတိုင်ရတုပါစကားလုံးများအရလည်းကောင်း"ရွှေဘုံသာမုနိ" ဓညဝတီ ရခိုင်ပြည်က မရောက်မီကပင် ရွှေဘုံသာအရပ်ဟု ရှိနေပေသည်။ လက်ဝဲနော်ရထာ စီရင်အပ်သော အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းတွင် လည်း ရွှေဘုံသာရေလက်ကြားခေါ်ဝေါ် မှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။ ထိုမှတ်တမ်း အထောက်အထားများအရ ရွှေဘုံသာအရပ်သည် မူလကပင်ရှိပြီးဟု ယူဆရပါသည်။

မုနိသုံးဆူအနက် ရွှေဘုံသာမုနိမြတ်စွာဘုရားအား ရွှေး၍ ချန်ထားခဲ့ခြင်းမှာ စခန်းချရပ်နားရာ အရပ်သည် ရွှေဘုံသာအရပ်ဖြစ်နေသောကြောင့်ဟု ဆိုရပါမည်။ ထို့ကြောင့် အိမ်ရှေ့ဥပရာဇာသည် ရွှေဘုံသာမုနိ ရုပ်ပွားတော်ကို ရွှေဘုံသာအရပ်တွင် ချန်ထားပြီး "မြတ်မုနိ" စေတီတော်တွင် ဌာပနာ၍ ယခုမြင်တွေ့ဖူးတွေ့ နေရသော ရွှေဘုံသာစေတီတော်ကို တည်ခဲ့သည်။ (၁၁၄၆)ခုနှစ်တွင် စတင်တည်ထားရာ

(၁၇၅၉)ခုနှစ်ပြီးစီးသည်ဟု မှတ်တမ်းများအရသိရသည်။ ရွှေဘုံသာမုနိစေတီတော်သည် မဏ္ဍူတောင်ကြော၏ ကုန်းမြင့်ပေါ်တွင် တည်ထားခြင်းဖြစ်ပြီး ဇေယျာဝတီမြစ်ဘေးတွင် ကပ်လျက်ရှိသည်။ ဉာဏ်တော် ၁၅၆ ပေမြင့်ကာ မူလက စေတီတွင် အရံစေတီ (၁၂)ဆူရှိခဲ့သည်။ အောက်ပစ္စယံ မဟာရံတံတိုင်းသည် အလျား (၈၀၀)ပေ၊ အနံ (၈၀၀)ပေ၊ ထု (၁၀) ပေ၊ အမြင့် (၁၅)ပေ ရှိသည်။ အထက်ပစ္စယံမဟာရံတံတိုင်းသည် အလျား(၄၀၀)ပေ၊အနံ(၄၀၀)ပေ၊ ထု(၁၀)ပေ၊ အမြင့် (၁၀)ပေ ရှိသည်။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဌာပနာတိုက်သည် မြေပြင်မှ ၆၀ပေ ၆လက်မတွင် ရှိပါ သည်။ ဌာပနာတိုက်အား အလျား ၇ပေ ၇လက်မ၊ အနံ ၄ပေ ၄လက်မ၊ ထု ၁ပေ ၈လက်မရှိသော စကျင်ကျောက် ပြားကြီးများဖြင့် ကာရံတည်ဆောက်ထား ပါသည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးတွင် တင်လှူသည့်ထီးတော်မှာ မွန်မြန်မာ ထီးတော်ဖြစ်သည်။ မြန်မာ ထီးမှာ ဘုံကိုးဆင့်ရှိ၍ရ ပေမြင့်ပါသည်။ ထီးတော်တွင် နှစ်ကျပ်ရှစ်ဆူဘုရားများပါရှိပါသည်။ ဆပ်သွားဖူးမှာ ၈ပေ မြင့်ပါသည်။ ဟင်္သာရုပ်ကို အလယ်မှဖောက်ထားခြင်းမပြုဘဲ ဟင်္သာနှစ်ကောင်ယှဉ်တွဲထားပါသည်။ ငှက် မြတ်နားတော်သည် ၃၀လက်မရှည်သည်။ ဟင်း၊ လင်း၊ ကျေး၊ ကြက်ရုပ်များပါရှိပါ သည်။ စိန်ဖူးမှာ နှစ်ထပ် စိန်ဖူးဖြစ်၍ အချင်း ၅လက်မရှိပါသည်။ အရံစေတီများ၏ ထီးတော်များမှာ မွန်ထီးများဖြစ်ကြသည်။ ရွှေဘုံသာ မုနိစေတီတော်မြတ်ကြီး၏ ထီးတော်အလှူရှင်မှာ ဇေကမ္ဘာဦးခင်ရွှေ မိသားစုဖြစ်သည်။ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ပန်းတည်းတန်းလမ်း၊ အမှတ်(၆၅၃)နေ ဦးဌေးအောင် (သိဂ္ဂုံ)နိဗ္ဗာန်ကုန်လုပ်ငန်းက ပြုလုပ်ပေးခြင်းဖြစ်ပါသည်။


ထို့ပြင် စေတီတော်ကြီးအင်္ဂါထောင့်ရှိ အဓိကရမကျီးပင်ကြီးနှင့် စေတီတော် ကြီးအကြားတွင် ရှေးဆရာ တော်ကြီးများ သမုတ်ခဲ့သော သိမ်ရှိခဲ့သည်။ ရင်ပြင်တော် ပတ်လမ်းနှင့် မလွတ်ကင်းသည့်အပြင် ဘုရားဖူးလာသူများ၊ အမျိုးသမီးများ ဖြတ်သန်း


သွားလာရန် မသင့်တော်ပါသဖြင့် သိမ်အားရွှေ့ပြောင်းခဲ့ရသည်။ စေတီတော်ကြီး၏ ဒုတိယပစ္စယံ တနင်္ဂနွေထောင့်တွင် ပြောင်းရွှေ့သိမ်သမုတ်ခဲ့ပါသည်။ ၁၃၆၀ ပြည့်နှစ် တပို့တွဲလဆန်း (၃၊ ၄၊ ၅) ရက်၊ ၁၉၉၉ခုနှစ်၊ ဇန်နဝါရီလ (၁၉၊ ၂၀၊ ၂၁) ရက်တို့တွင် သံဃာတော်အရှင်မြတ်တို့က သိမ်နုတ် ကမ္မဝါစာများ ရွတ်ဖတ်၍ သိမ်နုတ်ပေးခဲ့ကြသည်။ ၁၃၆၀ခု၊ တပို့တွဲလဆန်း ၆ ရက် ၁၉၉၉ခု ဇန်နဝါရီလ ၂၁ ရက်နေ့တွင် သိမ်သမုတ်ခဲ့ခြင်းဖြစ်ပါသည်။

**ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံမှုများ**

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ဘိုးတော် ဗဒုံမင်းတရားကြီး၏ အိမ်ရှေ့ဥပရာဇာ သီရိမဟာ ဓမ္မာဇေယ သားတော် သီဟသူရက မူလမြတ်မုနိစေတီတွင် ရွှေဘုံသာမုနိရုပ်ပွားတော်အား ဌာပနာ ပြီး အပေါ်မှ ထပ်မံ၍ ငုံကာ သက္ကရာဇ် ၁၁၄၆ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် စေတီတော်ကြီးမှာ သက်တမ်း နှစ်ပေါင်း ၂၃၀ ကျော်ပြီဖြစ်သည်။ ပြိုကျပျက်ဆီးခဲ့သော စေတီရံတစ်ဆူ၏ ငှက်ပျောဖူးတော်အား လေ့လာကြည့်ရာ အင်္ဂတေငါးထပ်တွေ့ရှိသဖြင့် အရံစေတီကိုပင် ငါးကြိမ်ပြုပြင်မွမ်းမံခဲ့ကြောင်း သုံးသပ်နိုင်ပါသည်။ မဟာမုနိတံတိုင်းအတွင်းရှိ သက္ကရာဇ် ၁၁၂၆ ခုနှစ် ရေးထိုးထားသည့် နိဗ္ဗာန်ဆိပ်ဦး ကျောက်စာ၌ ဆင်ဖြူရှင် မင်းကြီးသည် ပြည်ရွှေဘုံသာစေတီအား ပြုပြင်ခဲ့ကြောင်းသိရသည်။ လက်ရှိ စေတီတော် ဂေါပက အဖွဲ့မှ ထိန်းသိမ်းထားသော သံပိန္နဲတိုင်ကမ္ပည်းစာအရ သက္ကရာဇ် ၁၂၅၆ ခုနှစ်တွင် ပြည်မြို့ကျောင်းကြီးရပ်ရှိ ဆရာတော် ဦးလာဘ၊ ဦးသံဝရနှင့် အလှူ့ရှင် အလှူ့အမ အပေါင်းက စေတီတော်ကြီးအား ပြုပြင်၍ ထီးတော်အသစ်တင်ခဲ့ကြောင်းလည်း မှတ်တမ်းတင်ရပါသည်။

သက္ကရာဇ် ၁၂၅၆ခုနှစ်တွင် ထီးတော်အသစ် တင်လှူခဲ့သည့်မှတ်တမ်းအရ စေတီတော်ကြီး၏ နှစ်တစ်ရာပြည့်တွင် ထီးတော်အသစ်တင်လှူခဲ့သည်ဟု မှတ်ယူရ





ရွှေဘုံသာမုနိစေတီတော်(၁၉၇၄ ခုနှစ်) ထီးတော်မြေခပြီးချိန် ဖူးမြော်ရပုံ





မသမာသူတို့၏ ဌာပနာတိုက်ဖောက်ထွင်းထားစဉ် ဖူးတွေ့ရသော ဆင်းတုတော်များ

ပါမည်။ ထိုထီးတော်ကြီးသည် သက္ကရာဇ် ၁၃၃၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၁၉၇၄ခု၊ ဩဂုတ်လ ၁၆ ရက်) နေ့တွင် လေပြင်းမတိုက်၊ ငလျင်လှုပ်ခြင်း မရှိဘဲ အလိုအလျောက် မြေခချပါသည်။ ရွှေဘုံသာမုနိဘုရားကြီး ကျောင်းတိုက် ဆရာတော် ဦးကုန္တဝံသနှင့် ဂေါပကအဖွဲ့ဝင်များ၊ ရွာသူရွာသားများက ထပ်မံပြိုကျ ပျက်ဆီးခြင်းမဖြစ်အောင် ထိန်းသိမ်းခဲ့ကြသည်။ စေတီတော်ကြီးပေါ် တွယ်ကပ်ပေါက် ရောက်နေသော သစ်ပင်သစ်မြစ်တို့၏ဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့ကြောင့် တစ်ဖြေးဖြေး ယိုယွင်းလာခဲ့သည်။ ထို့ပြင် လောဘသား သိုက်သမားတို့၏ ဌာပနာတိုက်အား ဖောက်ထွင်းမှု တို့ကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပျက်ဆီး ယိုယွင်းလာခဲ့သည်။

၁၉၈၄–၈၅ ခုနှစ်က ထပ်မံ၍ ရွှေဘုံသာဘုရားကြီးကျောင်း ဆရာတော် ဦးဆောင်ပြီး အနီးပါတ်ဝန်းကျင်ရှိ ရွာသူရွာသားများဖြင့် တောဝင်စပြုနေသော ခြုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ စေတီတော်ကြီးအပေါ်ရှိ သစ်ပင်များ၊ ခြုံနွယ် များကို ရှင်းလင်းခြင်းများလုပ်ကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ရွှေဘုံသာဘုရား ကြီးကျောင်း တိုက်ဆရာတော်ဦးကုန္တဝံသက ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်သောခုနှစ်ကို ''အောင်စေ လမင်း'' မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ်ဟု မှတ်သားလွယ်ရန် စာချိုးခဲ့သည်။ ထိုစဉ်ကတွေ့ရှိခဲ့သော ရှေးဟောင်း ခေါင်းလောင်း (၁၈၄)လုံးတွင် သက္ကရာဇ် ၅၅၅/၅၆ ဟု ကမ္ပည်းထိုးလျက် တွေ့ရှိခဲ့သည်။ ရှေးခေတ် ခေါင်းလောင်းများဖြစ်၍ အလေးချိန်များပြီး ထီးတော်ကြီး၏ ခံနိုင်ဝန်အားကြောင့်၊ ထပ်မံတင်လှူခြင်းမပြုတော့ဘဲ၊ ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ သက္ကရာဇ် ၁၃၄၇ခုနှစ်တွင် သံလျင်မြို့မှ သာသနာပြု ပုဂ္ဂိုလ်ဦးအောင်ဖြူကလည်း စေတီတော်ကြီးအားမွမ်းမံပြင်ဆင်မှုပြုခဲ့သည်။ ၁၉၉၁ခုနှစ်သို့ရောက်သောအခါ စေတီတော်ကြီး၏ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရန် ကော်မတီများဖွဲ့၍ ဆောင်ရွက်ခဲ့ ပါသည်။ ထိုစဉ်က ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးသောင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။

## စေတီတော်ပြုပြင်တည်ဆောက်ရေးဩဝါဒစရိယဆရာတော်ကြီးများ

| | | | |
|---|---|---|---|
| (က) | ဦးဇာဂရာဘိဝံသ | အဂ္ဂမဟာပဏ္ဍိတ | ကန်ဦးကျောင်းတိုက်၊ ပြည်မြို့ |
| (ခ) | ဦးဝိလာသာစာရ | စကားတောင်ကျောင်း | ပြည်မြို့ |
| (ဂ) | ဦးပညိန္ဒာဘိဝံသ | ပွင့်လှသိမ်ကုန်းကျောင်း | ပြည်မြို့ |
| (ဃ) | ဦးဝိသုဒ္ဓ | ဖိုးဦးတောင်ကျောင်း | ပြည်မြို့ |
| (င) | ဦးဝိသုဒ္ဓ | အေးစေတီကျောင်း | ပန်းတောင်းမြို့ |
| (စ) | ဦးသောဝိဒ | မိုလ်ရုံကျောင်း | ဆင်တဲ၊ ပန်းတောင်းမြို့ |
| (ဆ) | ဦးကုလာသဘ | မူလတက္ကသိုလ် | ပြည်မြို့ |
| (ဇ) | ဦးဝိလာသ | သာဝတ္ထိတောရကျောင်း | ပြည်မြို့ |
| (ဈ) | ဦးဥတ္တမ | လက်ပံရွာကျောင်း | ပန်းတောင်းမြို့ |
| (ည) | ဦးက္ကန္ဒဝံသ | ရွှေဘုံသာဘုရားကြီးကျောင်း | ပန်းတောင်းမြို့ |

ဩဝါဒစရိယဆရာတော်ကြီးများနှင့် တိုင်းမှူးတို့၏ ဩဝါဒ၊ ညွှန်ကြားမှုများဖြင့် စေတီတော်ကြီးအား ငြမ်းဆင်ပြီး အုတ်ကျိုး၊ အုတ်ပဲ့များရှင်းလင်းခြင်း၊ သစ်ပင်ခြုံနွယ်များရှင်းလင်းခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ထိုစဉ်က စေတီဟောင်းပေါ်တွင် ပေါင်လုံးခန့်ရှိ နဘဲပင်ကြီးများပေါက်လျက်ရှိပါသည်။ ဒုတိယဗိုလ်မှူးကြီးစိုးညွှန့် (ပြည်ခရိုင် ခ.ဝ.တ ဥက္ကဋ္ဌ) နှင့် ပန်းတောင်း (ဆ.လ.က)ဥ.ဌ ဦးဘကြိုင်တို့ ဦးဆောင်သော အဖွဲ့က ဌာပနာတိုက်တွင် ရွှေဘုံသာမုနိကေန်ရှိသည်။ တူးဖော်ပြီး တွေ့ရှိပါက တစ်ပြည်လုံးရှိ ပြည်သူများ ဖူးမျှော်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရွာသူရွာသားများနှင့်အတူ တောခြုံရှင်း၊ အုတ်ဟောင်းအုတ်ဆွေးများ ဖယ်ရှား တူးဖော်ခဲ့ရာ ဌာပနာစကျင်ကျောက်ဖျာကြီးများအား တွေ့ရှိခဲ့သည်။ သို့သော်လည်း အကြောင်းကြောင်းကြောင့် နိုင်ငံတော် အစီအစဉ်ဖြင့်ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်မွမ်းမံရန်ရှိသဖြင့် လက်ရှိ လုပ်ငန်းများ ရပ်ဆိုင်းရန် ညွှန်ကြားလာသဖြင့် ပြုပြင်မွမ်းမံရေး

လုပ်ငန်းများ ရပ်နားခဲ့တော့သည်။

၁၉၉၇ ခုနှစ် သည်စေတီတော်၏ သာသနာပွင့်လန်းလာတော့မည့် နိမိတ်လက္ခဏာများပြလာသည်။ နှစ်ဦးပိုင်းတွင် စေတီတော်ကြီးအထက်ကောင်းကင်ယံတွင် ရောင်ခြည်တော်လွှတ်ခဲ့သည်။ အလင်းတန်းကြီးများ ထွက်ပေါ်လာသည်ဟု ကြားသိရသည်။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ဖူးမျှော်ရန်သွားပါက ပဲ့ထောင်စက်လှေများဖြင့် ပြည်မြို့မှ ရောဝတီမြစ်ကိုဖြတ်ကူးရ၏။ ရေကြောက်တတ်သူများ၊ ဘုရားဖူးရန်အခက်တွေ့ရသည်။ ၁၉၉၇ခု၊ စက်တင်ဘာလ(၁၈)ရက်နေ့တွင် ရောဝတီမြစ်ကူးနဝဒေးတံတားကြီးအား ဖွင့်လှစ်လိုက်ရာ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဆိုသလို ဖြစ်ခဲ့သည်။ နဝဒေးတံတားကြီး၏ အနောက်ဘက်ကမ်းထိပ်မှ ရွှေဘုံသာမုနိဘုရားကြီးသို့ ၂ မိုင်ခန့်သွားလျှင် ရောက်သည်။ ထိုစဉ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင် မွမ်းမံရန် အချိန်အခါရောက်ပြီဖြစ်သဖြင့် နိုင်ငံတော်အစီအစဉ်ဖြင့် ကော်မတီများဖွဲ့စည်း တာဝန်ပေးခဲ့သည်။

(က) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (အတွင်းရေးမှူး–၁) ဦးဆောင်သော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ (၉)ဦးပါဝင်သည့် နာယကအဖွဲ့။

(ခ ) ပညာရေးဝန်ကြီးဦးပန်းအောင် ဦးဆောင်ပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တပ်မမှူးနှင့် ဌာနဆိုင်ရာများ (၅)ဦးပါဝင်သော အနီးကပ်ကြီးကြပ်ရေးအဖွဲ့။

(ဂ ) အမှတ်(၃)ကာကွယ်ရေးပစ္စည်းစက်ရုံ စက်ရုံမှူးဒုတိယဗိုလ်မှူးကြီးညာဏ်ထွန်းဦး ဦးဆောင်သော တပ်နယ်မှူး၊ တပ်ရင်းမှူးများနှင့် ခရိုင်အဆင့်မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ (၁၆)ဦးပါဝင်သော ပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

နာယကကြီးများနှင့်အနီးကပ် ကြီးကြပ်ရေးအဖွဲ့၏ မကြာခဏလာရောက် ကြီးကြပ်ခြင်း၊ လိုအပ်သည်များ စစ်ဆေးအကြံပြု ညွှန်ကြားခြင်းများကြောင့် လည်းကောင်း၊တာဝန်ခံအင်ဂျင်နီယာ ဦးသန်းအေးနှင့် ဘက်စုံမွမ်းမံတည်ဆောက်ရေး အဖွဲ့၏ နေ့ည မနားကြိုးပမ်းမှုများကြောင့်လည်းကောင်း၊ လုပ်ငန်းများလျှင်မြန်စွာ တိုးတက်အောင်မြင်ခဲ့သည်။ ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင် မွမ်းမံရာတွင် ရှေးလက်ရာ၊ ရှေးမူမပျက် သံကူကွန်ကရစ်တိုင်များထွင်းထည့် အစားထိုး တည်ဆောက်ခဲ့သည်။ ဘက်စုံပြုပြင်မွမ်းမံ ရေးလုပ်ငန်းများအဖြစ် (၁)ပထမပစ္စယံ လုပ်ငန်း (၂)ဒုတိယပစ္စယံလုပ်ငန်း(၃) တတိယ ပစ္စယံလုပ်ငန်း (၄)ရှစ်မြှောင့်ပလ္လင်တော် လုပ်ငန်း၊(၅)ကြာပလ္လင်တော် (ကြေးဝိုင်းကြာအုံ) လုပ်ငန်း၊ (၆) ခေါင်းလောင်းတော် လုပ်ငန်း၊ (၇) ရင်ဘွဲ့တော်လုပ်ငန်း(၈) သပိတ်မှောက် (သပိတ်တော်)လုပ်ငန်း (၉) ဖောင်းလုံးဖောင်းပြားလုပ်ငန်း (၁၀)ကြာနု(အောက်)ကြာမှောက်၊ ပွဲလုံးတော်၊ ကြာထောင်၊ ကြာနု(အထက်)လုပ်ငန်း၊ (၁၁)ငှက်ပျောဖူးတော်လုပ်ငန်း (၁၂)ပိန္နဲတိုင် စိုက်ထူခြင်းလုပ်ငန်း(၁၃) စေတီတော်အချောကိုင်ခြင်းလုပ်ငန်း၊ (၁၄) အရံစေတီတော် များ တည်ဆောက်ခြင်းလုပ်ငန်း (၁၅)ဂြိုလ်ခုံများ တည်ဆောက်ခြင်းလုပ်ငန်း(၁၆) အာရုံခံတန် ဆောင်းများတည်ဆောက်ခြင်းလုပ်ငန်း(၁၇)မဟာရံတံတိုင်း တည်ဆောက် ခြင်းလုပ်ငန်း(၁၈) တံခွန်တိုင်တည် ဆောက်ခြင်းလုပ်ငန်းတို့ကို လုပ်ငန်းကဏ္ဍများခွဲကာ ဆောင်ရွက်ခဲ့ကြသည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်းမင်္ဂလာကို ၁၃၆၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ ၁၉၉၉ ခု မတ်လ (၁၄)ရက်၊ တနင်္ဂနွေနေ့ နံနက် (၇)နာရီ (၃၅)မိနစ်(၁၂) စက္ကန့်တွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော ဝန်ကြီးများ တိုင်းမှူးများက ဌာပနာတော်သွင်းကာ ပူဇော်ခြင်းပြုခဲ့သည်။ ထို့အတူ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ပန်းလည်တိုင် (ပိန္နဲတိုင်) အထွဋ်တင်မင်္ဂလာကို ၁၃၆၀ခုနှစ်၊ တန်ခူးလပြည့်ကျော် (၉)ရက် ၁၉၉၉ခု ဧပြီလ (၉)ရက် သောကြာနေ့တွင်

တင့်တယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများပြီးမြောက်ပြီး ရွှေထီးတော်တင်လှူခြင်းမင်္ဂလာအခမ်းအနားကို ၁၃၆၁ခုနှစ်၊ ကဆုန်လဆန်း(၁၀) ရက်၊ ၁၉၉၉ခုနှစ်၊ ဧပြီလ (၂၄) ရက် နံနက်ပိုင်းတွင် ဩဝါဒစရိယဆရာတော်ကြီးများ၊ ပြည်မြို့နယ်၊ ပန်းတောင်း မြို့နယ်တို့မှ ဆရာတော်သံဃာတော်များ၊ စေတီတော်ကြီးဘက်စုံမွမ်းမံရေး နာယကကြီးများ၊ အနီးကပ်ကြီးကြပ်ရေးအဖွဲ့များ၊ ဘက်စုံမွမ်းမံတည်ဆောက်ရေးကော်မတီများ၊ ဆပ်ကော်မတီများ၊ ဌာနဆိုင်ရာများ၊ ပြည်သူပြည်သားများဖြင့် ထူးကဲစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ရွှေထီးတော်အလှူ့ရှင်မှာ ဖေကမ္ဘာ ဦးခင်ရွှေမိသားစုဖြစ်သည်။ မွန်မြန်မာထီးတော်ဖြစ်ပြီး အချင်း ၉ပေ၊၉လက်မ၊ မြန်မာထီးတော်ဘုံကိုးဆင့်ရှိပြီး အမြင့် ၇ပေရှိသည်။ စိန်ဖူးမှာ နှစ်ထပ်စိန်ဖူးဖြစ်၍ အချင်း ၅လက်မရှိသည်။အရံစေတီတော်များမှာ မွန်ထီးဖြစ်ပြီး အချင်း ၂၀ လက်မရှိသော ထီးတော် ၁၂ဆူ၊ ၂၂လက်မရှိသော ထီးတော် ၄ဆူ၊ အချင်း ၂၄ လက်မရှိသော ထီးတော် ၄ဆူ၊ စုစုပေါင်း အဆူ ၂၀ ရှိပါသည်။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်မှုများအတွက် ထိုစဉ်က ကျပ်သိန်းပေါင်း (၇၀၀)ခန့် ကုန်ကျခဲ့သည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်သည့် မင်္ဂလာအခမ်းအနား ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်မှူးကြီးခင်ညွန့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များက စေတီတော်ကြီး၏ ဒုတိယပစ္စယံအရှေ့ဘက်တွင် ဗောဓိပင်ပျိုး စိုက်ပျိုးခဲ့သည်။ ယခုအခါ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၌ အဂ္ဂိဒေါင့်တွင် ဗောဓိပင် နှစ်ပင်၊ စနေဒေါင့်တွင် တစ်ပင်၊ ပထမပစ္စယံ အဂ္ဂိဒေါင့်တွင် တစ်ပင်စုစုပေါင်း ဗောဓိပင် (၅)ပင် ရှင်သန်ဖွံ့ဖြိုးလျက်ရှိပါသည်။

ရွှေဘုံသာမုနိစေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး

လုပ်ငန်းများအစမှ အဆုံးပြီးဆုံးအောင်မြင်တော်မူသည်အထိ ဩဝါဒပေးတော်မူခဲ့ကြသော ဆရာတော်ကြီး (၁၁)ပါး ရှိပါသည်။

(၁) နိုင်ငံတော်ဩဝါဒစရိယအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဝိလာသာစာရ ပြည်မြို့

(၂) မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တရေဝတ ပြည်မြို့

(၃) နိုင်ငံတော်သံဃမဟာနာယကတွဲဘက်
ဘဒ္ဒန္တကုဏ္ဍလဇောတိ ပြည်မြို့
အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ

(၄) မြို့နယ်သံဃနာယကဥက္ကဋ္ဌ
ဘဒ္ဒန္တနာဂဝံသ ပြည်မြို့

(၅) မြို့နယ်သံဃနာယက၊ မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တကုလာသဘ ပြည်မြို့

(၆) ဗဟိုသံဃဝန်ဆောင်
ဘဒ္ဒန္တကုဏ္ဍက ပြည်မြို့

(၇) တိုင်းသံဃဝန်ဆောင်
ဘဒ္ဒန္တဝေပုလ္လ ပြည်မြို့

(၈) မြို့နယ်သံဃနာယကဥက္ကဋ္ဌ (သုဓမ္မာ)
ဘဒ္ဒန္တတိလောက ပန်းတောင်းမြို့

(၉) မြို့နယ်သံဃနာယကဥက္ကဋ္ဌ(မူလဒွါရ)
ဘဒ္ဒန္တခန္တီဗလ ပန်းတောင်းမြို့

(၁၀) မြို့နယ်သံဃာယကဥက္ကဋ္ဌ (ဝေဠုဝန်)
ဘဒ္ဒန္တဝိသုဒ္ဓ ပန်းတောင်းမြို့

(၁၁) ကျေးရွာအုပ်စုသံဃနာယကဥက္ကဋ္ဌ
ဘဒ္ဒန္တကုဏ္ဍဝံသ ပန်းတောင်းမြို့

## စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံရေးကြီးုပမ်းခဲ့ကြသော ဦးဆောင်သောပုဂ္ဂိုလ်ကြီးများ

(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ဝန်ကြီးချုပ်(ငြိမ်း)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

| | | |
|---|---|---|
| (၂) | ဦးပန်းအောင် ဝန်ကြီး(ငြိမ်း) | မီးရထားနှင့်ပညာရေးဝန်ကြီးဌာန |
| (၃) | ဗိုလ်မှူးကြီးတင်လှိုင် ဝန်ကြီး(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တိုင်းမှူး(ငြိမ်း) | တောင်ပိုင်းတိုင်းစစ်ဌာနချုပ် |
| (၅) | ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး စက်ရုံမှူး (ငြိမ်း) | ကပစ(၃) ဆင်တဲ |
| (၆) | ဒုတိယဗိုလ်မှူးကြီးစိုးညွန့် ဥက္ကဋ္ဌ(ငြိမ်း) | ခဝတ(ပြည်ခရိုင်) |
| (၇) | ဦးစောမြင့် ခရိုင်အုပ်ချုပ်ရေးမှူး (ငြိမ်း) | ပြည်မြို့ |
| (၈) | ဦးသန်းအေး ဒု-လက်ထောက်အင်ဂျင်နီယာ၊ | က. စ. လ(၃)ဆင်တဲ |
| (၉) | ဦးမင်းအေးလွင် ဥက္ကဋ္ဌ၊ | မ. ဝ. တ-ပန်းတောင်း |
| (၁၀) | ဦးလှမြင့် (မနောမယ) ရုံးအဖွဲ့မှူး၊ | ပညာရေးဝန်ကြီးဌာန |
| (၁၁) | ဦးသန်းထွန်း စက်ရုံမှူး၊ | က. စ. လ(၃) ဆင်တဲ |
| (၁၂) | ဦးစိုးဝင်း စီမံကိန်းဒါရိုက်တာ၊ | ရောဝတီတံတားစီမံကိန်း |
| (၁၃) | ဦးသောင်းရွှေ လက်ထောက်ညွှန်ကြားရေးမှူး၊ | ရှေးဟောင်းသုတေသနဌာန |

(၁၄) ဦးဝင်းတင်(ပြည်) ဥက္ကဋ္ဌ၊
ရွှေဘုံသာမုနိစေတီတော်ဂါပကနှင့် ဂေါပကအဖွဲ့ဝင်များ

(၁၅) ဦးဝင်းမြင့် ဥက္ကဋ္ဌ၊ (ရ. ဝ. တ)
ရွှေဘုံသာအုပ်စုနှင့်ကျေးရွာအုပ်စုရှိရွာသူရွာသားများ

ထို့ပြင် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းများတွင်

(က) ပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့
(ခ) မုနိလေးဆူပင့်ဆောင်ရေးအဖွဲ့

(ဂ) မုနိလေးဆူကြိုဆိုရေးအဖွဲ့

(ဃ) အခမ်းအနားပြင်ဆင်ရေးအဖွဲ့ စသည့်ကော်မတီအဖွဲ့များ၊ စေတီတော်ကြီးဘက်စုံပြုပြင် မွမ်းမံဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် သဒ္ဓါစိတ်အပြည့်ဖြင့် ဦးဆောင်ကြိုးပမ်းခဲ့ကြသော နိုင်ငံတော်အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့အရာရှိ အရာခံအကြပ်တပ်သားများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များ၊ ပြည်သူပြည်သား အားလုံးကို နောင်လာနောက်သားများက ဂုဏ်ပြုကမ္ပည်းမှတ်တမ်းတင်သွားကြမည်သာဖြစ်ပါသည်။

## ရွှေဘုံသာမုနိစေတီတော်တွင် မုနိလေးဆူတစ်ပြိုင်တည်းဖူးမျှော်နိုင်ခြင်း

မြန်မာတစ်နိုင်ငံလုံးတွင် မုနိလေးဆူအား တစ်ပြိုင်တည်းဖူးမျှော်နိုင်သည်မှာ ရွှေဘုံသာမုနိစေတီတော် တစ်ဆူသာရှိသည်။ အာရုံခံတန်ဆောင်း ၄ခုတွင် မုနိလေးဆူ ကိန်းဝပ်စမ္ပယ်တော်မူခြင်းဖြစ်သည်။ အရှေ့ဘက် အာရုံခံတန်ဆောင်းတွင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်၊ တောင်ဘက်အာရုံခံတန်ဆောင်းတွင် ရှင်ကျော်မုနိ ရုပ်ပွားတော်၊ အနောက်ဘက်အာရုံခံတန်ဆောင်းတွင် ရွှေဘုံသာမုနိရုပ်ပွားတော်၊ မြောက်ဘက်အာရုံခံတန် ဆောင်းတွင် မာရ်အောင်မြင်မုနိရုပ်ပွားတော်တို့ ကိန်းဝပ်စမ္ပယ်တော်မူကြပါသည်။

(က) မဟာမြတ်မုနိရုပ်ရှင်တော်မြတ်သည် ဓမ္မခဏ်အပါအဝင် ဉာဏ်တော် ၁၀ပေ ၆လက်မ၊ ကြေးချိန်ပိဿာ ၁၅၀၀ ရှိပါသည်။

(ခ) ရှင်ကျော်မုနိရုပ်ပွားတော်မြတ်သည် ဓမ္မခဏ်အပါအဝင် ဉာဏ်တော် ၇ပေ ၇လက်မ ကြေးချိန်ပိဿာ ၁၀၀၀ ရှိပါသည်။

(ဂ) ရွှေဘုံသာမုနိရုပ်ပွားတော်မြတ်သည် ဓမ္မခဏ်အပါအဝင်

ညာဏ်တော် ၆ပေ ၄လက်မ ကြေးချိန် ပိဿာ ၆၆၆ပိဿာ ၆ကျပ်သားရှိပါသည်။

(ဃ) မာန်အောင်မြင်မုနိရုပ်ပွားတော်မြတ်သည် ဓမ္မခဏ်အပါအဝင် ညာဏ်တော် ၄ ပေ ၆လက်မ၊ ကြေးချိန်ပိဿာ ၃၀၀ ရှိပါသည်။

မုနိလေးဆူ၏ ကုသိုလ်ရှင်ဘုရားဒါယကာ ဒါယိကာမများမှာ မန္တလေးမြို့မှ ဒေါ်မြင့်မြင့်သန်းမိသားစု နှင့် ရန်ကုန်မြို့မှ ဒေါ်တင်တင်မွန်း မိသားစုတို့ဖြစ်သည်။ မဟာမြတ်မုနိအပါအဝင် မုနိလေးဆူတို့အား မန္တလေးမြို့မှ ဦးဝင်းမောင် မြန်မာမှု ကြေးသွန်းလုပ်ငန်းက သွန်းလုပ်ခဲ့ပါသည်။မုနိတို့အား သွန်းလုပ်ပြီး မျက်နှာတော်များ ပြင်ဆင်ကြရာတွင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်မျက်နှာတော်မှာ တစ်စုံတစ်ရာ ပြင်ဆင်ခြင်းမပြုခဲ့ရဘဲ အခြား မုနိမျက်နှာတော်များကိုမူ အနည်းငယ်ပြင်ဆင်ခဲ့ရသည်။ မဟာမုနိရုပ်ရှင်တော်မြတ်၏ မျက်နှာတော်အား သွန်း လုပ်ပေးသူမှာ ဆရာနန်းခေါ် ဦးသန်းအောင်ဖြစ်သည်ဟု သိရပါသည်။

မုနိများသွန်းလုပ်စဉ် ၁၉၉၉ခု ဧပြီလ (၄)ရက်နေ့ ည (၁း၃၀)နာရီခန့်က ပျားကြီးများရောက်လာပြီး မဟာမြတ်မုနိရုပ်ရှင်တော်မြတ်၏ မျက်နှာတော်၊ ကိုယ်လုံးတော်တို့တွင် လာရောက်နားခိုပူဇော်ခဲ့ကြပြီး၊ အချိန် ၁နာရီခန့်ကြာမှ ပြန်လည်ထွက်ခွာသွားသည်ဟု သိရပါသည်။ မုနိလေးဆူ ပူဇော်ခွင့်ရရှိသူ ဒေါ်မြင့်မြင့် သန်းမှာလည်း ထူးခြားသောအိမ်မက်အရ ပူဇော်ခွင့်ရရှိခြင်းဖြစ်သည်။ အိမ်မက်ထဲတွင် ချောင်းလိုလိုမြစ်လိုလို အရာကိုလှေဖြင့် ဖြတ်ကူးခဲ့ကြောင်း၊ မျက်နှာချင်းဆိုင် တစ်ဖက်ကမ်းတွင် တောင်ကုန်းတစ်ခုရှိပြီး တောင်ကုန်းပေါ်တွင် ပြိုကျပျက်ဆီးနေသည့် စေတီတစ်ဆူဖူးတွေ့ရကြောင်း၊ စေတီထိပ်တွင် အဖြူရောင်အပွင့်များ ပွင့်နေသည့် ကိုင်းပင်များကို တွေ့ရကြောင်း၊ စေတီတော်တောင်ကုန်းနောက်တွင် တောတန်းကြီး ရှိပြီး၊ စေတီပျက်ကြီး၏ စနေထောင့်တွင် ရေတွင်းပျက်ရှိကြောင်း၊ စေတီ၏ မြောက်ဘက်တွင် အပေါက်တစ်ခုရှိပြီး တံခါးပွင့်လာ၍ အထဲကိုဝင်သွားသောအခါ

တံခါးပြန်ပိတ်သွားကြောင်း၊ အထဲတွင် ရုပ်ပွားတော်တစ်ဆူဖူးတွေ့ရပြီး မျက်နှာတော်မှာ ဝင်းလက်နေကြောင်း၊ မကိုင်မှဆောင်းထားခြင်းမရှိ၊ ရုပ်ပွားတော်ပါတ် ပါတ်လည်တွင် ရွှေငွေကျောက်သံပတ္တမြားများ ပြည့်နေသော ကျောက်သေတ္တာကြီးများတွေ့ရကြောင်း၊ ဓါတ်တော်များလည်းဖူးတွေ့ရကြောင်း၊ ဘုရားအတွင်းမှ ပြန်ထွက်မည်ပြုသောအခါ တံခါးပွင့်သွားသဖြင့် ပြန်ထွက်ခဲ့ကြောင်း၊ အပြင်ရောက်သောအခါ တံခါးမှာ ပြန်ပိတ်သွားကြောင်း၊ ထိုအိမ်မက်ကို ပထမဆုံးမန္တလေးတွင် မက်ခဲ့သည်ဟု ဒေါ်မြင့်မြင့်သန်းက ပြောပြပါသည်။

ထိုအိမ်မက်ကိုပင် မကွေးမြို့တွင်တစ်ကြိမ်၊ မုံရွာမြို့တွင်တစ်ကြိမ်၊ မက်ခဲ့ပြီး မုံရွာမြို့တွင် မက်စဉ်က ယောကျ်ားကြီးတစ်ယောက်အသံဖြင့် ''အဲဒီဘုရားကိုတွေ့ပြီလား'' ဘုရားကိုတွေ့အောင်ရှာ၊ မတွေ့ခဲ့ရင် ---'' ဟု ပြောကြောင်း၊ ထို့ကြောင့် လန့်ဖျန့်သွားခဲ့ကြောင်း၊ ရှေ့မျက်နှာစာတွင် မိမိရုပ်ပုံကိုတွေ့ရပြီး မျက်နှာမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသဖြင့် ထိတ်ထိတ်ပြာပြာဖြစ်ခဲ့ရကြောင်း ထို့ကြောင့် အိမ်မက်ထဲက ဘုရားကို တွေ့အောင်ရှာခဲ့ကြောင်း ပြောပြခဲ့သည်။ ဒေါ်မြင့်မြင့်သန်း အိမ်မက်ထဲက ဘုရားသည် တောင်တန်းနောက်ခံထားပြီး တောင်ကုန်းပေါ်မှာတည်ထား၍ ရှမ်းပြည်ကိုလည်းရောက်ခဲ့သည်။ မကွေးမြသလွန်၊ ကျောက်ဆည် ရွှေသိမ်တော်ဘုရား၊ ထိုမှတဆင့် ပြည်မြို့ကိုရောက်ခဲ့ကြောင်း၊ တည်းခိုခန်းတွင် ပြည်တစ်ဝိုက်မှ တန်ခိုးကြီးဘုရားများဖူးလိုကြောင်း ပြောပြရာ ပြည်မြို့တစ်ဖက်ကမ်းမှ ရွှေဘုံသာမုနိစေတီကို ညွှန်းဆိုသဖြင့်၊ စက်လှေငှားပြီး ဧရာဝတီမြစ်ကိုကူးကာ ရွှေဘုံသာမုနိဘုရားကို သွားခဲ့ကြောင်း၊ မြစ်ကမ်းနားထိပ်တွင် ပြိုကျပျက်စီးနေသော ခြသေ့်ကြီးများကို တွေ့ရပြီး ကမ်းပေါ်တက်၍ ရွှေဘုံသာမုနိစေတီအိုကြီးကိုဖူးခဲ့ရာ စေတီထိပ်တွင် ဖြူဖွေးသော အပွင့်များဖြင့် ကိုင်းပင်များကိုတွေ့ရကြောင်း၊ စေတီနောက်ကျောတွင် လည်း တောင်တန်းကြီးကိုတွေ့သဖြင့် ကိုယ်စိတ်ကိုယ်မနည်းထိန်းခဲ့ရကြောင်း၊ အိမ်မက်ထဲက ဘုရားကိုတွေ့ရပြီဟု ဝမ်းသာမိကြောင်း၊ ဒါပေမဲ့ စနေဒေါင့်တွင် ရေတွင်းပျက်ကိုမတွေ့ရသဖြင့် ရွှေဘုံသာမုနိစေတီတွင် သာသနာပြုနေသော အမေစိန်

အား မေးကြည့်ရာ မူလကစနေဒေါင့်မှာ ရေတွင်းပျက်ရှိကြောင်း သိခဲ့ရသည်။ ထို့နောက် ထူးခြားသည်မှာ တနင်္ဂနွေဒေါင့်တွင် ဒန်းလေးတစ်ခုနှင့် ဒါန်းပေါ်တွင် စည်းပုံတစ်ခုတွေ့ရာ စည်းပုံဆောင်း၍ ဒါန်းစီးချင်စိတ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် လူရှင်းသောအခါ စည်းပုံဆောင်းပြီးဒါန်းစီးခဲ့ရာ ဘယ်လိုပျော်မှန်းမသိ ပျော်ခဲ့ကြောင်း၊ ထို့ကြောင့်စေတီတော်ကြီးအားလည်း တတ်စွမ်းသမျှ ပြုပြင်မည်ဟု ဆုံးဖြတ်ခဲ့ကြောင်း အတွေ့အကြုံကို ပြောပြပါသည်။

ထို့နောက် နိုင်ငံတော်မှ ဦးဆောင်ကြီးမှူးပြီး စေတီတော်ကြီးအား ဘက်စုံ ပြုပြင်နေပြီဟု သိရ၍ သူငယ်ချင်း ဒေါ်တင်တင်မွန်နှင့် ရွှေဘုံသာမုနိစေတီတော်သို့ တစ်ခေါက်ရောက်ခဲ့ပြန်သည်။ စေတီတော်တွင် အရံစေတီမှစ၍ ကုသိုလ်ပြုလှူစရာ လုပ်ငန်းမရှိတော့၍ စိတ်ပျက်ခဲ့ကြသည်။ အင်ဂျင်နီယာဦးသန်းအေးက အာရုံခံတန်ဆောင်း ၄ ခုတွင် မုနိလေးဆူသွန်းလုပ်ပူဇော်မည်ဖြစ်၍ လှူဒါန်းပူဇော်နိုင်ကြောင်း၊ အလှူ့ရှင်လည်း မပေါ်သေး၍ ဝန်ကြီးအဘပန်းထံတွင် တင်ပြနိုင်ကြောင်းပြော၍ ခွင့်တောင်းရာ လှူခွင့်ရရှိခဲ့သည်။ ထို့နောက် မန္တလေးမြို့သို့ ပြန်ကာ မုနိလေးဆူ သွန်းလုပ်မှုကို ပြုလုပ်ခဲ့သည်။ အဓိက ဒေါ်မြင့်မြင့်သန်းက ဦးဆောင်ခဲ့ပါသည်။ မုနိလေးဆူ သွန်းပြုပူဇော်လှူဒါန်းကြသော ဘုရားဒါယကာ၊ ဒါယိကာမများမှာ

(က) မဟာမြတ်မုနိရုပ်ရှင်တော်မြတ်– ဒေါ်မြင့်မြင့်သန်း (သား) ကိုဇင်ကျော်၊ ကိုဇင်မော်၊ ကိုဇင်သော်၊ သမီး မကေဇင် မိသားစု၊ အောင်တော်မူရပ်၊ မန္တလေးမြို့

(ခ ) ရှင်ကျော်မုနိရုပ်ပွားတော်မြတ်နှင့်–ဦးအေကေဒတ္တာ။, ဒေါ်တင်တင်မွန်း

(ဂ ) ရွှေဘုံသာမုနိရုပ်ပွားတော်မြတ်– (သမီး)ဒေါ်လှယမင်း၊ သား–ဒေါက်တာဖြိုးဝေထက်+ ဒေါက်တာ အေးခိုင်ဇာလတ်၊ (မြေး)ဝီလျှံအောင်ကောင်းမြတ်၊မအိပုံ ရန်ကုန်မြို့။

(ဃ) မာရ်အောင်မြင်မုနိရုပ်ပွားတော်မြတ် – ကိုဇော်မင်း၊ မကေဇင် မိသားစု
(မြစန္ဒာပွဲရုံ) အောင်တော်မူရပ်၊
မန္တလေးမြို့တို့ဖြစ်ပါသည်။

မုနိလေးဆူရုပ်ပွားတော်မြတ်တို့အား ၁၉၉၉ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် မန္တလေးမြို့မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ထံ ပင့်ဆောင်၍ ရင်ငွေ့တော်လှုံခဲ့သည်။ ရေတော်ဆရာတော်က ဧပြီလ ၁၁ ရက်နေ့နံနက်တွင် ဘုရားကြီးအရှေ့ဘက်မုခ်၌ မုနိလေးဆူကို မျက်နှာတော်သစ်ပေးတော်မူပါသည်။ ဆရာတော်၊ သံဃာတော်များက အနေကဇာတင် ပင့်ဆောင်ခဲ့ကြသည်။ ထိုနေ့ ဧပြီလ (၁၁) ရက်နေ့ ညနေ (၅)နာရီတွင် မိတ္ထီလာမြို့သို့ ရောက်ရှိကာ ညအိပ်ရပ်နားပြီး ဧပြီလ (၁၂)ရက်နေ့ နံနက် (၆း၃၀)နာရီတွင် မိတ္ထီလာမြို့မှ စတင်ထွက်ခွာပါသည်။ မကွေးမြို့သို့ ညနေ (၄း၀၀)နာရီ ရောက်ရှိ ရပ်နားပြီး တစ်ညကိန်းဝပ်စံပါယ်တော်မူပါသည်။ ဧပြီလ ၁၃ ရက်နေ့ နံနက်(၆း၃၀)နာရီတွင် မကွေးမြို့မှ ဆက်လက်ပင့်ဆောင်လာရာ ပြည်မြို့သို့ ညနေ (၅)နာရီ တွင်ရောက်ရှိပါသည်။ မုနိလေးဆူသည် ပြည်မြို့ ရွှေဆံတော်ဘုရားတွင် တစ်ညတာကိန်းဝပ်စံပါယ်ပါသည်။ ဧပြီလ ၁၄ ရက်နေ့ သင်္ကြန်အကျနေ့တွင် ဆရာတော်သံဃာတော်များက အနေကဇာတင်ပြီး နံနက် (၇)နာရီတွင် နဝဒေး တံတားကြီးအား ဖြတ်သန်းကာ မုနိလေးဆူပင့်ဆောင်လာသော ကရဝိတ်ဖောင်တော် သည် နံနက် (၉း၃၀)နာရီတွင် ရွှေဘုံသာ စေတီတော်သို့ ရောက်ရှိခဲ့ပါသည်။

မန္တလေးမြို့မှ ရွှေဘုံသာမုနိစေတီတော်ထိ မုနိလေးဆူပင့်ဆောင်ရာတွင် မီးရထားဝန်ကြီးဦးပန်းအောင် ကြီးကြပ်၍ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး၊ တပ်ရင်းတပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်မြို့မှ ကုန်သည်ကြီးများ မြစ်ငယ်မီးရထားစက်ရုံဝန်ထမ်းများ၊ ဒေဝါဝင်း၊ ဝတ်အသင်းများ၊ ကြက်ခြေနီတပ်ဖွဲ့ အလှူခံအဖွဲ့စသည်ဖြင့် အင်အားအပြည့်ဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ခဲ့ကြသည်။

မုနိလေးဆူအား စေတီတော်ရင်ပြင်မှ ပလ္လင်တော်အသီးသီးပေါ်သို့

ရောက်ရှိပင့်ဆောင်ရာ မီးရထားဝန် ကြီးဌာန၊ ဝန်ထမ်းများက စက်ယန္တယားများဖြင့် ခက်ခဲစွာပင့်ဆောင်ခဲ့ကြရသည်။ ဝန်ကြီးဦးပန်းအောင် အနေဖြင့် စေတနာအား၊ ဉာဏ်အား၊ ဝီရိယအားအပြည့်ဖြင့် အနီးကပ်ကြီးကြပ်ညွှန်ကြားခဲ့သည်။ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်သည် (၁၄. ၄. ၁၉၉၉)သင်္ကြန်အကြိုနေ့ (မွန်းလွဲ (၁၂း၂၃)နာရီတွင် လည်းကောင်း၊ ရှင်ကျော်မုနိသည် ညနေ (၄း၁၆)နာရီတွင်လည်းကောင်း၊ ရွှေဘုံသာမုနိ သည် ညနေ(၅း၀၇)နာရီတွင် လည်းကောင်း၊ မာရ်အောင်မြင် မုနိသည် ညနေ (၅း၂၅)နာရီတွင်လည်းကောင်း၊ ပလ္လင်တော်ပေါ်သို့ အသီးသီးရောက်ရှိသီတင်းသုံး နိုင်ခဲ့သည်။ မုနိလေးဆူ ပလ္လင်တော်ပေါ်သို့ အသီးသီးရောက်ရှိပြီး ဆရာတော် သံဃာတော်များက မဟာမြတ်မုနိ၊ ရှင်ကျော် မုနိ၊ ရွှေဘုံသာမုနိ၊ မာရ်အောင်မြင်မုနိ စသည်ဖြင့် အစဉ်အလိုက် အနေကဇာတင်ခဲ့ကြရာ လေတိုက်ပြီး မိုးပါ ရွာချသည်။ မိုးနတ်သား၊ လေနတ်သားတို့က အောင်မြင်ခြင်း အထိမ်းအမှတ်မုနိလေးဆူအား ပူဇော်ခဲ့ခြင်းဖြစ်ပါသည်။

## ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးရှိ ဝတ္ထကသာသနာမြေနှင့် သာသနိကအဆောက်အဦများ

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဝတ္ထကမြေမှာ မူလဘုရားဒါယကာ၊ ပြည်ဘုရင်သတိုးဓမ္မရာဇာ နှင့် ရွှေဘုံသာမုနိဘုရားဒါယကာ၊ အိမ်ရှေ့ဥပရာဇာ သီဟသူရ လက်ထက်က များစွာကျယ်ဝန်းမည်ဟု ခန့်မှန်း ရပါသည်။ စေတီတော်ကြီး မှ ဧရာဝတီမြစ်ကမ်းအထိ ရှေးခေတ်အုတ်လမ်းများ၊ အုတ်ကျိုးအုတ်ပဲ့များ၊ ယခုကာလ တိုင် တွေ့ရနေသေးသည်။ အနောက်ဘက်မဥ္ဇူတောင်တန်းနှင့် ဧရာဝတီမြစ်အကြားရှိ မြေများသည် သာသနာ မြေဖြစ်နိုင်ပါသည်။ သို့သော်လည်း နိုင်ငံတော်မှ ဦးဆောင်ပြီး စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံမှုများ ပြုလုပ်စဉ်ဘုရားကြီး ဒုတိယပစ္စယံ အဝန်းအဝိုင်းကိုပင် ဝတ္ထကမြေ၊ သာသနာမြေဟု သတ်မှတ်မှတ်တမ်းတင်ခဲ့ပါသည်။

ထို့ကြောင့် ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာအုပ်စု၊ ရွှေဘုံသာကွင်း၊ ကွင်းအမှတ်(၄၇)၊ မြေကွက် အမှတ်(၆၄၅)အပါအဝင် (၁၆)ကွက်၊ ဧရိယာဧက (၁၂. ၆၄)ဧကရှိသည်။ ထို့ပြင်စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံစဉ် ရဟတ်ယာဉ်ကွင်းမြေနေရာအား ပဲခူးတိုင်းဒေသကြီး၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က (၃၀. ၁၂. ၂၀၁၅) ရက်စွဲပါဆုံးဖြတ်ချက်(၁၄) (၁၂) အရ ရွှေဘုံသာကျေးရွာအုပ်စု၊ ရွှေဘုံသာကွင်း၊ ကွင်းအမှတ်(၄၈)၊ ဦးပိုင်အမှတ် (၂၃)ဧရိယာ(၁. ၅၇)ဧကအား ရွှေဘုံသာမုနိဘုရားဂေါပကအဖွဲ့ ယာဉ်ရပ်နားစခန်းအဖြစ် ဆုံးဖြတ်ပေးအပ်ခဲ့ သည်။ ထို့ကြောင့် ဂေါပကအဖွဲ့က မြေပြုပြင်၊ ကျောက်စရစ်၊ မြေနီ၊ သဲချ၍ ယာဉ်ရပ်နားစခန်းအဖြစ် အကောင်အထည်ဖော်ခဲ့သည်။

## ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးရှိ သာသနိကအဆောက်အဦများ

(က) နဂါးဓမ္မာရုံ၊

(ခ ) သန္တိသုခဓမ္မာရုံ၊

(ဂ ) ဆရာတော်ကြီးများနားနေဆောင်၊ ဂေါပကရုံးခန်း၊ စတိုခန်း၊ ရုံးအဖွဲ့မှူး ရုံးခန်းများ တွဲလျက် ပင်မအဆောင်တစ်ဆောင်၊

(ဃ) ဒုတိယပစ္စယံတွင် အထူးဧည့်ဆောင်တစ်ဆောင်၊

(င ) ဂေါပကအလှူခံမဏ္ဍပ်တစ်ဆောင်၊

(စ ) အမတော်မမြစိမ်း နတ်နန်းတစ်ဆောင်၊

(ဆ) နဂါးမယ်တော် နတ်နန်းတစ်ဆောင်၊

(ဇ ) အဘ ဘိုးဘိုးအောင်ဓါတ်ခန်းတစ်ဆောင်၊

(ဈ ) အဘ ဘိုးမင်းခေါင်ဓါတ်ခန်းတစ်ဆောင်၊

(ည) ရဟန္တာရှင်သီဝလိကျောင်းဆောင်တစ်ဆောင်၊

(ဋ ) တောင်ပိုင်ဘိုးဘိုးကြီးအဆောင်တစ်ဆောင်၊



ဌာပနာပိတ် စကျင်ကျောက်ဖျာကြီး (၂) ချပ်

(ဌ) အောင်ခြင်းရှစ်ပါးရုပ်လုံးရုပ်ကြွပြခန်းတစ်ဆောင်၊

(ဍ) ဇာတ်ကြီးဆယ်ဘွဲ့ ရုပ်လုံးရုပ်ကြွပြခန်း တစ်ဆောင် (ဆောက်လုပ်ဆဲ)၊

(ဎ) ဓမ္မစက္ကမုဒြာဆင်းတုတော်နှင့် ပါဒခြေတော်ရာကျောင်းဆောင်တစ်ဆောင် (ဆောက်လုပ်ဆဲ)၊

(ဏ) အောက်ပစ္စယံ အနောက်ဘက်တွင် သုဓမ္မာ (သစ်တော) ဇရပ် ၂ ဆောင်၊

(တ) အောက်ပစ္စယံ မြောက်ဘက်တွင် မုံရွာဇရပ် (၁)ဆောင်၊

(ထ) အောက်ပစ္စယံ အရှေ့မြောက် တနင်္ဂနွေဒေါင့်တွင် ရေးဟောင်းသိမ် ၁ ခု၊

## ဌာပနာပိတ်ကျောက်ဖျာကြီးများ

ထို့ပြင် အိမ်ရှေ့ဥပရာဇာ သီရိမဟာဓမ္မဘိဇယဘွဲ့ခံ သားတော်သီဟသူရသည် ရွှေဘုံသာမုနိရုပ်ပွားတော်အား ငုံလျှက် ရွှေဘုံသာစေတီတော်အား အသစ်ပြန်လည်တည်ထားခဲ့ပြီး ဌာပနာတိုက်ပိတ်ရာမှ ကျန်ခဲ့ သော ကျောက်ဖျာကြီး ၂ချပ်မှာ စေတီတော်ကြီးတောင်ဘက်ချောင်းဘေးတွင် ရှိနေခဲ့သည်။ ယင်းကျောက်ဖျာကြီး ၂ချပ်အား ဂေါပကအဖွဲ့မှ အမှတ်(၃)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ စက်ရုံမှူးထံ အကူအညီတောင်းခံပြီး ချောင်းဘေးမှ ရင်ပြင်တော်ပေါ်အရောက် ခက်ခက်ခဲခဲ ရွှေ့ပြောင်းခဲ့ရသည်။

- ပထမကျောက်ဖျာ - အလျား ၇ပေ ၄ လက်မ အနံ ၇ပေ ၄ လက်မ ထု ၁၅ လက်မ

- ဒုတိယကျောက်ဖျာ- အလျား ၅ပေ ၉လက်မ အနံ ၅ပေ ၉ လက်မ ထု ၁၉လက်မရှိသည်။

ကျောက်ဖျာကြီးများနှင့်အတူ ရေးယခင်ရောဝတီမြစ်ကမ်းထိပ် အရှေ့ဘက်မုခ်မှ ခြင်္သေ့ကြီး၏ ဦးခေါင်းကိုလည်း မြစ်အတွင်းသဲသောင်ပြင်မှ ရင်ပြင်တော်ပေါ် သယ်ယူရွှေ့ပြောင်းခဲ့ပါသည်။ ဘိုးတော်ဗဒုံမင်းလက်ထက် မြန်မာပြည်အနှံ့ တည်ထားလှူဒါန်းခဲ့သော ဘုရားများရှိ ခြင်္သေ့များနှင့် ပုံစံတူဖြစ်ကာ အနုပညာလက်ရာမြောက်

လှုပါသည်။ စကျင်ကျောက်ဖျာကြီး ၂ ချပ်နှင့် ခြင်္သေ့ဦးခေါင်းတို့အား စေတီတော် အရှေ့တောင်ဒေါင့် ရေးဟောင်းမကျိုးပင်သေးတွင် ဘုရားဖူးပြည်သူများ လေ့လာနိုင်ရန် ပြသထားပါသည်။

## ရှေးဟောင်းကျောက်ထီးတော်နှင့် ပန်းလည်တိုင်

သက္ကရာဇ် ၉၂၀ခုနှစ်က ပြည်ဘုရင်သတိုးဓမ္မရာဇာ တည်ထားခဲ့သော "မြတ်မုနိ" စေတီတော်မှ ကျောက်ထီးတော်နှင့် အရှည် ၇ပေ ၈လက်မ လုံးပတ် ၃ပေ၃လက်မရှိ ကျွန်းသား၊ ပန်းလည်တိုင်တို့မှာ နှစ်ပေါင်း (၄၅၀)ကျော်သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင်ပစ္စည်းများဖြစ်သည်။ သက္ကရာဇ် ၁၂၅၆ခုနှစ်က ပြည်မြို့ ကျောင်းကြီးရပ်ရှိ ဆရာတော် ဦးလာဘ၊ ဦးသံဝရနှင့် တပည့်များ လှူဒါန်းတင်လှူ ခဲ့သော ထီးတော်မှ အလျား ၁၁ ပေ ၇လက်မ လုံးပတ် ၁၀လက်မရှိ သံလုံးပိန္နဲတိုင် အလေးချိန် (၁၇၈)ပိဿာ၊ အလျား ၁၉ပေနှင့် ၁၂ ပေ ရှိသော ထီးတော်ထိန်း သံချောင်းကြီး ၂ ချောင်းအားလည်း နှစ်ပေါင်း(၁၂၀)ရှိ ရှေးဟောင်း အမွေအနှစ်များ အဖြစ် လေ့လာနိုင်ကြပါသည်။ ထိုပန်းလည်တိုင်တွင် ထိုးထားသော ကမ္ပည်းများအရ "သက္ကရာဇ် ၁၂၅၆ ခု၊ တန်ဆောင်မုန်းလ၊ ပြည်မြို့ ကျောင်းကြီးရပ်နေ အများ ကောင်းမှု သံတိုင်အချိန် ၁၇၈ သာ အားထုတ်သော ပုဂ္ဂိုလ်ဦးလာဘ၊ ဦးသံဝရ ကောင်းမှု" ဟု ဖော်ပြထားပါသည်။

စေတီတော်ကြီးပါတ်လည်တွင် ခေါင်းလောင်း ၆ လုံးရှိပြီး ခေါင်းလောင်းတိုင် များဖြင့် ခန့်ငြားလှပစွာ တည်ဆောက်ထားပါသည်။

## မုခ်ဦးနှင့်တံခွန်တိုင်များ

ရွှေဘုံသာမုနိစေတီတော်ကြီးတွင် မူလက အရှေ့ဘက်အာရုံခံ တန်ဆောင်း တစ်ခုသာရှိခဲ့ပြီး ပြန်လည် တည်ဆောက်ရာတွင် မုနိလေးဆူ ကိန်းဝပ်စံပါယ်မည့် မုခ်လေးမုခ်၊ အာရုံခံ (၄)ခု တည်ဆောက်ခဲ့ပါသည်။





ဒၚ်ဝၚ်ဂၠါလးနွံ ဂှ်နှၚ်တၟးတ္ၚဲယဝ်ရ
မြၚ်တၟဳမွဲဓဝ „နှ်ဂၠဝ်ကြ" လၟိုဟ်တ္ၚဲဒှ် ယၚ်ဗိုဟ်ဗၟဝ် ဒ္ပၚ်ဂၠါဂှ် ယၚ်နှ်ဇ (၀၆၃)ဒုၚ်ဗဳလ

ဒုင်ဝၚ်ဗလးနွံဂ ဒုံနင်လာဗးဗ္ဂတ်ပၚ်ယဝ်
ဖ္ဍာင်ဗ္တောဝ်ဍောဲ “နွံဂံင်ဝဂ်” ဍေတဒ္ဂီုးထေၚ်ဗြေ ယဝ်ကဵုဂးၜံဂတ ဒ္ပဲင်ဝၚ်ဂ် ယနွံဇ(၀၆၃)ဗွဝ်ကိုဂ







မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များ၏ မေတ္တာရပ်ခံမှုကြောင့် သီးခြား
တည်ဆောက်ပေးခဲ့ရသော ရွှေဘုံသာမုနိစေတီတော် အနောက်ဘက်မုခ်






ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးတွင် လှူဒါန်းထားသော တံခွန်တိုင်ကြီးများ





ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးတွင် လှူဒါန်းထားသော ခေါင်းလောင်းများ

– အရှေ့ဘက်အာရုံခံတန်ဆောင်းကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်အေးနှင့် တပ်မတော်မိသားစုများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုက စုပေါင်းလှူဒါန်းပါသည်။

– တောင်ဘက်အာရုံခံတန်ဆောင်းကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဝန်ထမ်းမိသားစုများက စုပေါင်းလှူဒါန်းပါသည်။

– အနောက်ဘက် အာရုံခံတန်ဆောင်းကို သစ်တောရေးရာဝန်ကြီး ဦးအောင်ဖုန်း ဇနီး ဒေါ်ခင်စစ်အေးနှင့် သစ်တောရေးရာဝန်ထမ်းမိသားစုများက လှူဒါန်းခဲ့ပါသည်။

– မြောက်ဘက်အာရုံခံတန်ဆောင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေးနှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းခဲ့သည်။

– စေတီတော်ကြီး၏ ဒေါင့် ၄ ဒေါင့်တွင် မြင့်မားခိုင်ခန့်သော တံခွန်တိုင်ကြီး ၄ခုရှိပါသည်။ တံခွန်တိုင် (၄)ခု တည်ရှိမှုမှာ စေတီတော်ကြီး၏ ထူးခြားမှုတစ်ခုဖြစ်သည်။ အမြင့် ၄၅ပေ လုံးပတ် ၉ပေရှိပါသည်။

(က) (အဂ္ဂိဒေါင့်) အရှေ့တောင်ဒေါင့်တံခွန်တိုင် အလှူ့ရှင်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဇနီး ဒေါ်ခင်ဝင်းရွှေနှင့် တပ်မတော်ထောက်လှမ်းရေးမိသားစု။

(ခ) (စနေဒေါင့်)အနောက်တောင်ဒေါင့်တံခွန်တိုင်အလှူ့ရှင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းမိသားစု။

(ဂ) (တနင်္ဂနွေဒေါင့်) အရှေ့မြောက်ဒေါင့်တံခွန်တိုင်အလှူ့ရှင် ရထားပို့ဆောင်ရေးဝန်ကြီးဦးပန်းအောင်နှင့် ဇနီးဒေါ်ညွန့်ညွန့်လွင် မိသားစု။

(ဃ) (ရာဟုဒေါင့်)အနောက်မြောက်ဒေါင့်တံခွန်တိုင်အလှူ့ရှင် ပို့ဆောင်ရေး

ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေနှင့်ဇနီး မိသားစုတို့က လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။


- စေတီတော်ကြီးအား ညအခါ တင့်တယ်သပ္ပါယ်စွာ ဖူးမြော်နိုင်ရန် စလိုက်မီးမောင်းစင်ကြီး(၄)ခုကိုလည်း တည်ဆောက်လှူဒါန်းထားပါသည်။ စလိုက်မီးသီး၊ မီးလုံးများ အမြဲထာဝရအလင်းဓါတ်ရရှိစေရေးအတွက် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ပြည်)က တာဝန်ယူပြုပြင်တပ်ဆင်လှူဒါန်းပေးပါသည်။

## နှစ်(၁၀၀၀)ခန့်ရှိ မကျည်းပင်ကြီး

စေတီတော်ကြီး အရှေ့တောင်ဒေါင့်တွင် သက်တန်းရှည် အဓိကရ မကျီးပင်ကြီးတစ်ပင်ရှိပါသည်။ ပင်စည် လုံးပါတ်မှာ ၂၆ပေ ၆လက်မရှိသည်။ သုတေသီများ ခန့်မှန်းမှုအရ သက်တမ်းနှစ် (၁၀၀၀)ပါတ်ဝန်းကျင်ရှိပြီဟု သိရပါသည်။ ထူးခြားချက်မှာ မကျီးပင်ကြီးအလယ်မှ ပင်စည်တစ်ခုအထက်သို့ထောင်မတ်တက်နေပြီး အခြားပင်စည်များဘေးသို့ ခွဲဖြာထွက်နေပါသည်။ အကိုင်းအခက်အလက်တို့မှာ ညောင်မုတ်ဆိတ်ကဲ့သို့ အထက်မှ အောက်သို့ တွဲလောင်းကျနေကြသည်။ သစ်ရွက်ကြွေချိန်တွင် အားလုံးမကြွေ၊ အေးမြသောအရိပ်ကို တစ်နှစ် ပါတ်လုံးပေးနေပါသည်။ နွေရာသီကာလတွင် ဘုရားဖူးများ မကျီးပင်၏ အေးရိပ်ဆာယာအောက်တွင် အနားယူ အပန်းဖြေကြ၊ ထမင်းစားကြနှင့် ပြည့်နေတတ်သည်။ ဂေါပကအဖွဲ့မှလည်း မကျီးပင်ကြီး ထိခိုက်ပျက်ဆီးမှု မရှိစေရန် စတီးလက်ရမ်းများ ကာရံပြီး ထိန်းသိမ်းထားသည်။

## အခြားအဆောက်အဦနှင့်လှူဒါန်းမှုများ

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး မုခ် ၄ မုခ်ရှိ အာရုံခံတန်ဆောင်းများတွင် ဘုရားဖူးပြည်သူများ ပန်း၊ ဆီမီး၊ ရေချမ်း၊ စိတ်အေးချမ်းမြေ့စွာပူဇော်နိုင်ရန် စတီးပန်းတင်ခုံ ၄ ခုကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်+ဇနီးဒေါ်ကြူကြူလှ မိသားစုမှ ကပ်လှူပူဇော်ထားပါသည်။ အာရုံခံတန်ဆောင်း



ရွှေဘုံသာမုနိ စေတီတော်ရင်ပြင်တွင်
သက်တမ်း (၁၀၀၀) ခန့်ရှိ ရှေးဟောင်းမကျီးပင်ကြီး



ရှေးဟောင်းကိုးတောင်ပြည့်စေတီအားငုံ၍ အသစ်တည်ထားခဲ့သော
"၁၈" တောင်ပြည့်စေတီတော် (ဝန်ကြီးဦးပန်းအောင် + ဒေါ်ညွန့်ညွန့်လွင် မိသားစု ကောင်းမှု)



ရွှေဘုံသာမုနိ စေတီတော် အနောက်ဘက်မုခ်ပေါက်ရှိ သုဓမ္မာသစ်တောဓမ္မာရုံ

တစ်ခုလျှင်မြင်စွာဘုရားသခင်၏ မုဒြာ ၃၆ မျိုးအနက် မုဒြာ(၉)မျိုးစီ ကျောက်သား ဆင်းတုတော်များကို အများပြည်သူ ကြည်ညိုဖူးမျှော်နိုင်ရန် အလှူ့ရှင် (ဦးလဝင်း+ ဒေါ်စိန်စိန်)တို့အား ရည်စူး၍ (သား)ကိုလမင်း(ပြ) မောင်နမမိသားစု ရန်ကုန်မြို့က လှူဒါန်းခဲ့ပါသည်။

ရွှေဘုံသာမုနိစေတီတော်ကြီး အာရုံခံတန်ဆောင်းများတွင် ကိန်းဝပ်စံပါယ် သီတင်းသုံးလျှက်ရှိသော မုနိလေးဆူ၏ စက်တီးမှန်ကျောင်းဆောင်များအား အောက်ပါ အလှူရှင်များက လှူဒါန်းခဲ့ပါသည်။

(က) မဟာမြတ်မုနိ – နှစ်ဘက်သောမိဘများအမှူးထား၍ ကပစ(၃) စက်ရုံမှူး ဗိုလ်မှူးကြီးကျော်ဦး+ဒေါ်မူမူစိုး (သမီး)မခိုင်ဇင်သက်၊ သား မောင်ကျော်ဇင်သီဟ၊ မိသားစု ကောင်းမှု။

(ခ )ရှင်ကျော်မုနိ – ဦးငွေးဝင်း (လက်ထောက်ညွှန်ကြားရေးမှူး ဆည်မြောင်း) ဒေါ်လတ်လတ်၊ချည်ချောလုံချည်–ဝမ်းတွင်းမြို့) သား–မောင်ဘုန်းနေမင်း၊ မောင်ဘုန်းပိုင်မင်း၊ မောင်ကောင်းကင်ဟိန်း မိသားစု ကောင်းမှု

(ဂ )မာရ်အောင်မြင်မုနိ– ဒေါ်မြင့်မြင့်သန်း၊သား–ကိုဇင်ကျော်၊ ကိုဇင်မော်၊ ကိုဇင်သော် (သမီး)မကေဇင် အောင်တော်မူရပ်– မန္တလေးမြို့၊ ကောင်းမှု

(ဃ) ရွှေဘုံသာမုနိ – ဗိုလ်မှူးကြီးကျော်မြအား ရည်စူး၍ (ဇနီး) ဒေါ်တင်မြနှင့် (သား) ဒုတိယဗိုလ်မှူးကြီးရွှေမြ + ဒေါ်တင်တင်သောင်း မိသားစုကောင်းမှု။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ညအချိန်လူခြေတိတ်ချိန်၌ ဖိုးဦး၊ ဖိုးဖြူ၊ မဥ္ဇူ၊ တန့်ကြည့်တောင်တန်းများမှ မြင်အပ်မမြင်အပ်သော ဝေနေယျပုဂ္ဂိုလ်များ ဘုရားဖူးလာရောက်နိုင်စေရန် အနောက်ဘက်မုခ်ပေါက်ကို တည်ဆောက်ပေးခဲ့ရ

ပါသည်။ မူလဘက်စုံ တည်ဆောက်စဉ်က အနောက်ဘက်တွင် အုတ်တံတိုင်း ပိတ်ထားခဲ့သည်။ မုခ်ပေါက်ဖွင့်ပေးပါရန် အိမ်မက်ပေးခြင်း၊ ပူးကပ်မေတ္တာရပ်ခံခြင်း တို့ကြောင့် လူကြီးများအား တင်ပြကာ အနောက်ဘက်မုခ်ပေါက်ကို ထပ်မံ တည်ဆောက်ပေးခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် သစ်တောရေးရာဝန်ကြီး ဦးအောင်ဖုန်း ဇနီး ဒေါ်ခင်စစ်အေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများက အနောက်ဘက် မုခ် အောက်ပစ္စယံတွင် သုဓမ္မာဇရပ်ကြီး (၂)ဆောင်အား (၁၆. ၁၀. ၁၉၉၉)ခုနှစ်တွင် လှူဒါန်းခဲ့သည်။ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများအနေဖြင့် ထိုသုဓမ္မာဇရပ် ၂ ဆောင်တွင် ညအိပ်ညနေ တည်းခိုနေနိုင်ကြပါသည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရင်ပြင်တော်မြောက်ဘက်ခြမ်းရှိ မုခ်ဦးဝဲယာမြေကွက်လပ်တွင် သစ်ပင်ပန်းမန်များ စိုက်ပျိုးပြီး ပန်းဥယျာဉ်ငယ် ၂ ခု တည်ဆောက်ထားပါသည်။ အရိပ်ရအပင်၊ ပန်းအလှပင်များဖြင့် ဘုရားဖူးများ အပန်းဖြေနားနေနိုင်အောင် ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

– ဂေါပကအဖွဲ့ရုံးခန်းဘေးမှ ပန်းခြံငယ်အား "မြိုင်ဟေဝန်ပန်းခြံ" ဟု လည်းကောင်း၊ ဇာတ်ကြီးဆယ် ဘွဲ့ ပြခန်းဘေးမှ ဥယျာဉ်အား အမတော်မမြစိမ်း၏ ဇာလီရပန်းခြံ" ဟုလည်းကောင်းအမည်ပေးထားပါသည်။ထိုပန်း ခြံအတွင်းရှိ သရက်ပင်ကြီးမှာ တစ်နှစ်ပါတ်လုံး စိမ်းစိုနေပြီး တန်ခူးလ၊ ဝါဆိုလနှင့် တန်ဆောင်မုန်း လများတွင် အသီး(၃)ကြိမ်သီးသော ထူးခြားသည့်သရက်ပင်ဖြစ်သည်။

**ကိုးတောင်ပြည့်စေတီမှ ၁၈ တောင်ပြည့်စေတီအဖြစ်တည်ထားခြင်း**

ရွှေဘုံသာမုနိစေတီတော်ကြီး အရှေ့တောင်အဂ္ဂိဒေါင့်တွင် ကိုးတောင်ပြည့် စေတီအား မြန်မာသက္ကရာဇ် ၁၂၉၆ခုနှစ်ခန့်က တည်ထားခဲ့သည်ဟု ခန့်မှန်းရပါသည်။ ၁၂၉၆ခုနှစ်သည် ကောလီဓါတ်ဆန်းသောနှစ်ဖြစ်၍ တြင်းကျေ၊ နဝင်းကျေ သတ္တဗိတကျေ၍ပြည့်စန်းဖြိုးသော နှစ်ဖြစ်လေရာ ဗေဒင်ကျမ်းဂန်တတ်ကျွမ်းသူတို့က မြန်မာပြည်သူများအန္တရာယ်ကင်းစေရန်ရည်ရွယ်၍ ကိုးလက်သစ်၊ ကိုးမိုက်၊ ကိုးထွာ၊

ကိုးတောင်ရှိသော သဲပုံစေတီများ တည်ထားပြုလုပ်ကိုးကွယ်ရန် တိုက်တွန်းကြလေသည်။ ထိုစဉ်အခါက ကိုးတောင်ပြည့်စေတီများနှင့် စပ်လျဉ်း၍ တဘောင်ပေါ်ခဲ့သည်။ "ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တယ်။ ငယ်သာငယ်ကယ်ဆယ် မည့်ဘုရား၊ ခါတ်ကောလီနယ်မကူးခင်၊ ဖူးကြအများ" ဟူ၍ဖြစ်သည်။ ရွှေဘုံသာမုနိ စေတီတော်ရင်ပြင်ရှိ ကိုးတောင်ပြည့်စေတီမှာ ထိုတဘောင်အရ တည်ထားခဲ့ခြင်းဖြစ်ပြီး အုတ်ဖြင့်တည်ထားခဲ့ပါသည်။

ရွှေဘုံသာမုနိစေတီတော်ရင်ပြင်အား ကွန်ကရိခင်းသောအခါ ကိုးတောင်ပြည့်စေတီမှာ ၈ပေခန့်အောက်သို့မြုပ်သွားခဲ့သည်။ ထို့ကြောင့် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး အနီးကပ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မီးရထားပို့ဆောင်ရေးဝန်ကြီးဦးပန်းအောင်က ၁၈တောင်မြင့်သော စေတီတော်တည်ထားခဲ့သည်။ ဝန်ကြီးဦးပန်းအောင်ဇနီး ဒေါ်ညွှန့်ညွှန့်လွင် မိသားစုမှာ ဘုရားဒါယကာ ဒါယိကာမများဖြစ်ကြသည်။

## ကိုးနဝင်းကျောက်ဘာမုနိဘုရား

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်း စတင်စဉ်က ဝါးငြမ်းများဆင်ပြီး ဆွေးမြေ့ကျိုးပဲ့နေသော အုတ်ချပ်များ၊ အင်္ဂတေပြားများ၊ သစ်ပင်ခြုံနွယ်များကို ဖယ်ရှားရှင်းလင်းခဲ့ပါသည်။ ဉာဏ်တော် ၂၁ပေခန့် ရောက်သောအခါ အုတ်ကျိုးအုတ်ပဲ့တွေကြားမှ ရွှေရောင်ဝင်းနေသော ဆင်းတုတော်တစ်ဆူတွေ့ရှိခဲ့သည်။ သုတေသီများက ဝေသာလီခေတ်လက်ရာဖြစ်သည်ဟု မှတ်ချက်ပြုကြပါ သည်။ ဆင်းတုတော်များဖူးမြင်ရသူအပေါင်းကထူးခြားသောဆင်းတုတော်ဖြစ်သည်။ ဆုတောင်းလျှင်ပြည့်သည်။ ပုံတော်ကိုအမြဲဆောင်ထားကိုးကွယ်သင့်ကြောင်း ပြောကြသည်။ ဆင်းတုတော်တွင် မြုပ်နှံလှူဒါန်းထားသော ရတနာပစ္စည်းများမှာ ရှေးမင်းများလက်ထက်က လှူဒါန်းခဲ့သော အဖိုးတန်ရတနာများဖြစ်သည်။

နဂါးဓမ္မာရုံဂန္ထကုဋီတိုက်အတွင်း၌ ဂေါပကအဖွဲ့က လုံခြုံစွာထိန်းသိမ်း ပူဇော်ထားရှိပါသည်။ အနယ်နယ် အရပ်ရပ်မှ အဖွဲ့လိုက်ဘုရားဖူးပြည်သူများ၊ ဆင်းတုတော်အား သီးခြားဖူးလိုသူများအား ဂေါပကအဖွဲ့က ဂန္ထကုဋီတိုက်မှထုတ်ကာ ဖူးမျှော်ပူဇော်ခွင့်ပေးပါသည်။ ဆင်းတုတော်၏ ဘွဲ့အမည်တော်အား ဩဝါဒစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံကာ "ကိုးနဝင်းကျေလာဘမုနိ"ဟု ဘွဲ့အမည်တော် ပေးခဲ့ပါသည်။

## နဂါးဓမ္မာရုံနှင့်ဆုတောင်းပြည့်မြတ်စွာဘုရား

ရွှေဘုံသာမုနိစေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရေး အနီးကပ်ကြီးကြပ်ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီး ဦးပန်းအောင်မှ နေ့ညမဟူ အမြဲတစေ အနီးကပ်ကြီးပမ်းဆောင်ရွက်ပေးခဲ့သည်။ အထူးအားဖြင့် စေတီတော် ကြီးရင်ပြင်တော်အရှေ့ဘက်တွင် သာသနာပြု ဦးအောင်ဖြူ တည်ဆောက်ခဲ့သောဓမ္မာရုံအား စေတီတော်ကြီးနှင့် လိုက်ဖက်မည့် မြန်မာမှုအနုလက်ရာများပါဝင်သည့် ခန့်ငြားသော ဓမ္မာရုံကြီးတစ်ခုအဖြစ် တနင်္ဂနွေဒေါင့်တွင် ရွှေ့ပြောင်းဆောက်လုပ်ခဲ့သည်။ မူလဓမ္မာရုံအဟောင်းတွင် သာသနာပြု ဦးအောင်ဖြူတည်ထားခဲ့သော အုတ်ဖြင့် ပြုလုပ်ထားသော ရုပ်ပွားတော်ကြီးအား အပျက်အဆီးအပွန်းအပဲ့မရှိစေဘဲ ဓမ္မာရုံအသစ်ရှိ ဂန္ထကုဋီတိုက်သို့ ရွှေ့ပြောင်းပေးခဲ့သည်။ ဓမ္မခဏ်မှ မကိုဋ်တော်ထိဉာဏ်တော် ၉ပေ ၄ လက်မ ရှိသည်။ ယခုအခါ အသစ်ဆောက် လုပ်ခဲ့သောဓမ္မာရုံကြီးအား နဂါးဓမ္မာရုံဟု ခေါ်ပြီး၊ ရုပ်ပွားတော်ကြီးအား ဆုတောင်းပြည့်မြတ်စွာဘုရားဟု ဘွဲ့တော်ပေးထားပါသည်။

## ရင်ပြင်တော်ကြွေပြားခင်းခြင်းနှင့်နတ်လမ်းများ

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးရင်ပြင်တော် (အရှေ့၊ အနောက်၊ တောင်၊ မြောက်) လေးမျက်နှာစလုံးအား ရင်ပြင်တော်အပြည့် ကျောက်ပြား၊ ကြွေပြားခင်းပေးသော အလှူရှင်များမှာ (၁) ဦးဝင်းသူ+ဒေါ်အေးသီတာ မိသားစု၊ ကြံခင်းမြို့က




ဘက်စုံပြုပြင်နေစဉ် ဉာဏ်တော် ၂၁ပေတွင် ဖူးတွေ့ရသော
ရှေးဟောင်းဝေသာလီခေတ် "ကိုးနဝင်းကျေလာဘမုနိဘုရား"

ရင်ပြင်တော်တောင်ဘက်တစ်ခြမ်းလုံးနှင့် အနောက်ဘက်တွင် တစ်ဝက်၊ မြောက်ဖက်ခြမ်း တစ်ဝက်၊ (၂) ဦးအောင်ဇော်ထွန်း+ဒေါ်ခင်မိုးမိုး သမီးသင်းရတနာဆု မိသားစု၊ ပြည်မြို့က အနောက်ဘက် ရင်ပြင်တော်တစ်ဝက် (၃)ဦးဇော်ဇော်+ဒေါ်သွယ်မာခင်ထွန်း၊ ပျဉ်းမနားမြို့က မြောက်ဘက်ရင်ပြင်တစ်ဝက်၊ (၄)ဦးအောင်ဆန်းကြည်+ဒေါ်စိုးမမမင်း လွင်ဆန်ပွဲရုံ ပြည်မြို့က အရှေ့ဘက်ရင်ပြင်တစ်ခုလုံးတို့ဖြစ်ကြပါသည်။ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ခင်းထားသော ကျောက်ပြားများမှာ နေပူခံကျောက်ပြားများ မဟုတ်သဖြင့် ရာသီဥတုပူပြင်းချိန်တွင် ဘုရားဖူးပြည်သူများ ခြေထောက်ပူသဖြင့် အခက်တွေ့ကြသည်။ အထူးသဖြင့် နွေရာသီတွင် ဘုရားဖူးလာကြသော ဆရာတော်၊ သံဃာတော်များ၊ သက်ကြီးရွယ်အိုများမှာ ခြေပူသဖြင့် အခက်အခဲတွေ့ကြရသည်။ ဆရာတော်သံဃာတော်များက ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးမော်မှုအား အနှောက်အယှက်အကွယ်အကာမဖြစ်စေဘဲ နတ်လမ်းများ ရှိသင့်ကြောင်း ဩဝါဒပေးအကြံပြုခဲ့ကြပါသည်။ ထို့ကြောင့် ဂေါပကအဖွဲ့က နှီးဆော်အလှူခံခဲ့ရာ စေတီတော်ကြီးတစ်ပါတ်လည်ရှိ နတ်လမ်း (၁၄၂)ခန်း၊ အောက်ခံအခင်းပါ စုစုပေါင်းကျသင့်ငွေ ၂၇၅သိန်း (ကျပ်နှစ်ရာခုနှစ်ဆယ့်ငါးသိန်း)အား ဦးဇင်မင်းဌေး+ဒေါ်ချိုချိုမာ သား–မောင်ဝေဟင် သား Marcus ရန်ကုန်မြို့က တစ်ဦးတည်းလှူဒါန်းသွားခဲ့ပါသည်။

ထို့နောက် မုခ်ပေါက်များ အာရုံခံတန်ဆောင်းသို့လည်းကောင်း၊ အမတော်မမြစိမ်း၊ နဂါးမယ်တော်၊ နဂါးဓမ္မာရုံ၊ သင်္ကြသုခမ္မောရုံစသော အဝင်လမ်းများကိုလည်းကောင်း၊ တစ်ဦးချင်းအလှူ့ရှင်များက နတ်လမ်းများဆို့ စပ်မံလှူဒါန်းခဲ့ကြသည်။ ယခုအခါ စေတီတော်ကြီး ပါတ်ပါတ်လည်အေးချမ်းတည်ငြိမ်စွာ လှည့်ပတ် လေ့လာဘုရားဖူးနိုင်ကြပြီဖြစ်ပါသည်။

**ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးနှင့် ထူးခြားဆန်းကြယ်မှုများ**

ရွှေဘုံသာမုနိစေတီတော်ကြီးသည် ရောဝတီမြစ်အနောက်ဘက်ကမ်း ရွှေဘုံသာကျေးရွာတွင်ရှိသည်။ သွားလာရန်ခက်ခဲသည်။ ရွှေဘုံသာနှင့် မျက်နှာချင်းဆိုင် ပြည်မြို့သို့လှေ၊ စက်လှေဖြင့်သွားရသည်။ ပန်းတောင်း မြို့သို့ သွားလျှင်လည်း ဆင်တဲရွာထိ စက်လှေဖြင့်သွားပြီး ဆင်တဲမှ ကားဖြင့်သွားရသည်။ ၁၉၉၇–၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်မှ ဦးဆောင်လျက် စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်မှုများ ပြုလာသောအခါ သာသနာတော်ပွင့်လန်းလာခဲ့သည်။ စေတီတော်ကြီး ထီးတော်တင်အထွဋ်တင်မင်္ဂလာကျင်းပသည့်နှစ်မတိုင်မီ ရောဝတီ မြစ်ကူး တံတား (နဝဒေးတံတားကြီး)ကို ဖွင့်လှစ်နိုင်သဖြင့် သွားလာရေးလမ်းပွင့်သွား သည်။ ထို့ပြင် နဝဒေးတံတားထိပ်မှ ၁ မိုင် ဂဖာလုံခန့်အား လမ်းဖောက်ပြီး ရာသီမရွေး ဘုရားဖူးနိုင်အောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ ကတ္တရာလမ်း။ ၂၄ နာရီ လျှပ်စစ်မီးတို့ဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ကြပြီဖြစ်သည်။ ထိုသည်ပင်လျှင် ရွှေဘုံသာမုနိစေတီတော်ကြီး၏ ထူးခြားသော တိုက်ဆိုင်မှုဖြစ်ပါသည်။

ရွှေဘုံသာမုနိစေတီတော်ကြီး သာသနာရောင်ဝါထွန်းလင်းလာမှုနှင့်အတူ ဖိုးဦး၊ ဖိုးဖြူ၊ မဥ္ဇူ၊ တန့်ကြည့် တောင် ကြောတစ်လျှောက် စေတီပုထိုးများ၊ ရှေးဟောင်း သမိုင်းဝင်ဘုရားများ ပြုပြင်မွမ်းမံကာ ရွှေရောင်ငွေရောင် ထွန်းပြောင်လင်းလက်စွာဖြင့် ဖူးမျှော်နိုင်ကြပြီဖြစ်သည်။ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးအံ့မောင် ဦးဆောင်ကြိုးပမ်းမှုဖြင့် တိမ်မြုပ်ပျောက်ကွယ်နေသော ငွေပုံသာစေတီကို တန့်ကြည့်တောင်ကျောပေါ်တွင် ပြန်လည်တည်ထားနိုင်ခဲ့သည်။တစ်ဆက်တည်း တွင်လည်းငွေပုံပေးစေတီ၊ မဥ္ဇူတောင်ကျောပေါ်တွင် မြေစူတောင်ညီနောင်စေတီ၊ ဖိုးဖြူတောင်ထိပ်တွင် ထုံးဖွေးဖွေးနှင့် ဖိုးဖြူတောင်စေတီ၊ မဥ္ဇူတောင်ကျော၊ လက်ပံရွာ အနီးတွင် ဦးကျော်သူတည်ထားသော မဟာမဏိတအောင် တော်မူ ပရဟိတဘုရားတို့ ထပ်မံတည်ထားကိုးကွယ်ပြီး ဖူးမျှော်ကြည်ညိုနိုင်ကြပြီဖြစ်သည်။ ရွှေဘုံသာမုနိ

စေတီတော်မှ တဆက်တည်း မြောက်ဘက်သမိုင်းဝင် ဖိုဦးတောင်စေတီသို့ ကျောက်ချော လမ်း (၅)မိုင် ဖောက်လုပ်ထားပြီး၊ အချိန်မရွေး သွားရောက်ဖူးမျှော် နိုင်ကြသည်။ ဤသို့ဖြင့် ရွှေဘုံသာမုနိစေတီတော် ကြီးသာသနာပွင့်လန်းမှုနှင့်အတူ အခြားအခြား သော စေတီပုထိုးများပါ ပေါ်ထွန်းလာခြင်းသည်လည်း ထူးခြားမှု ဟုဆိုနိုင်ပါသည်။

ရွှေဘုံသာစေတီတော်ကြီးတွင် ကိန်းဝပ်စံပွယ်တော်မူသော မုနိလေးဆူ အဓိကဘုရား ဒါယိကာမကြီး ဒေါ်မြင့်မြင့်သန်းက အိမ်မက်အရ တစ်ပြည်လုံး ဘုရားရှာ ပုံတော်ဖွင့်ခဲ့သည်။ ရွှေဘုံသာမုနိဘုရားကြီးရောက်မှ အိမ်မက်အတိုင်းတွေ့ခဲ့ပြီး မုနိလေးဆူသွန်းထုပူဇော်ခဲ့သည်မှာလည်း ထူးခြားမှုတစ်ခုပင်ဖြစ်သည်။ ရွှေတောင်မြို့ နွားမယံရေနံမြေဖြန့်ဖြူးရေးဌာနစိတ်မှ ဦးထွန်းမြင့်မိသားစု၊ ဦးသွင်ထူးညွန့်မိသားစုတို့ ဟိုက်လပ်ကား(ယာဉ် အမှတ်–သ/၈၃၃၉)ဖြင့် ရွှေဘုံသာမုနိစေတီတော်ကြီးသို့ ဘုရားဖူးလာစဉ် လမ်းတွင်တွေ့သော ၁လံခန့်ရှိသည့် မြွေကားပေါ်သို့တက်ပြီး လိုက်လာခဲ့ကာ ဘုရားရောက်မှ ပျောက်သွားခဲ့သည်။ ၂၂၊ ၉၊ ၉၇နေ့ ညနေကလည်း ဘုရားရောက်ပြီးပွဲတင်ကြရာ ပွဲတင်ထားသောတောင်းထဲတွင် မြွေဝင်ခွေနေသည်ကို တွေ့ရပြန်သည်။ ထို့ကြောင့် ထူးခြားမှုတစ်ခုအနေဖြင့် ရွှေဘုံသာမုနိစေတီတော်ကြီးနှင့် မြွေနဂါးတို့ တနည်းမဟုတ်တနည်းအကြောင်းဆက်နေသည်ဟုဆိုရပါမည်။

ရွှေဘုံသာမုနိစေတီတော်ကြီးတွင် ဌာပနာထားသော ရွှေဘုံသာမုနိ ရုပ်ပွားတော်မြတ်အားတောတွင်း မျက်စေ့လည်သွားသော ပုလိပ်နှစ်ဦး၊ အမဲသားသည် တစ်ဦး၊ အရှူးမတစ်ဦး စုစုပေါင်း ၄ ဦးက ကိုယ်တိုင်ဖူးတွေ့ရကြောင်း ကျေးဇူးတော်ရှင် ပြည်မြို့ မူလတက္ကသိုလ်ဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့ဘူးပါသည်။ ရွှေဘုံသာ မုနိစေတီတော်သမိုင်းရေးသားသူ ပါမောက္ခချုပ်(ငြိမ်း)ဆရာကြီးဦးမြဝင်းကလည်း ရွှေဘုံသာမုနိစေတီတော်သို့ ဘုရားဖူးလာသူတစ်ဦးနှင့် စကားပြောခဲ့သည်။ ထိုပုဂ္ဂိုလ်က တစ်ချိန်က မြို့များနွယ်များဖုံးနေသဖြင့် လူသူအရောက် အပေါက်နည်းကြောင်း၊ ထိုစဉ်ကပင် သူသည်ရွှေဘုံသာမုနိစေတီသို့ လာပြီးအဓိဋ္ဌာန်ဝင်ခဲ့ကြောင်း၊ ကျင့်စဉ် ဆောက်တည်ခဲ့ကြောင်း စေတီတော်ကြီးအား အချိန်တော်ကြာအောင် ပြူပြင်မွမ်းမံ

ရလိမ့်မည်ဟုထင်ခဲ့ကြောင်း၊ အထင်နှင့် အမြင်လွဲမှားခဲ့ကြောင်း၊ အချိန်တိုအတွင်း မယုံကြည်နိုင်အောင်ပြီးစီးခဲ့သည်မှာ စေတီတော်အတွင်း ကိန်းအောင်း စံပယ်လျှက်ရှိသော ရွှေဘုံသာမုနိရုပ်ပွားတော်၏ တန်ခိုးတော်ကြောင့်ဖြစ်ကြောင်း၊ မုနိကိုယ်တော်မရှိဟုမထင်လေနှင့်၊ မပြောလေနှင့်၊ မုနိကိုယ်တော်အမှန်တကယ်ရှိသည်။ မေတ္တာလည်းပို့ သစ္စာလည်းပြု မုနိ ကိုယ်တော်အား အထင်အရှားဖူးရမည်ဟု ပြောပြကြောင်း သိရသည်။ ထိုသည်မှာလည်း ထူးခြားမှုပင်ဖြစ်သည်။

ရွှေဘုံသာမုနိစေတီတော်ကြီးတွင် စေတီရံ (၂၀)ဆူရှိပါသည်။ ထောင့်လေးထောင့်တွင် အောက်မှ အထက်သို့ စေတီရံ (၅)ဆူစီတည်ထားခြင်းဖြစ်ပါသည်။ စေတီရံများမှာ အောက်မှ အထက်သို့ စေတီ လုံးတော် ငယ်ရာမှ ကြီးသွားရမည်ဖြစ်သော်လည်း အထက်မှ အောက်သို့ကြီးရာမှ ငယ်သွားကြောင်းတွေ့ရပါသည်။ ဤသည်မှာလည်း ထူးခြားချက်တစ်ခုပင်ဖြစ်သည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရွှေထီးတော်တင်ရန် စီစဉ်နေစဉ်ကာလ၌ ဘုရားကြီးအရှေ့ဘက်မုခ် ပေါက်တွင် အမျိုးသမီးတစ်ဦး ပူးကပ်နေကြောင်း၊ လူကြီးများနှင့်တွေ့လိုကြောင်း ပြောသဖြင့် ထိုစဉ်က ပြည်ကောလိပ်ကျောင်းအုပ်ကြီး ဆရာကြီးဦးမြဝင်းက နားနေဆောင်တွင်ရှိနေသော ဝန်ကြီးဦးပန်းအောင်ထံ ခေါ်သွားခဲ့ကြောင်း၊ ဆရာကြီးဦးမြဝင်းက အကျိုးအကြောင်းမေးရာ ဘုရားကြီးတွင် သာသနာပြုနေသော အမတော်မမြစိမ်းဖြစ်ကြောင်း၊ ဘုရားကြီးဘက်စုံပြုပြင်တည်ဆောက်နေမှုများအား တွေ့မြင်ရ၍ ဝမ်းမြောက်ကြောင်း၊ တစ်ဖက်တစ်လမ်းမှ ကူညီမည်ဖြစ်ပါကြောင်း ပြောပြပါသည်။ပန်းတောင်းမြို့နယ် ပြန်/ဆက်ရုံးမှ ဝန်ထမ်းဦးသိန်းထွန်းမြင့်က ဗွီဒီယိုဖြင့် မှတ်တမ်းတင်ရိုက်ကူးရာ ဘက်ထရီကြိုးပြုတ်နေ၍ ရိုက်မရကြောင်း၊ ဘက်ထရီအသစ်လဲ၍ရိုက်ပြန်ရာ မည်သို့မျှရိုက်ကူး၍မရခဲ့ကြောင်း ဦးသိန်းထွန်းမြင့် (ပြန်/ဆက်ဦးစီးမှူး-ငြိမ်း)က ပြောပြပါသည်။

ရွှေဘုံသာမုနိစေတီတော်ကြီး ရင်ပြင်တော်အရှေ့ တောင်ဘက်အဂ္ဂိဒေါင့်တွင်

အထက်ကရ မကျီးပင်ကြီးရှိသည်။ ထိုမကျီးပင်ကြီးက ဘက်စုံပြုပြင်တည်ဆောက်ရေး လုပ်စဉ် မလွတ်မကင်းဖြစ်နေသဖြင့် ဖယ်ရှား ရှင်းလင်းရန်စီစဉ်ကြသည်။ ရွှေဘုံသာရွာမှ ကိုစိုးသိန်းကြီးက မကျီးပင်ပေါ်တက်ပြီး အကိုင်းများခုတ်ထွင်ရှင်းလင်းနေစဉ် ရွာထဲမှ ကျားလာတယ် ကျားတက်တယ်ဟု အော်သံခေါ်သံများဆူညံနေသဖြင့် မကျီးပင်ပေါ်က ဆင်းကာ အိမ်ပြန်သွားခဲ့သည်။ အိမ်တွင် သူ့ဇနီး မသန်းဝင်းမှာ ကြောက်လန့်နေပြီး ဝိုင်းဝန်းပြုစုနေကြရသည်။ အိမ်နောက်ဖေးကြမ်းပြင်တွင် ဆန်ဆေးနေစဉ် နောက်ဘက်တောထဲမှ ကျားထွက်လာပြီး ကြမ်းပြင်သို့ခုန်တက်စဉ်အော်ပြီး သတိလစ်သွားကြောင်း ပြောပြသည်။ ကိုစိုးသိန်းကြီး သာမက ရွာသားမည်သူမျှ မကျီးပင်ပေါ်မတက်ရဲကြတော့ချေ။ စေတီတော်မြတ်ကြီး၏ နိဗ္ဗာန်ဆော်ဥပကာများ၊ လုံခြုံရေးဝန်ထမ်းများသည် မုနိလေးဆူအာရုံခံတန်ဆောင်း အခန်းများတွင် ညအချိန်လုံခြုံရေးအရ စောင့်ကြပ်ပြီး ညအိပ်ကြသည်။ ရွှေဘုံသာမုနိဘုရား အာရုံခံတန်ဆောင်း၏ ညာဖက်အခန်းတွင် အိပ်ပါက ဦးခေါင်းကိုဆွဲထူခြင်း၊ ခြေထောက်ဆွဲချခြင်း၊ မျက်နှာပေါ်သို့ပေါင်လုံးခန့်ရှိ လက်ကြီးဖြင့်ဖိုးထားခြင်း၊ စောင်ကိုဆွဲခွာခြင်းများပြုလုပ်၍ မအိပ်ဝံ့တော့ကြောင်း တာဝန်ကျဥပသကာဦးပန်းအေးနှင့် လုံခြုံရေးဦးဝေတင်အောင်၊ ကိုထွန်းဝေတို့က ပြောပြပါသည်။ ထို့ကြောင့် ယခုထက်တိုင်ထိုအခန်းတွင် မည်သူမျှ ညမအိပ်ဝံ့ကြတော့ပါ။

ထို့ပြင် ညစောင့်ဝန်ထမ်း ကိုထွန်းဝေကိုယ်တိုင် နဂါးဓမ္မာရုံတွင် လုံခြုံရေးကျစဉ် ညနက်သန်းခေါင်အချိန်တွင် မကျီးပင်ကြီးခြေရင်း၌ အရပ် ၃ပေခန့် နန်းဝတ်နန်းစား ဝတ်ဆင်ထားသော အမျိုးသမီးကို ညထွန်းထားသော ဆလိုက်မီးရောင်ဖြင့် မြင်ရကြောင်း ထို့ကြောင့် ဓါတ်မီးနှင့်ထိုးကြည့်ပြီး မေးကြည့်ရန်သွားရာ မကျီးပင်နောက်ဝင်၍ ပျောက်သွားကြောင်းပြောပြသည်။ အခြားညစောင့်ဝန်ထမ်း ကိုတင်မြင့်နှင့် ကိုကျော်ထူးတို့ တာဝန်ကျစဉ် ည ၁ နာရီခန့်တွင် မိန်းကလေးသံဖြင့် " ကိုကျော်ထူးရေ ကိုတင်မြင့်ရေ" ခေါ်ကြောင်း၊ ဓါတ်မီးထိုးပြီး ခေါ်သံကြားရာ မကျီးပင်ကြီးခြေရင်းသွားကြည့်ရာ အသံပျောက်သွားပြီး၊ လူကိုလည်းမတွေ့ပေ။ ထို့ကြောင့် အမျှသုံးကြိမ်ဝေပေးခဲ့၍ နောက်ထပ်ခေါ်သံမကြားရကြောင်းပြောပြပါသည်။ ထိုဝန်ထမ်း

၂ ဦးမှာ ယခုထက်တိုင် တာဝန်ထမ်းဆောင်နေပြီး ကိုတင်မြင့်က ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလထဲ ၆ ကြိမ်၊ ကိုကျော်ထူးက ၂ ကြိမ် ခေါ်သံကြားရကြောင်း ပြောပြပါသည်။ ထို့ပြင် ရွှေဘုံသာမုနိစေတီတော် အရှေ့ဘက်မုခ်ရင်ပြင်တော်တွင် ဆွမ်း ပွဲရောင်းချနေသော ကိုစိုးလွင်၏ ဇနီးမနွဲ့ကြည်ကလည်းတစ်ရက် နံနက် ၇ နာရီခန့်တွင် လေမတိုက်မိုးမရွာဘဲ အရှေ့မုခ်အာရုံခံတန်ဆောင်းဘေးမှ ခေါင်းလောင်းကြီးက လှုပ်ရမ်းနေကြောင်း၊ အနီးအနားတွင် မည်သူမျှ မရှိကြောင်းပြောပြပါသည်။ ဤသည်တို့မှာလည်း ထူးခြားသည်ဟု ဆိုရပါမည်။

စာရေးသူကိုယ်တိုင်လည်း ၂၀၀၀ ပြည့်နှစ်က ကိုယ်တွေ့တစ်ခုကြုံခဲ့ရဘူးသည်။ ပန်းတောင်းမြို့နယ် ဝတ်ရွတ်ပူဇော်ပြိုင်ပွဲကို ရွှေဘုံသာမုနိစေတီတော် သုဓမ္မာဇရပ်(သစ်တော)တွင် ကျင်းပခဲ့သည်။ ဒိုင်လူကြီးအဖွဲ့ဝင်များက စေတီတော် အောက်ရင်ပြင် အရှေ့တောင်ဒေါင့်ရှိ နားနေဆောင်တွင် တည်းခိုပါသည်။ တစ်ရက် နေ့လည်ပိုင်း ပြိုင်ပွဲအသင်းတစ်သင်းပြီး၍ ဒိုင်အဖွဲ့ဝင် ဦးသောင်းရိန်မှ တည်းခိုဆောင်သို့ပြန်စဉ် အနောက်တောင်ဒေါင့်ရှိ အမတော်ဒါန်းမှာ မည်သူမျှမရှိဘဲ ကြွိကြွိ အသံမြည်ပြီးလွဲနေသည်ကို တွေ့ရသည်။ ဦးသောင်းရိန်မှာ သုဓမ္မာ ဇရပ်ရှိစာရေးသူအား လာခေါ်၍ လိုက်သွားရာ ဒါန်းမှာအရှိန်မသေသေးဘဲလွှဲနေသည်ကို တွေ့ခဲ့ရသည်။ ထိုအချိန်က အမတော်မမြစိမ်းနန်းမှာ အနောက်တောင်ဒေါင့် ပထမပစ္စယံတွင်ရှိပါသည်။ စာရေးသူတို့ ဂေါပကအဖွဲ့အလုည့်ကျစဉ် ၂၀၁၅ခု၊ ဇူလိုင်လတွင် အမတော်မမြစိမ်းနန်းတွင် လှူဒါန်းထားသော ဒါန်းများလူမရှိဘဲ လွှဲနေတာ ကလေး၂ဦးတွေ့၍ လာပြောခဲ့သည်။ ထို့အတူ ၂၀၁၆ခု မတ်လတွင်လွှည့်နေး နဂါးမယ်တော်နန်းတွင် မိန်းကလေး ၂ ဦး နဂါးမယ်တော်အား ဝတ္ထုငွေကြေးဆက်သနေစဉ် နဂါးမယ်တော်က မျက်လုံးဖွင့်ကြည့်ကြောင်း ထို့ကြောင့် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်မြင့်အား လာရောက်သတင်ပို့သဖြင့် သိရှိမှတ်တမ်းပြုခဲ့ပါသည်။ ဤသည်တို့မှာလည်း စေတီတော်ကြီး၏ ထူးခြားမှုများဖြစ်သည်။

ရွှေဘုံသာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်စဉ် ၁၉၉၉ခုနှစ်၊ အရှေ့ဘက် အာရုံခံတွင် ယာယီမဏ္ဍပ်ထိုး၍ အလှူခံခဲ့ကြသည်။ ထိုစဉ်က ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသန်းရှိန်(လက်ရှိဂေါပကဦးအောင်ချို၏ဖခင်) နှင့် အဖွဲ့ဝင် ၂ဦး အလှူခံနေစဉ် နေ့လည်ပိုင်းတွင် အစိမ်းရောင်ဝတ်စုံ အထက်အောက်ဆင်တူ ဝတ်ဆင်ထားသော အမျိုးသမီးငယ် ၃ ဦးက အလှူငွေများအပြင် ဝတ်ဆင်ထားသော လက်ကောက်၊ လက်စွပ်စသော လက်ဝတ်တန်ဆာများကိုချွတ်၍ လှူကြသည်။ ဦးသန်းရှိန်မှ အလှူခံဖြတ်ပိုင်းရေးနေစဉ် ဘုရားဖူးလိုက်ဦးမည် နောက်မှပြန်လာမည်ဟုပြောကာထွက်သွားကြရာ ပြန်မလာကြကြောင်း၊ ထို့နောက် စေတီတော်ကြီး ပါတ်လည်တွင် လိုက်ရှာရာ မတွေ့တော့ကြောင်း၊ အမတော်မမြစိမ်းတို့ ညီအမတွေ လာလှူတာဖြစ်မည်ဟုပြောပြပါသည်။ (၂၄. ၅. ၂၀၀၀) ပြည့်နှစ် နံနက်(၈း၄၅)နာရီက ရန်ကုန်မြို့မှ ဘုရားဖူး အမျိုးသမီးအဖွဲ့က ဒါန်းပေါ်တွင် ၂ ဦးကထိုင်လျှက် မှတ်တမ်း ဓါတ်ပုံရိုက်ခဲ့ကြသည်။ ရန်ကုန်ပြန်ရောက်၍ ဓါတ်ပုံကူးဆေးရာ နောက်မှဒါန်းအလွတ် တွင် ပုဝါဖြူ ခြုံလျှက် ပုံတစ်ပုံပေါ်လာခဲ့သည်။ ထို့ကြောင့် ဓါတ်ပုံအား ဂေါပကအဖွဲ့တွင် မှတ်တမ်းတင်နိုင်ရန် လာရောက် ပေးအပ်သွားခဲ့သည်။ အထက်ပါတင်ပြချက်များမှာ ရွှေဘုံသာမုနိစေတီတော်ကြီး၏ ထူးခြားဖြစ်စဉ်ဖြစ်ရပ်များပင် ဖြစ်သည်။

(၁၁. ၇. ၂၀၁၆)နေ့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် စာရေးသူနှင့် အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးသန်းအေး၊ ရုံးအဖွဲ့မှူး ဦးမြင့်ကြည်၊ လုံခြုံရေးတာဝန်ခံ ဦးတင်မြင့်တို့ နဂါးမယ်တော်နန်းကို စစ်ဆေးရန် သွားကြသည်။ တာဝန်ကျဝန်ထမ်း ကိုဝင်းသူက ရှင်းပြပြီး နဂါးမယ်တော် ခြေထောက်နှစ်ဘက် ကြဲ့ခိုင်မှုကို ကြည့်ရန် လုံချည်အား မလိုက်ရာ ခြေနှစ်ဘက်ကြားတွင် အပုံလိုက်ခွေနေသောမြွေကို တွေ့လိုက်ရသည်။ အလျား ၂ပေခန့်၊ လက်ညှိုးလုံးခန့်ရှိ အရပ်အခေါ် မြွေပွေးဆိပ်ဖွာဖြစ်သည်။ အချိန်အတော်ကြာမှ အောက်သို့ဆင်းသွားခဲ့သည်။ ဤသည်မှာလည်းထူးခြားမှုပင် ဖြစ်သည်။

## အမတော်မမြစိမ်းနှင့်နဂါးမယ်တော်

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရင်ပြင်တော်အရှေ့မြောက် တနင်္ဂနွေဒေါင့်တွင် အမတော်မမြစိမ်း နတ်နန်းရှိပြီး၊ အနောက်တောင် စနေဒေါင့်တွင် နဂါးမယ်တော်နတ်နန်းတို့ရှိသည်။ အမတော် မမြစိမ်းနှင့် နဂါး မယ်တော်ရုပ်ထုတို့ကို မန္တလေးမြို့မှ အလှူရှင်ဒေါ်မြင့်မြင့်သန်းက ပန်းပုဆရာ ဦးထွန်းကြွယ်အား ထုဆစ်စေခဲ့ခြင်းဖြစ်သည်။ မျက်နှာတော်များကို ဒေါ်မြင့်မြင့်သန်း ကိုယ်တိုင်အဓိဋ္ဌာန်ပြု မနောအာရုံရယူပြီး ကိုယ်တိုင် ပြုလုပ်ခဲ့ကြောင်းပြောပြပါသည်။ ဒေါ်မြင့်မြင့်သန်း ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသို့ ပထမအကြိမ် ရောက်ရှိခဲ့စဉ်က စေတီတော်ကြီးကို ကြည့်ပြီး ငိုချသလို ရယ်ချင်သလိုဖြစ်လာမိကြောင်း၊ တနင်္ဂနွေဒေါင့်တွင် ဒန်းလေးတစ်ခုတွေ့၍ ဒါန်းစီးခဲ့ကြောင်း၊ ထို့ပြင် ဒါန်းပေါ်တွင်တွေ့ရသော စည်းပုံကိုပင်ဆောင်းခဲ့သေးကြောင်း ပြောပြသည်။ ထိုစဉ်ကပင်လျှင် အမတော်မမြစိမ်းနှင့် ဒေါ်မြင့်မြင့်သန်းတို့ ဓါတ်သဘောအရဆက်နွယ်မိသည်ဟု ပြောနိုင်ပါသည်။

အမတော်မမြစိမ်းနှင့် နဂါးမယ်တော်ရုပ်ထုတို့ကို ထုဆစ်ရာတွင် အမျိုးသမီး အင်္ဂါအပြည့်အစုံပါဝင် ထုဆစ်ခဲ့သည်။ ရုပ်ထုများ ပေါင်းနွမ်းလာပါက ဒေါ်မြင့်မြင့်သန်း ကိုယ်တိုင်လာပြီး ပြုပြင်မွမ်းမံပေးသည်။ အမတော် မမြစိမ်းအား ယုံကြည်သူ၊ အဓိဋ္ဌာန်ပြုသူအချို့က အင်္ကျီထဘီ၊ စည်းပုံ၊ ဖိနပ်စသည်ဖြင့် ဝတ်လဲတော်များ အသစ်လှူဒါန်းလဲလှယ်ကြသည်။ နတ်နန်းထဲတွင် ဂေါပကနှင့်ဝန်ထမ်းတို့က ပုံတော်ပကတိအတိုင်း ချွတ်ပြီးလဲပေးကြသည်။ မကြာမီပင် ဝန်ကြီးဦးပန်းအောင်မိသားစုမှ အမတော်မမြစိမ်းက အိမ်မက်ပေးကြောင်း၊ နတ်ကတော်များထံကလည်း တွ္ဘဆင့်ပြောကြောင်း၊ အဝတ်အစားလဲလှယ်ရာတွင် ပကတိအတိုင်းချွတ်လဲနေကြ၍ ရှက်ဖွယ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှေ့မှ ကန့်လန့်ကာပိတ်ပြီး၊ အမျိုးသမီးများကသာ အဝတ်လဲပေးရန်နှင့် အပျိုစင်တစ်ဦးပါရမှာဖြစ်ကြောင်း၊ အဝတ်အစားသန့်ပြန့်စွာဝတ်စားသူများသာ လဲလှယ်ပေးရန် ဖြစ်ကြောင်း အသိပေးခဲ့သည်။ ထို့ကြောင့် ဂေါပကအဖွဲ့က အမတော်မမြစိမ်းပြောသည့်အတိုင်း ဆောင်ရွက်ပေးခဲ့ရသည်။

ရွှေဘုံသာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်စဉ် ၁၉၉၈ခုနှစ်၊ အရှေ့ဘက် အာရုံခံတွင် ယာယီမဏ္ဍပ်ထိုး၍ အလှူခံခဲ့ကြသည်။ ထိုစဉ်က ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသန်းရှိန်(လက်ရှိဂေါပကဦးအောင်ချို၏ဖခင်) နှင့် အဖွဲ့ဝင် ၂ဦး အလှူခံနေစဉ် နေ့လည်ပိုင်းတွင် အစိမ်းရောင်ဝတ်စုံ အထက်အောက်ဆင်တူ ဝတ်ဆင်ထားသော အမျိုးသမီးငယ် ၃ ဦးက အလှူငွေများအပြင် ဝတ်ဆင်ထားသော လက်ကောက်၊ လက်စွပ်စသော လက်ဝတ်တန်ဆာများကိုချွတ်၍ လှူကြသည်။ ဦးသန်းရှိန်မှ အလှူခံဖြတ်ပိုင်းရေးနေစဉ် ဘုရားဖူးလိုက်ဦးမည် နောက်မှပြန်လာမည်ဟုပြောကာထွက်သွားကြရာ ပြန်မလာကြကြောင်း၊ ထို့နောက် စေတီတော်ကြီး ပါတ်လည်တွင် လိုက်ရှာရာ မတွေ့တော့ကြောင်း၊ အမတော်မမြစိမ်းတို့ ညီအမတွေ လာလှူတာဖြစ်မည်ဟုပြောပြပါသည်။ (၂၄. ၅. ၂၀၀၀) ပြည့်နှစ် နံနက်(၈း၄၅)နာရီက ရန်ကုန်မြို့မှ ဘုရားဖူး အမျိုးသမီးအဖွဲ့က ဒါန်းပေါ်တွင် ၂ ဦးကထိုင်လျှက် မှတ်တမ်း ဓါတ်ပုံရိုက်ခဲ့ကြသည်။ ရန်ကုန်ပြန်ရောက်၍ ဓါတ်ပုံကူးဆေးရာ နောက်မှဒါန်းအလွတ် တွင် ပုဝါဖြူ ခြုံလျှက် ပုံတစ်ပုံပေါ်လာခဲ့သည်။ ထို့ကြောင့် ဓါတ်ပုံအား ဂေါပကအဖွဲ့တွင် မှတ်တမ်းတင်နိုင်ရန် လာရောက် ပေးအပ်သွားခဲ့သည်။ အထက်ပါတင်ပြချက်များမှာ ရွှေဘုံသာမုနိစေတီတော်ကြီး၏ ထူးခြားဖြစ်စဉ်ဖြစ်ရပ်များပင် ဖြစ်သည်။

(၁၁. ၇. ၂၀၁၆)နေ့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် စာရေးသူနှင့် အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးသန်းအေး၊ ရုံးအဖွဲ့မှူး ဦးမြင့်ကြည်၊ လုံခြုံရေးတာဝန်ခံ ဦးတင်မြင့်တို့ နဂါးမယ်တော်နန်းကို စစ်ဆေးရန် သွားကြသည်။ တာဝန်ကျဝန်ထမ်း ကိုဝင်းသူက ရှင်းပြပြီး နဂါးမယ်တော် ခြေထောက်နှစ်ဖက် ကြဲ့နိုင်မှုကို ကြည့်ရန် လုံချည်အား မလိုက်ရာ ခြေနှစ်ဘက်ကြားတွင် အပုံလိုက်ခွေနေသောမြွေကို တွေ့လိုက်ရသည်။ အလျား ၂ပေခန့်၊ လက်ညှိုးလုံးခန့်ရှိ အရပ်အခေါ် မြွေပွေးဆိပ်ဖွာဖြစ်သည်။ အချိန်အတော်ကြာမှ အောက်သို့ဆင်းသွားခဲ့သည်။ ဤသည်မှာလည်းထူးခြားမှုပင် ဖြစ်သည်။

## အမတော်မမြစိမ်းနှင့်နဂါးမယ်တော်

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရင်ပြင်တော်အရှေ့မြောက် တနင်္ဂနွေ ဒေါင့်တွင် အမတော်မမြစိမ်း နတ်နန်းရှိပြီး၊ အနောက်တောင် စနေဒေါင့်တွင် နဂါးမယ်တော်နတ်နန်းတို့ရှိသည်။ အမတော် မမြစိမ်းနှင့် နဂါး မယ်တော်ရုပ်ထုတို့ကို မန္တလေးမြို့မှ အလှူရှင်ဒေါ်မြင့်မြင့်သန်းက ပန်းပုဆရာ ဦးထွန်းကြွယ်အား ထုဆစ်စေခဲ့ ခြင်းဖြစ်သည်။ မျက်နှာတော်များကို ဒေါ်မြင့်မြင့်သန်း ကိုယ်တိုင်အမိဋ္ဌာန်ပြု မနော အာရုံရယူပြီး ကိုယ်တိုင် ပြုလုပ်ခဲ့ကြောင်းပြောပြပါသည်။ ဒေါ်မြင့်မြင့်သန်း ရွှေဘုံသာ မုနိစေတီတော်မြတ်ကြီးသို့ ပထမအကြိမ် ရောက်ရှိခဲ့စဉ်က စေတီတော်ကြီးကို ကြည့်ပြီး ငိုချသလို ရယ်ချင်သလိုဖြစ်လာမိကြောင်း၊ တနင်္ဂနွေဒေါင့်တွင် ဒန်းလေးတစ်ခုတွေ့၍ ဒါန်းစီးခဲ့ကြောင်း၊ ထိုပြင် ဒါန်းပေါ်တွင်တွေ့ရသော စည်းပုံကိုပင်ဆောင်းခဲ့သေးကြောင်း ပြောပြသည်။ ထိုစဉ်ကပင်လျှင် အမတော်မမြစိမ်းနှင့် ဒေါ်မြင့်မြင့်သန်းတို့ ဓါတ်သဘော အရဆက်နွယ်မိသည်ဟု ပြောနိုင်ပါသည်။

အမတော်မမြစိမ်းနှင့် နဂါးမယ်တော်ရုပ်ထုတို့ကို ထုဆစ်ရာတွင် အမျိုးသမီး အင်္ဂါအပြည့်အစုံပါဝင် ထုဆစ်ခဲ့သည်။ ရုပ်ထုများ ဟောင်းနွမ်းလာပါက ဒေါ်မြင့်မြင့်သန်း ကိုယ်တိုင်လာပြီး ပြုပြင်မွမ်းမံပေးသည်။ အမတော် မမြစိမ်းအား ယုံကြည်သူ၊ အဓိဋ္ဌာန် ပြုသူအချို့က အင်္ကျီထဘီ၊ စည်းပုံ၊ ဖိနပ်စသည်ဖြင့် ဝတ်လဲတော်များ အသစ်လှူဒါန်း လဲလှယ်ကြသည်။ နတ်နန်းထဲတွင် ဂေါပကနှင့်ဝန်ထမ်းတို့က ပုံတော်ပကတိအတိုင်း ချွတ်ပြီးလဲပေးကြသည်။ မကြာမီပင် ဝန်ကြီးဦးပန်းအောင်မိသားစုမှ အမတော်မမြစိမ်းက အိမ်မက်ပေးကြောင်း၊ နတ်ကတော်များထံကလည်း အမှာဆင့်ပြောကြောင်း၊ အဝတ် အစားလဲလှယ်ရာတွင် ပကတိအတိုင်းချွတ်လဲနေကြ၍ ရှက်ဖွယ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှေ့မှ ကန့်လန့်ကာပိတ်ပြီး၊ အမျိုးသမီးများကသာ အဝတ်လဲပေးရန်နှင့် အပျိုစင်တစ်ဦးပါရမှာဖြစ်ကြောင်း၊ အဝတ်အစားသန့်ပြန့်စွာဝတ်စားသူများသာ လဲလှယ်ပေးရန် ဖြစ်ကြောင်း အသိပေးခဲ့သည်။ ထို့ကြောင့် ဂေါပကအဖွဲ့က အမတော်မမြစိမ်းပြောသည့်အတိုင်း ဆောင်ရွက်ပေးခဲ့ရသည်။

အမတော်မမြစိမ်းနှင့် နဂါးမယ်တော်နန်းများကိုလည်း အလှူ့ရှင်များကသာ လိုအပ်သည်များကို မပြတ်လှူဒါန်းပေးလျှက်ရှိသည်။ နတ်ကန္တားပွဲများကိုလည်း အလှူရှင်ရှိလျှင် ရှိသလို စီစဉ်ပေးသည်။

အမတော် မမြစိမ်းသမိုင်းစာအုပ်ကိုလည်း ဂေါပကအဖွဲ့မှ ရေးသားပြုစု ထုတ်ဝေခဲ့သည်။ အမတော် မမြစိမ်းသမိုင်းနှင့် ပတ်သက်သော ငါးမျက်နှာ ဆုတောင်းပြည့်စေတီ၊ ကြောင်လိန်ဘုရားတို့သည် ပန်းတောင်း -တောင်ကုတ်လမ်း ဘေးတွင် တည်ရှိပါသည်။ ငါးမျက်နှာဘုရားကြီးမှ တောင်ဘက် ၂မိုင်ခွဲခန့်အကွာ ရောဝတီ မြစ်လယ်တွင် အမတော် မမြစိမ်း၏ မြစိမ်းကျွန်းမီးရှာကြီးကို သွားရောက် နိုင်ပါသည်။ ပန်းတောင်းမြို့၏ မြောက်ဘက် ၃မိုင်ခန့်အကွာ ရောဝတီမြစ်လယ်တွင် ကိုဘုန်းကြွယ် လော့်တက်အသစ် ခုတ်ခဲ့သော တက်သစ်ကျွန်းရွာကြီးကိုလည်း တွေ့နိုင်ပါသည်။ ပန်းတောင်းမြို့နယ် မြောက်ဘက်အဆုံး ရွာသာယာ ကျေးရွာအုပ်စု၊ ဖိုးဦးတောင်ကြောပေါ်တွင် ရှေးဟောင်းသမိုင်းဝင် ဖိုးဦးတောင်ဘုရားကိုလည်း ဖူးတွေ့ နိုင်သည်။ အမတော် မမြစိမ်း၏ သိုက်နန်း ငါးမျက်နှာဘုရားမှ ရွှေ့ပြောင်းလာသည့် ဖိုးဦးတောင်ဘုရား ဖြစ်ပါသည်။

ရွှေဘုံသာမုနိစေတီတော်ကြီးအား ၅နှစ် သို့မဟုတ် ၄နှစ်တစ်ကြိမ် လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူပါသည်။ ထိုအခါ အမတော်နန်းတွင် အနယ်နယ် အရပ်ရပ်မှ ခေါင်းထိုးလှူငွေ၊ ဖြတ်ပိုင်း၊ အလှူငွေများအား အမတော် မမြစိမ်းနှင့် အလှူရှင်အများကောင်းမှု ကမ္ဘည်းထိုး၍ ရွှေသက်န်းကပ်လှူပေးပါသည်။ အမတော် မမြစိမ်းနန်းမှ ရရှိငွေများကိုလည်း နေ့စဉ်စာရင်းပြုစု ထိန်းသိမ်းပြီး ဘဏ်တွင် ငွေစု စာအုပ်ဖြင့် အပ်နှံစုဆောင်းထားပါသည်။ ဂေါပကအဖွဲ့က ယခုနှစ်မှစ၍ ပထမအကြိမ်အဖြစ် တပို့တွဲလပြည့်ကျော် (၁၃၊ ၁၄၊ ၁၅)ရက်အား အမတော် မမြစိမ်းမွေးနေ့အလှူပွဲအဖြစ် သတ်မှတ်ကာ ရွှေသက်န်းကပ်လှူခြင်း၊ နတ်ကန္တားပျော်ပွဲ ပေးကာ ပွဲတက်ပွဲဆက်ခြင်းများ ပြုလုပ်သွားရန်စီစဉ်ထားပါသည်။

နဂါးမယ်တော် နန်းတွင်လည်း အခါအားလျော်စွာ နတ်ကန္တားများ

ပေးကြသည်။ နှစ်စဉ်ဝါဆိုလပြည့် ကျော်ပါက ရောဝတီမြစ်အတွင်း နဂါးစာကျွေးခြင်းကိုလည်း ပြုလုပ်လျက်ရှိသည်။ ဖောင်ပြုလုပ်ပြီး နွားနို့ ပေါက်ပေါက်မုန့်မျိုးစုံ သစ်သီးပန်းမာန်မျိုးစုံထည့်ကာ ရောဝတီမြစ်လယ်မှ ရေမျှောကာ နဂါးစာကျွေးကြသည်။ အနယ်နယ်အရပ်ရပ်မှ နဂါးမယ်တော် အဆက်အနွယ်များ၊ ရှမ်းအိုးစည်အဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အမတော် မမြစိမ်း၊ နဂါးမယ်တော် ဘေစန္ဒီတို့နှင့်ပတ်သက်၍ ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ဗောဓိတစ်ထောင် ဒီပါအေးဆရာတော် ဦးဝိမလက သူတို့လောကမှာ အဖြူဝတ်၊ အစိမ်းဝတ်၊ ပန်းရောင်ဝတ်၊ အနီရောင်ဝတ် ဆိုပြီး ရှိကြတယ်။ အဖြူရောင်ဝတ်က အဆင့်အမြင့်ဆုံးနဲ့ အနီရောင်ဝတ်က အနိမ့်ဆုံးအဆင့်ဘဲ မမြစိမ်းနဲ့ နဂါးမယ်တော်တို့က အစိမ်းဝတ်ကနေ အဖြူဝတ်ဖြစ်သွားကြပြီး အကြီးအမှူးအချုပ်တွေ ဖြစ်နေပြီ၊ နောက်ပွင့်တော်မူမဲ့ အရိမေတ္တယျဘုရား လက်ထက်မှာ ကျွတ်တမ်းဝင်ကြမှာ၊ ခုဘဝမှာ သူတို့က သာသနာပြုနေတာဟု မိန့်ကြားပါသည်။

## ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် နှင့် အစဉ်အလာပွဲတော်များ

မြန်မာနိုင်ငံရှိ ဘုရားစေတီဂူပုထိုးတို့တွင် ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပသကဲ့သို့ ရွှေဘုံသာမုနိ စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်နေ့၊ လပြည့်ကျော် (၁)ရက် (၂)ရက်၊ စုစုပေါင်း (၃)ရက် ကျင်းပပါသည်။ သက္ကရာဇ် ၁၃၄၈-ခုနှစ်ခန့်က စတင်၍ ကျင်းပခဲ့သည်။ ဂေါပကအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ပါသည်။ ဘိုးဘွားမိဘစဉ်လာမပျက် ကျင်းပခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်ကို လက်ဆင့်ကမ်း အမွေဆက်ခံကျင်းပခဲ့ကြသည်။ ရွှေဘုံသာမုနိစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပသည့် ရာသီကာလနှင့် ပတ်သက်၍ ပါမောက္ခချုပ်(ငြိမ်း) ဆရာကြီး ဦးမြဝင်းက ဤသို့စာဖွဲ့ခဲ့သည်။ "နွေဦးဆန်းစကာလ၌ ရွှေဘုံသာ စေတီ

အမတော်မမြစိမ်းနှင့် နဂါးမယ်တော်နန်းများကိုလည်း အလှူ့ရှင်များကသာ လိုအပ်သည်များကို မပြတ်လှူဒါန်းပေးလျှက်ရှိသည်။ နတ်ကန္နားပွဲများကိုလည်း အလှူရှင်ရှိလျှင် ရှိသလို စီစဉ်ပေးသည်။

အမတော် မမြစိမ်းသမိုင်းစာအုပ်ကိုလည်း ဂေါပကအဖွဲ့မှ ရေးသားပြုစု ထုတ်ဝေခဲ့သည်။ အမတော် မမြစိမ်းသမိုင်းနှင့် ပတ်သက်သော ငါးမျက်နှာ ဆုတောင်းပြည့်စေတီ၊ ကြောင်လိန်ဘုရားတို့သည် ပန်းတောင်း –တောင်ကုတ်လမ်း ဘေးတွင် တည်ရှိပါသည်။ ငါးမျက်နှာဘုရားကြီးမှ တောင်ဘက် ၂မိုင်ခွဲခန့်အကွာ ရောဝတီ မြစ်လယ်တွင် အမတော် မမြစိမ်း၏ မြစိမ်းကျွန်းမီးရှာကြီးကို သွားရောက် နိုင်ပါသည်။ ပန်းတောင်းမြို့၏ မြောက်ဘက် ၃မိုင်ခန့်အကွာ ရောဝတီမြစ်လယ်တွင် ကိုဘုန်းကြွယ် လျော်တက်အသစ် ခုတ်ခဲ့သော တက်သစ်ကျွန်းရွာကြီးကိုလည်း တွေ့နိုင်ပါသည်။ ပန်းတောင်းမြို့နယ် မြောက်ဘက်အဆုံး ရွာသာယာ ကျေးရွာအုပ်စု၊ ဖိုးဦးတောင်ကြောပေါ်တွင် ရှေးဟောင်းသမိုင်းဝင် ဖိုးဦးတောင်ဘုရားကိုလည်း ဖူးတွေ့ နိုင်သည်။ အမတော် မမြစိမ်း၏ သိုက်နန်း ငါးမျက်နှာဘုရားမှ ရွှေ့ပြောင်းလာသည့် ဖိုးဦးတောင်ဘုရား ဖြစ်ပါသည်။

ရွှေဘုံသာမုနိစေတီတော်ကြီးအား ၅နှစ် သို့မဟုတ် ၄နှစ်တစ်ကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပါသည်။ ထိုအခါ အမတော်နန်းတွင် အနယ်နယ် အရပ်ရပ်မှ ခေါင်းထိုးလှူငွေ၊ ဖြတ်ပိုင်း၊ အလှူငွေများအား အမတော် မမြစိမ်းနှင့် အလှူရှင်အများကောင်းမှု ကမ္ဗည်းထိုး၍ ရွှေသင်္ကန်းကပ်လှူပေးပါသည်။ အမတော် မမြစိမ်းနန်းမှ ရရှိငွေများကိုလည်း နေ့စဉ်စာရင်းပြုစု ထိန်းသိမ်းပြီး ဘဏ်တွင် ငွေစု စာအုပ်ဖြင့် အပ်နှံစုဆောင်းထားပါသည်။ ဂေါပကအဖွဲ့က ယခုနှစ်မှစ၍ ပထမအကြိမ်အဖြစ် တပို့တွဲလပြည့်ကျော် (၁၃၊ ၁၄၊ ၁၅)ရက်အား အမတော် မမြစိမ်းမွေးနေ့အလှူပွဲအဖြစ် သတ်မှတ်ကာ ရွှေသင်္ကန်းကပ်လှူခြင်း၊ နတ်ကန္နားပျော်ပွဲ ပေးကာ ပွဲတက်ပွဲဆက်ခြင်းများ ပြုလုပ်သွားရန်စီစဉ်ထားပါသည်။

နဂါးမယ်တော် နန်းတွင်လည်း အခါအားလျော်စွာ နတ်ကန္နားများ

ပေးကြသည်။ နှစ်စဉ်ဝါဆိုလပြည့် ကျော်ပါက ရောဝတီမြစ်အတွင်း နဂါးစာကျွေးခြင်း ကိုလည်း ပြုလုပ်လျက်ရှိသည်။ ဖောင်ပြုလုပ်ပြီး နွားနို့ ပေါက်ပေါက်မုန့်မျိုးစုံ၊ သစ်သီး ပန်းမာန်မျိုးစုံထည့်ကာ ရောဝတီမြစ်လယ်မှ ရေမျှောကာ နဂါးစာကျွေးကြသည်။ အနယ်နယ်အရပ်ရပ်မှ နဂါးမယ်တော် အဆက်အနွယ်များ၊ ရှမ်းအိုးစည်အဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အမတော် မပြစိမ်း၊ နဂါးမယ်တော် ဘေစန္ဒီတို့နှင့်ပတ်သက်၍ ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ဗောဓိတစ်ထောင် ဒီပါအေးဆရာတော် ဦးဝိမလက သူတို့လောကမှာ အဖြူဝတ်၊ အစိမ်းဝတ်၊ ပန်းရောင်ဝတ်၊ အနီရောင်ဝတ် ဆိုပြီး ရှိကြတယ်။ အဖြူရောင်ဝတ်က အဆင့်အမြင့်ဆုံးနဲ့ အနီရောင်ဝတ်က အနိမ့်ဆုံး အဆင့်ဘဲ မပြစိမ်းနဲ့ နဂါးမယ်တော်တို့က အစိမ်းဝတ်ကနေ အဖြူဝတ်ဖြစ်သွားကြပြီး အကြီးအမှူးအချုပ်တွေ ဖြစ်နေပြီ၊ နောက်ပွင့်တော်မူမဲ့ အရိမေတ္တေယျဘုရား လက်ထက် မှာ ကျွတ်တမ်းဝင်ကြမှာ၊ ခုဘဝမှာ သူတို့က သာသနာပြုနေတာဟု မိန့်ကြားပါသည်။

## ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် နှင့် အစဉ်အလာပွဲတော်များ

မြန်မာနိုင်ငံရှိ ဘုရားစေတီဂူပုထိုးတို့တွင် ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပ သကဲ့သို့ ရွှေဘုံသာမုနိ စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်း လပြည့်နေ့၊ လပြည့်ကျော် (၁)ရက် (၂)ရက်၊ စုစုပေါင်း (၃)ရက် ကျင်းပပါသည်။ သက္ကရာဇ် ၁၃၄၈-ခုနှစ်ခန့်က စတင်၍ ကျင်းပခဲ့သည်။ ဂေါပကအဖွဲ့က ဦးဆောင် ကျင်းပခြင်းဖြစ်ပါသည်။ ဘိုးဘွားမိဘစဉ်လာမပျက် ကျင်းပခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်ကို လက်ဆင့်ကမ်း အမွေဆက်ခံကျင်းပခဲ့ကြသည်။ ရွှေဘုံသာမုနိစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပသည့် ရာသီကာလနှင့် ပတ်သက်၍ ပါမောက္ခချုပ်(ငြိမ်း) ဆရာကြီး ဦးမြဝင်းက ဤသို့စာဖွဲ့ခဲ့သည်။ "နွေဦးဆန်းစကာလ၌ ရွှေဘုံသာ စေတီ

နီးနားဝန်းကျင်တောရေးတောင်ရေးသည် စိမ်းစိုနေပါသည်။ ရွှေဘုံသာစေတီတော် နီးနားဝန်းကျင်တွင် မြကျောက်သရက်တောအုပ်များရှိရာ သရက်တောအုပ်များဆီမှ သရက်ဖူးနံ့ သင်းပျံ့ပျံ့သည် နွေဦးလေနှင့်အတူ ပါလာတတ်သည်။ တောင်ကုန်းများ ပေါ်၌ ဒန့်ဒလွန်ပင်တို့သည် ဖွေးဖွေးလှုပ် ပွင့်နေကြပါသည်။ တမာပင် တို့သည် ရွက်နုထိုးနေကြပါပြီ၊ တချို့တမာပင်တို့၌ ဖွေးလွသော အပွင့်များ ဆင်သနေကြပါပြီ၊ ရွှေဘုံသာ အရပ်ရှိ တမာပင်တို့သည် အပင်အနေအထားကလည်း လှပါသည်။ အပွင့်များကလည်း အဆုပ်လိုက် အခိုင်လိုက် ပွင့်ကြပါသည်။ တမာနံ့သည်လည်း သရက်ဖူးနံ့ကို အားကျမခံ နွေဦးလေနှင့်အတူ ပါသော တတ်သည်။ တောတောင်များ ပေါ်သို့ လှမ်းမျှော်ကြည့်လိုက်ပါက မြူခိုးများ ဆိုင်းနေသည်ကို မြင်ရသည်။မြစ်ပြင်သို့ လှမ်းမျှော်ကြည့်ပါက သဲသောင်ဖြူလွလွတို့ ပေါ်ထွန်းနေသည်ကို မြင်ရပါသည်။ သို့ဖြစ်ရာ ရွှေဘုံသာမုနိ နွေဦးရှုခင်းသည် ''တောင်လည်းသာမော၊ တောလည်းသာ ထွေ၊ ရေလည်းသာလှ၊ ဖြူဆွ သောင်ပြင်၊ငှက်ပေါင်းရှင်'' ဟူသော လူးတားစာဆို ဦးအောင်ကြီး၏ တပေါင်းလဖွဲ့နှင့် ညီနေပါတော့သည်။''

ပထမဦးဆုံး ကျင်းပသောပွဲမှာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖြစ်ပါသည်။ တပေါင်းလဆန်း (၁၃)ရက်မှ လပြည့်နေ့ထိ ကျင်းပသည်။ ပြည်မြို့နယ်၊ ပန်းတောင်း မြို့နယ်မှ ဆရာတော်ကြီးများ၊ ရွှေဘုံသာအုပ်စု၊ ရွာသာယာအုပ်စု၊ ဆင်တဲအုပ်စုမှ ဆရာတော် သံဃာတော်များကို ပင့်ဖိတ်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း ဖြစ်ပါသည်။ တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် ပဋ္ဌာန်းပွဲပိတ်သိမ်းပြီး နေ့လည်ပိုင်းတွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပသည်။ ဩဝါဒစရိယဆရာတော်ကြီးများ သုဓမ္မာ၊ ဝေဠုဝန်၊ မူလဒွါရ ဂိုဏ်း(၃)ဂိုဏ်းမှ မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ ပန်းတောင်းမြို့ပေါ်၊ ပါတ်ဝန်းကျင်ရှိ သံဃာတော်များ၊ ရွာသာယာ၊ ရွှေဘုံသာ၊ ဆင်တဲ၊ သရက်လိနီအုပ်စုများနှင့် ပြည်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ သံဃာတော် များ အပါး (၁၀၀)ကျော်ကို ပင့်ဖိတ်ပြီး ဆွမ်းဆန်စိမ်း လောင်းလှူခြင်းဖြစ်ပါသည်။

ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ တစ်ဦးချင်းအလှူရှင်များ၊ ပြည်တပ်နယ် ပန်းတောင်း တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မိသားစုများ မြို့ပေါ်ရပ်ကွက်များနှင့် စေတီတော်ကြီး ပါတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများပါ ပါဝင်ပြီး ဆွမ်းဆန်လှူဘွယ်ပစ္စည်းမျိုးစုံ၊ မုန့်မျိုးစုံ၊ သံဃာအသုံးအဆောင်ပစ္စည်းတို့ကို လောင်းလှူကြပါသည်။ သဒ္ဓါ တရား ထက်သန်စွာဖြင့် စုပေါင်းလှူဒါန်းသော အလှူပွဲကြီးမှာ အလှူ့ရှင်များ၊ ဘုရားဖူး ပြည်သူများနှင့် ရင်ပြင်တော်အပြည့် စည်ကားသိုက်မြိုက်လှပါသည်။

တပေါင်းလပြည့်နေ့ညနှင့် လပြည့်ကျော် ၁ ရက် ၂ ရက်နေ့ညများတွင် ကြည့်ချင်ပွဲအဖြစ် ဇာတ်ဗလာပွဲ ထည့်သွင်းကျင်းပပေးပါသည်။ ဈေးသည် ဈေးဝယ်များဖြင့်လည်း စည်ကားပါသည်။ ထို့ပြင် အထူးစည်ကား သော နေ့ကြီး၊ ရက်ကြီးများမှာ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်ရက်များ ဖြစ်သည်။ နဝဒေးတံတားထိပ်မှ ၂မိုင်ခန့်လမ်းတွင် ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင်ဖြင့် ဘုရားဖူးလာကြရာ လမ်းပိတ် ဆို့ပြီး ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့မှ လုံခြုံရေး၊ လမ်းရှင်းအကူအညီပေးကြရသည်။ တန်ခူးလ သင်္ကြန်ရက် များတွင်လည်း ရေကစားပြီး စေတီတော်ကြီး ရင်ပြင်တော်နှင့် ပတ်ဝန်းကျင်ရှိ တောရိပ်တောင်ရိပ် တို့တွင် လာရောက်အပန်းဖြေနားနေကြပါသည်။

ရွှေဘုံသာမုနိစေတီတော်ရိပ်တွင် ခိုလှုံပြီး တရားဘာဝနာကျင့်ကြံပွားများ သူများ၊ အဓိဋ္ဌာန်ဝင်သူများကလည်း သင်္ကြန်အကြိုနေ့ မတိုင်မီကပင် ကြိုတင် ရောက်ရှိပြီး ကျင့်ကြံကြိုးကုတ်အားထုတ်ကြသည်။ အချို့က ဒုလ္လဘဝတ်ကာ ပွားများကြသည်။ ထို့ပြင် တပို့တွဲလဆန်း ရွှေစက်တော်ဘုရားပွဲတော်ဖွင့်ချိန်မှစ၍ ပြည်ရွှေဆံတော်၊ ရွှေစက်တော်ပြီးလျှင် ရွှေဘုံသာမုနိဟူ၍ အဖွဲ့လိုက် ဘုရားဖူးလာကြ သည်။ ထိုကာလသည်ပင် ရာသီချိန် ပွဲတော်ကဲ့သို့ စည်ကားပါသည်။

၂၀၁၅ ခုနှစ်မှစ၍ ဂေါပကအဖွဲ့က ကြီးမှူးပြီး ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ရွှေဘုံသာမုနိ စေတီတော်ကြီးအား ဓမ္မပူဇာအနေဖြင့် ပရိတ်သင်းများက အလှည့်ကျ

နီးနားဝန်းကျင်တောရေးတောင်ရေးသည် စိမ်းစိုနေပါသည်။ ရွှေဘုံသာစေတီတော် နီးနားဝန်းကျင်တွင် မြကျောက်သရက်တောအုပ်များရှိရာ သရက်တောအုပ်များဆီမှ သရက်ဖူးနံ့ သင်းပျံ့ပျံ့သည် နွေဦးလေနှင့်အတူ ပါလာတတ်သည်။ တောင်ကုန်းများ ပေါ်၌ ဒန့်ဒလွန်ပင်တို့သည် ဖွေးဖွေးလှုပ် ပွင့်နေကြပါသည်။ တမာပင် တို့သည် ရွက်နုထိုးနေကြပါပြီ၊ တချို့တမာပင်တို့၌ ဖွေးလွသော အပွင့်များ ဆင်သနေကြပါပြီ၊ ရွှေဘုံသာ အရပ်ရှိ တမာပင်တို့သည် အပင်အနေအထားကလည်း လှပါသည်။ အပွင့်များကလည်း အဆုပ်လိုက် အခိုင်လိုက် ပွင့်ကြပါသည်။ တမာနံ့သည်လည်း သရက်ဖူးနံ့ကို အားကျမခံ နွေဦးလေနှင့်အတူ ပါသော တတ်သည်။ တောတောင်များ ပေါ်သို့ လှမ်းမျှော်ကြည့်လိုက်ပါက မြူခိုးများ ဆိုင်းနေသည်ကို မြင်ရသည်။မြစ်ပြင်သို့ လှမ်းမျှော်ကြည့်ပါက သဲသောင်ဖြူလွလွတို့ ပေါ်ထွန်းနေသည်ကို မြင်ရပါသည်။ သို့ဖြစ်ရာ ရွှေဘုံသာမုနိ နွေဦးရှုခင်းသည် "တောင်လည်းသာမော၊ တောလည်းသာ ထွေ၊ ရေလည်းသာလှ၊ ဖြူဆွ သောင်ပြင်၊ငှက်ပေါင်းရှင်" ဟူသော လူးတားစာဆို ဦးအောင်ကြီး၏ တပေါင်းလဖွဲ့နှင့် ညီနေပါတော့သည်။"

ပထမဦးဆုံး ကျင်းပသောပွဲမှာ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲဖြစ်ပါသည်။ တပေါင်းလဆွန်း (၁၃)ရက်မှ လပြည့်နေ့ထိ ကျင်းပသည်။ ပြည်မြို့နယ်၊ ပန်းတောင်း မြို့နယ်မှ ဆရာတော်ကြီးများ၊ ရွှေဘုံသာအုပ်စု၊ ရှာသာယာအုပ်စု၊ ဆင်တဲအုပ်စုမှ ဆရာတော် သံဃာတော်များကို ပင့်ဖိတ်ပြီး ပဌာန်းရွတ်ဖတ်ပူဇော်ခြင်း ဖြစ်ပါသည်။ တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် ပဌာန်းပွဲပိတ်သိမ်းပြီး နေ့လည်ပိုင်းတွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပသည်။ ဩဝါဒစရိယဆရာတော်ကြီးများ သုဓမ္မာ၊ ဝေဠုဝန်၊ မူလဒွါရ ဂိုဏ်း(၃)ဂိုဏ်းမှ မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ ပန်းတောင်းမြို့ပေါ်၊ ပါတ်ဝန်းကျင်ရှိ သံဃာတော်များ၊ ရှာသာယာ၊ ရွှေဘုံသာ၊ ဆင်တဲ၊ သရက်လိန်အုပ်စုများနှင့် ပြည်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ သံဃာတော် များ အပါး (၁၀၀)ကျော်ကို ပင့်ဖိတ်ပြီး ဆွမ်းဆန်စိမ်း လောင်းလှူခြင်းဖြစ်ပါသည်။

ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ တစ်ဦးချင်းအလှူရှင်များ၊ ပြည်တပ်နယ် ပန်းတောင်းတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မိသားစုများ မြို့ပေါ်ရပ်ကွက်များနှင့် စေတီတော်ကြီးပါတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများပါ ပါဝင်ပြီး ဆွမ်းဆန်လှူဘွယ်ပစ္စည်းမျိုးစုံ၊ မုန့်မျိုးစုံ၊ သံဃာအသုံးအဆောင်ပစ္စည်းတို့ကို လောင်းလှူကြပါသည်။ သဒ္ဓါ တရားထက်သန်စွာဖြင့် စုပေါင်းလှူဒါန်းသော အလှူပွဲကြီးမှာ အလှူရှင်များ၊ ဘုရားဖူးပြည်သူများနှင့် ရင်ပြင်တော်အပြည့် စည်ကားသိုက်မြိုက်လှပါသည်။

တပေါင်းလပြည့်နေ့ညနှင့် လပြည့်ကျော် ၁ ရက် ၂ ရက်နေ့ညများတွင် ကြည့်ချင်ပွဲအဖြစ် ဇာတ်ဗလာပွဲ ထည့်သွင်းကျင်းပပေးပါသည်။ ဈေးသည် ဈေးဝယ်များဖြင့်လည်း စည်ကားပါသည်။ ထို့ပြင် အထူးစည်ကား သော နေ့ကြီး၊ ရက်ကြီးများမှာ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်ရက်များဖြစ်သည်။ နဝဒေးတံတားထိပ်မှ ၂မိုင်ခန့်လမ်းတွင် ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင်ဖြင့် ဘုရားဖူးလာကြရာ လမ်းပိတ် ဆို့ပြီး ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့မှ လုံခြုံရေး၊ လမ်းရှင်းအကူအညီပေးကြရသည်။ တန်ခူးလ သင်္ကြန်ရက် များတွင်လည်း ရေကစားပြီး စေတီတော်ကြီး ရင်ပြင်တော်နှင့် ပတ်ဝန်းကျင်ရှိ တောရိပ်တောင်ရိပ်တို့တွင် လာရောက်အပန်းဖြေနားနေကြပါသည်။

ရွှေဘုံသာမုနိစေတီတော်ရိပ်တွင် ခိုလှုံပြီး တရားဘာဝနာကျင့်ကြံပွားများသူများ၊ အဓိဋ္ဌာန်ဝင်သူများကလည်း သင်္ကြန်အကြိုနေ့ မတိုင်မီကပင် ကြိုတင်ရောက်ရှိပြီး ကျင့်ကြံကြိုးကုတ်အားထုတ်ကြသည်။ အချို့က ဒုလ္လဘဝတ်ကာပွားများကြသည်။ ထို့ပြင် တပို့တွဲလဆန်း ရွှေစက်တော်ဘုရားပွဲတော်ဖွင့်ချိန်မှစ၍ ပြည်ရွှေဆံတော်၊ ရွှေစက်တော်ပြီးလျှင် ရွှေဘုံသာမုနိဟူ၍ အဖွဲ့လိုက် ဘုရားဖူးလာကြသည်။ ထိုကာလသည်ပင် ရာသီချိန် ပွဲတော်ကဲ့သို့ စည်ကားပါသည်။

၂၀၁၅ ခုနှစ်မှစ၍ ဂေါပကအဖွဲ့က ကြီးမှူးပြီး ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ရွှေဘုံသာမုနိ စေတီတော်ကြီးအား ဓမ္မပူဇာအနေဖြင့် ပရိတ်သင်းများက အလှည့်ကျ

ဝတ်ရွတ်ဆိုပူဇော်ကြပါသည်။ ပြည်မြို့ ပန်းတောင်းမြို့ပေါ်၊ ဆင်တဲ ရွှေဘုံသာ၊ လက်ပံရွာမှ အရပ်ဘက်ပရိတ်သင်းများ၊ က. ပ. စ(၃)၊ က. စ. စ(၁၆) စသော စက်ရုံ အလုပ်ရုံတို့မှ ပရိတ်သင်းများက အလှည့်ကျရွတ်ဖတ်ပူဇော်ကြသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်မှစ၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာနုဂ္ဂဟအသင်းနှင့် ဂေါပကအဖွဲ့တို့ ပူးပေါင်းပြီး ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲကိုလည်း နှစ်စဉ် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ကျင်းပပေးခဲ့သည်။ ဒုတိယအကြိမ် အဖြစ် ကျင်းပပေးခဲ့ပြီး ဖြစ်သည်။ ရပ်ကွက်တိုင်းရွာတိုင်းတွင် ပရိတ်သင်းများ ပေါ်ပေါက်လာစေရန် လည်းကောင်း၊ မိမိရပ်ရွာ၊ အိုးအိမ်၊ မြို့နယ်၊ တိုင်းနိုင်ငံအထိ မင်္ဂလာတရားများ ပြည့်လျှမ်းကာ ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးစေရန်လည်းကောင်း၊ လူငယ်လူရွယ်များအတွင်း ဘာသာရေးအသိအမြင်များ တိုးပွားလာစေရန် လည်းကောင်း၊ မြတ်စွာဘုရားဟောပြောခဲ့သော ဒေသနာ။ ပရိတ်တရားတော်များအား စည်းစနစ်ကျကျ ပါဠိ ပတ်သားမှန်ကန်စွာ ရွတ်ဖတ်တတ်စေရန်လည်းကောင်း ရည်ရွယ် ကျင်းပပေးခြင်း ဖြစ်ပါသည်။ ဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးပါသည်။

နှစ်စဉ်တပို့တွဲလပြည့်နေ့တွင် ရွှေဘုံသာမုနိစေတီတော်၊ မုနိလေးဆူ ရုပ်ပွားတော်များ၊ ပြည်ရွှေဆံတော် စသော ဘုရားများနှင့် ဩဝါဒစရိယဆရာတော်ကြီး များအား ကာလဒါနအလှူအဖြစ် ထမနဲဆွမ်းများ ဆက်ကပ် လှူဒါန်းပေးပါသည်။ တပို့တွဲလဆန်း (၁၄)ရက်နေ့ နေ့လည်ပိုင်းတွင် ထမနဲထိုးပြိုင်ပွဲ ကျင်းပကာ ဒယ် ၂၀ ထိုးပေးကြပါသည်။ ဘုရားဖူးများနှင့် ဒေသခံလူငယ်လူရွယ်များ မြန်မာ့ရိုးရာ ပွဲတစ်ခုကို လေ့လာသိရှိနိုင်ကြ ပါသည်။ ထိုကဲ့သို့ပင် [illegible]ယ်တော် နဂါးစာကျွေးပွဲကို နှစ်စဉ် ဝါဆိုလပြည့်ကျော်ရက်များတွင် အနယ်အရပ်ရပ်မှ စုပေါင်းကာ လာရောက် ကျင်းပခဲ့ကြသည်။ ထို့ပြင်ယခုနှစ် (၂၀၁၆ ခု ၁၃၇၈ ခုနှစ်) မှစ၍ တပို့တွဲလပြည့်ကျော် (၁၃)ရက်မှ လကွယ်နေ့ထိ အမတော် မမြစိမ်းမွေးနေ့ အလှူပွဲကို ပထမအကြိမ်အဖြစ် စတင်ကျင်းပမည်ဖြစ်ပါသည်။

## ရွှေဘုံသာမုနိစေတီတော်ကြီးတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသောဂေါပကအဖွဲ့များ

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးတွင် ၁၃၄၈ ခုနှစ်ခန့်ကစ၍ ဂေါပကအဖွဲ့ ဖွဲ့စည်းကာ စေတီတော်ကြီး ၏ ဗုဒ္ဓသန္တကပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ် ခဲ့ကြသည်။ မှတ်တမ်းအရ ဂေါပကအဖွဲ့ တာဝန်ယူခဲ့သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (က)စဉ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးဝင်းတင် | ပြည်မြို့ | ဥက္ကဋ္ဌ |
| ၂။ | ဦးကျော်စိန် | ရွှေဘုံသာရွာ | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးခန့် | ရွှေဘုံသာရွာ | ဘဏ္ဍာရေးမှူး |
| ၄။ | ဦးညွန့်လှိုင် | ပြည်မြို့ | စာရင်းစစ် |
| ၅။ | ဦးစိန်သောင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၆။ | ဦးဝိုင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၇။ | ဦးစံသိန်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၈။ | ဦးသန်းရှိန် | ရွှေဘုံသာရွာ | အတွင်းရေးမှူး |
| ၉။ | ဦးဝင်းမြင့် | ရွှေဘုံသာရွာ | တွဲဘက်အတွင်းရေးမှူး |

ထိုဂေါပကအဖွဲ့မှာ ၁၉၉၇-ခုနှစ် နိုင်ငံတော်မှ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးကာလထိ ဆောင်ရွက်ခဲ့ကြသည်။ ဘက်စုံတည်ဆောက်ရေး အောင်မြင်ပြီးစီးပြီးနောက် ဂေါပကအဖွဲ့ကို ထပ်မံဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။ ဂေါပကအဖွဲ့အား ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ကအနီးကပ်ကြီးကြပ်မှုပေးခဲ့ပါသည်။

| (ခ) စဉ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးတင်ထွတ် | ပန်းတောင်း | ဥက္ကဋ္ဌ |

ဝတ်ရွတ်ဆိုပူဇော်ကြပါသည်။ ပြည်မြို့ ပန်းတောင်းမြို့ပေါ်၊ ဆင်တဲ ရွှေဘုံသာ၊ လက်ပံရွာမှ အရပ်ဘက်ပရိတ်သင်းများ၊ က. ယ. စ(၃)၊ က. စ. စ(၁၆) စသော စက်ရုံ အလုပ်ရုံတို့မှ ပရိတ်သင်းများက အလှည့်ကျရွတ်ဖတ်ပူဇော်ကြသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်မှစ၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာနုဂ္ဂဟအသင်းနှင့် ဂေါပကအဖွဲ့တို့ ပူးပေါင်းပြီး ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲကိုလည်း နှစ်စဉ် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ကျင်းပပေးခဲ့သည်။ ဒုတိယအကြိမ် အဖြစ် ကျင်းပပေးခဲ့ပြီး ဖြစ်သည်။ ရပ်ကွက်တိုင်းရွာတိုင်းတွင် ပရိတ်သင်းများ ပေါ်ပေါက်လာစေရန် လည်းကောင်း၊ မိမိရပ်ရွာ၊ အိုးအိမ်၊ မြို့နယ်၊ တိုင်းနိုင်ငံအထိ မင်္ဂလာတရားများ ပြည့်လျှမ်းကာ ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးစေရန်လည်းကောင်း၊ လူငယ်လူရွယ်များအတွင်း ဘာသာရေးအသိအမြင်များ တိုးပွားလာစေရန် လည်းကောင်း၊ မြတ်စွာဘုရားဟောပြောခဲ့သော ဒေသနာ၊ ပရိတ်တရားတော်များအား စည်းစနစ်ကျကျ ပါဠိ ပတ်သားမှန်ကန်စွာ ရွတ်ဖတ်တတ်စေရန်လည်းကောင်း ရည်ရွယ် ကျင်းပပေးခြင်း ဖြစ်ပါသည်။ ဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးပါသည်။

နှစ်စဉ်တပို့တွဲလပြည့်နေ့တွင် ရွှေဘုံသာမုနိစေတီတော်၊ မုနိလေးဆူ ရုပ်ပွားတော်များ၊ ပြည်ရွှေဆံတော် စသော ဘုရားများနှင့် ဩဝါဒစရိယဆရာတော်ကြီး များအား ကာလဒါနအလှူအဖြစ် ထမနဲဆွမ်းများ ဆက်ကပ် လှူဒါန်းပေးပါသည်။ တပို့တွဲလဆန်း (၁၄)ရက်နေ့ နေ့လည်ပိုင်းတွင် ထမနဲထိုးပြိုင်ပွဲ ကျင်းပကာ ဒယ် ၂၀ ထိုးပေးကြပါသည်။ ဘုရားဖူးများနှင့် ဒေသခံလူငယ်လူရွယ်များ မြိန်မာ့ရှိုးရာ ပွဲတစ်ခုကို လေ့လာသိရှိနိုင်ကြ ပါသည်။ ထိုကဲ့သို့ပင် နဂါးမယ်တော် နဂါးစာကျွေးပွဲကို နှစ်စဉ် ဝါဆိုလပြည့်ကျော်ရက်များတွင် အနယ်အရပ်ရပ်မှ စုပေါင်းကာ လာရောက် ကျင်းပခဲ့ကြသည်။ ထို့ပြင်ယခုနှစ် (၂၀၁၆ ခု ၁၃၇၈ ခုနှစ်) မှစ၍ တပို့တွဲလပြည့်ကျော် (၁၃)ရက်မှ လကွယ်နေ့ထိ အမတော် မပြစိမ်းမွေးနေ့ အလှူပွဲကို ပထမအကြိမ်အဖြစ် စတင်ကျင်းပမည်ဖြစ်ပါသည်။

## ရွှေဘုံသာမုနိစေတီတော်ကြီးတွင်
## တာဝန်ယူဆောင်ရွက်ခဲ့ကြသောဂေါပကအဖွဲ့များ

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးတွင် ၁၃၄၈ ခုနှစ်ခန့်ကစ၍ ဂေါပကအဖွဲ့ ဖွဲ့စည်းကာ စေတီတော်ကြီး ၏ ဗုဒ္ဓသန္တကပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ် ခဲ့ကြသည်။ မှတ်တမ်းအရ ဂေါပကအဖွဲ့ တာဝန်ယူခဲ့သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (က)စဥ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးဝင်းတင် | ပြည်မြို့ | ဥက္ကဋ္ဌ |
| ၂။ | ဦးကျော်စိန် | ရွှေဘုံသာရွာ | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးခန့် | ရွှေဘုံသာရွာ | ဘဏ္ဍာရေးမှူး |
| ၄။ | ဦးညွန့်လှိုင် | ပြည်မြို့ | စာရင်းစစ် |
| ၅။ | ဦးစိန်သောင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၆။ | ဦးပိုင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၇။ | ဦးစံသိန်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၈။ | ဦးသန်းရှိန် | ရွှေဘုံသာရွာ | အတွင်းရေးမှူး |
| ၉။ | ဦးဝင်းမြင့် | ရွှေဘုံသာရွာ | တွဲဘက်အတွင်းရေးမှူး |

ထိုဂေါပကအဖွဲ့မှာ ၁၉၉၇-ခုနှစ် နိုင်ငံတော်မှ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးကာလထိ ဆောင်ရွက်ခဲ့ကြသည်။ ဘက်စုံတည်ဆောက်ရေး အောင်မြင်ပြီးစီးပြီးနောက် ဂေါပကအဖွဲ့ကို ထပ်မံဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။ ဂေါပကအဖွဲ့အား ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ကအနီးကပ်ကြီးကြပ်မှုပေးခဲ့ပါသည်။

| (ခ) စဥ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးတင်ထွတ် | ပန်းတောင်း | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| ၂။ | ဦးမြဝင်း (ပါမောက္ခချုပ်) | ပြည်တက္ကသိုလ် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးသန်းရှိန် | ရွှေဘုံသာရွာ | အတွင်းရေးမှူး |
| ၄။ | ဦးစံသိန်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၅။ | ဦးစိန်သောင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၆။ | ဦးဝင်းမြင့် | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၇။ | ဦးဝိုင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၈။ | ဦးခင်ဝင်း | ဥပဒေဝန်ထမ်း | အဖွဲ့ဝင် |
| ၉။ | ပြည်မြို့မှကုန်သည်ကြီးများ | | အဖွဲ့ဝင် |

တို့ဖြစ်ကြပါသည်။ ထိုဂေါပကအဖွဲ့မှာ ၂၀၀၃ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်ထိ အောက်ပါဂေါပကအဖွဲ့အား ထပ်မံဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

| (ဂ) စဉ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးသန်းရှိန် | ရွှေဘုံသာရွာ | ခေါင်းဆောင် |
| ၂။ | ဦးစံသိန်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၃။ | ဦးစိန်သောင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၄။ | ဦးဝိုင်း | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၅။ | ဦးဝင်းမြင့် | ရွှေဘုံသာရွာ | အဖွဲ့ဝင် |
| ၆။ | ဦးကံမြင့် | ပြည်မြို့ | အဖွဲ့ဝင် |
| ၇။ | ဦးမောင်လေး | ပြည်မြို့ | အဖွဲ့ဝင် |

ထို့နောက် ၂၀၀၆ ခုနှစ်တွင် ဂေါပကအဖွဲ့သစ်အား ထပ်မံဖွဲ့စည်းတာဝန်ပေးခဲ့ပြန်ပါသည်။

| (ဃ) စဉ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဗိုလ်ကြီးမြင့်စိုး(ငြိမ်း) | ဆင်တဲရွာ | ဥက္ကဋ္ဌ |
| ၂။ | ဦးမြင့်ဦး | ပြည်မြို့ | အဖွဲ့ဝင် |
| ၃။ | ဦးအောင်ဆန်းကြည် | ပြည်မြို့ | အဖွဲ့ဝင် |
| ၄။ | ဦးမျိုးအောင် | ပြည်မြို့ | အဖွဲ့ဝင် |
| ၅။ | ဦးအောင်မြင့်စိန် | ပြည်မြို့ | အဖွဲ့ဝင် |
| ၆။ | ဦးဇော်မိုးလွင် | ပြည်မြို့ | အဖွဲ့ဝင် |
| ၇။ | ဦးအောင်မြိုင် | ပန်းတောင်း | အဖွဲ့ဝင် |
| ၈။ | ဦးသန်းတင် | ပန်းတောင်း | အဖွဲ့ဝင် |
| ၉။ | ဦးခင်ဝင်း | ပန်းတောင်း | အဖွဲ့ဝင် |
| ၁၀။ | ဦးတိုး | ပန်းတောင်း | အဖွဲ့ဝင် |
| ၁၁။ | ဦးကြည်မြင့် | ပန်းတောင်း | အဖွဲ့ဝင် |
| ၁၂။ | ဦးဝိုင်း | ရွှေဘုံသာ | အဖွဲ့ဝင် |
| ၁၃။ | ဦးတင်ဝင်း | ရွှေဘုံသာ | အဖွဲ့ဝင် |
| ၁၄။ | ဦးလှမြင့် | ပြည်မြို့ | အဖွဲ့ဝင် |
| ၁၅။ | ဦးထွန်းလှကျော် | ပြည်မြို့ | အတွင်းရေးမှူး |

၂၀၀၇–ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဂေါပကအဖွဲ့ဝင်အချို့ လျော့သွားသည့်အတွက် ဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတာဝန် မထားရှိတော့ဘဲ အလှည့်ကျစနစ်ဖြင့် တာဝန်ခွဲဝေယူခဲ့ကြသည်။

| (င) စဉ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးအောင်မြိုင် | ပန်းတောင်း | ဂေါပကအဖွဲ့ဝင် |
| ၂။ | ဦးသန်းတင် | ပန်းတောင်း | ဂေါပကအဖွဲ့ဝင် |
| ၃။ | ဦးကြည်မြင့် | ပန်းတောင်း | ဂေါပကအဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၄။ | ဦးခင်ဝင်း | ပန်းတောင်း | ဂေါပကအဖွဲ့ဝင် |
| ၅။ | ဦးတင်ဝင်း | ရွှေဘုံသာရွာ | ဂေါပကအဖွဲ့ဝင် |
| ၆။ | ဦးပိုင်း | ရွှေဘုံသာရွာ | ဂေါပကအဖွဲ့ဝင် |
| ၇။ | ဦးလှမြင့် | ပြည်မြို့ | ဂေါပကအဖွဲ့ဝင် |
| ၈။ | ဦးမျိုးအောင် | ပြည်မြို့ | ဂေါပကအဖွဲ့ဝင် |
| ၉။ | ဦးအောင်မြင့်စိန် | ပြည်မြို့ | ဂေါပကအဖွဲ့ဝင် |
| ၁၀။ | ဦးဇော်မိုးလွင် | ပြည်မြို့ | ဂေါပကအဖွဲ့ဝင် |
| ၁၁။ | ဦးထွန်းလှကျော် | ပြည်မြို့ | ဂေါပကအဖွဲ့ဝင် |
| ၁၂။ | ဦးတိုး | ပန်းတောင်း | ဘဏ္ဍာရေးမှူး |

ဘဏ္ဍာရေးမှူး ဦးတိုးကွယ်လွန်သွားသဖြင့် ဦးကြည်မြင့်က ဘဏ္ဍာရေးမှူး အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ရွှေဘုံသာမုနိစေတီတော်ကြီး ဂေါပကအဖွဲ့စည်းမျဉ်းကို ခရိုင်မြို့နယ်တာဝန်ရှိသူများက ရေးဆွဲခဲ့သည်။ ၁၃၇၆ခု နတ်တော်လပြည့်ကျော် (၁၃)ရက်၊ ၂၀၁၄ခု၊ ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ဩဝါဒစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူအတည်ပြု ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ဂေါပကစည်းမျဉ်းပါအတိုင်း ဂေါပကအဖွဲ့ကို ဆန္ဒမဲပေး၍ ၂၀၁၄ခု၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။ ဂေါပကအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ပြီးနောက် ဂေါပကစည်းမျဉ်းအရ ဩဝါဒစရိယဆရာတော် (၉)ပါးဖြင့် တိုးမြှင့်ဖွဲ့စည်းခဲ့ပါသည်။

(စ) ၂၀၁၅ခု မေလ (၁)ရက်နေ့မှ စတင်တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများ

| စဉ် | ဘွဲ့တော် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကုဏ္ဍလဇောတိ | ပြည်မြို့ | ဩဝါဒစရိယ |
| ၂။ | ဘဒ္ဒန္တဝိသုဒ္ဓ | အေးစေတီကျောင်း၊တက်သစ်ကျွန်း | ဩဝါဒစရိယ |

၃။ ဘဒ္ဒန္တကုန္တဝံသ ဘုရားကြီးကျောင်း(ရွှေဘုံသာရွာ) ဩဝါဒစရိယ

၄။ အဂ္ဂမဟာပဏ္ဍိတ ပေါင်းတည်ကျောင်း၊မင်းရပ် ဩဝါဒစရိယ

ဘဒ္ဒန္တဇာဂရာဘိဝံသသဒ္ဓမ္မဝံသ

၅။ မဟာသဒ္ဓမ္မဇောတိကဓဇ ရွာဘဲတောင်ပေါ်ကျောင်း၊ပြည်မြို့ ဩဝါဒစရိယ

ဘဒ္ဒန္တကုမာရ

၆။ ဘဒ္ဒန္တကုန္တက စွယ်တော်ကျောင်း(စွယ်တော်ရွာ) ဩဝါဒစရိယ

၇။ ဘဒ္ဒန္တဉာဏုတ္တရ ဗိုလ်ရုံကျောင်း(ဆင်တဲရွာ) ဩဝါဒစရိယ

၈။ ဘဒ္ဒန္တမင်္ဂလ ဝိဇယမေ့မွရုံသီကျောင်း(လက်ပံရွာ) ဩဝါဒစရိယ

၉။ ဘဒ္ဒန္တတေဇနိယ မိုးကောင်းကျောင်း(ဆင်တဲရွာ) ဩဝါဒစရိယ

၁၀။ ဘဒ္ဒပဏ္ဏဝ ရွှေဘုံသာဘုရားကြီးကျောင်းတိုက် ဩဝါဒစရိယ

(ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တကုန္တဝံသသည် ဘဝနတ်ထံပျံလွန်တော်မူသဖြင့် ဩဝါဒစရိယဆရာတော် အစားထိုးရွေးချယ်တင်မြှောက်ခြင်းဖြစ်ပါသည်။

## ၂၀၁၅ခု၊ မေလ (၁)ရက်နေ့မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ

| စဉ် | အမည် | နေရပ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးတင်လှိုင် (ဘဏ္ဍာရေးအဖွဲ့ဝင်) | ပန်းတောင်း | လှည့်ကျအဖွဲ့(၁) ခေါင်းဆောင် |
| ၂။ | ဦးအောင်ချို | ရွှေဘုံသာရွာ | လှည့်ကျအဖွဲ့(၁) |
| ၃။ | ဦးကျော်ဝင်း | ဆင်တဲရွာ | အလှည့်ကျအဖွဲ့(၁) |
| ၄။ | ဦးခင်မောင်မြင့် | လက်ပံရွာ(ရွှေဘုံသာ) | အလှည့်ကျအဖွဲ့(၁) |
| ၅။ | ဦးခင်ဝင်း | ပန်းတောင်း | အလှည့်ကျအဖွဲ့(၁) |
| ၆။ | ဦးကြည်မြင့် (ဘဏ္ဍာရေးမှူး) | ပန်းတောင်း | လှည့်ကျအဖွဲ့(၂) ခေါင်းဆောင် |

# ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီး ဩဝါဒစရိယ ဆရာတော်ကြီးများ



အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တကုဏ္ဍလဇောတိ
နိုင်ငံတော်ဩဝါဒစရိယ
ပြည်မြို့



ဘဒ္ဒန္တဝိသုဒ္ဓ
မဟာနာယက(ဝေဠုဝန်)
ပန်းတောင်းမြို့



အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဇာဂရာဘိဝံသ
တိုင်းသံဃနာယက
ပန်းတောင်းမြို့



မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တကုမာရ
တိုင်းသံဃနာယကဥက္ကဋ္ဌ
ပြည်မြို့



ဘဒ္ဒန္တကန္တက
နာယက(မူလဒွါရ)
ပန်းတောင်းမြို့



ဘဒ္ဒန္တဉာဏုတ္တရ
မြို့နယ်သံဃနာယကဥက္ကဋ္ဌ
(ဝေဠုဝန်) ပန်းတောင်းမြို့



ဘဒ္ဒန္တမင်္ဂလ
မြို့နယ်သံဃနာယက
အဖွဲ့ဝင်၊ ပန်းတောင်းမြို့



ဘဒ္ဒန္တတေဇနိယ
မြို့နယ်သံဃနာယက
အဖွဲ့ဝင်၊ ပန်းတောင်းမြို့



ဘဒ္ဒန္တပဏ္ဏဝ
ရွှေဘုံသာဘုရားကြီးကျောင်းတိုက်
ပန်းတောင်းမြို့

# ရွှေဘုံသာမုနိ စေတီတော်ကြီး ဂေါပကအဖွဲ့ (၂၀၁၅–၁၆နှစ်)

## ဂေါပကအလှည့်ကျအဖွဲ့ (၁)



ဦးတင်လှိုင်
(ပန်းတောင်း)



ဦးကျော်ဝင်း
(ဆင်တဲ)



ဦးခင်မောင်မြင့်
(လက်ပံရှာ)



ဦးအောင်ချို
(ရွှေဘုံသာ)

## ဂေါပကအလှည့်ကျအဖွဲ့ (၂)



ဦးကြည်မြင့်
(ပန်းတောင်း)



ဦးသန်းအေး
(ဆင်တဲ)



ဦးစိန်ဝင်း
(ပန်းတောင်း)



ဦးမြင့်နိုင်
(ရွှေဘုံသာ)

## ဂေါပကအလှည့်ကျအဖွဲ့ (၃)



ဦးသန်းတင်
(ပန်းတောင်း)



ဦးဝင်းကြူ
(မကျီးစုရွာ)



ဦးသိန်းလွင်
(ဆင်တဲ)



ဦးတင်ထွန်းအောင်
(ရွှေဘုံသာ)

# ရွှေဘုံသာမုနိ စေတီတော်ကြီး ဂေါပကအဖွဲ့ (၂၀၁၅-ခုနှစ်)



ဦးမြင့်ကြည်
(ရုံးအဖွဲ့မှူး)



ဦးတင်လှိုင်
ဘဏ္ဍာရေးအဖွဲ့ဝင်
အလှည့်ကျဂေါပကအဖွဲ့ဝင်(၁)
ခေါင်းဆောင်



ဦးကြည်မြင့်
ဘဏ္ဍာရေးမှူး
အလှည့်ကျဂေါပကအဖွဲ့ဝင်(၂)
ခေါင်းဆောင်



ဦးသန်းတင်
ဘဏ္ဍာရေးအဖွဲ့ဝင်
အလှည့်ကျဂေါပကအဖွဲ့ဝင်(၃)
ခေါင်းဆောင်

| | | |
|---|---|---|
| ၇။ ဦးသန်းအေး | ဆင်တဲရွာ | အလှည့်ကျအဖွဲ့(၂) |
| ၈။ ဦးမြင့်နိုင် | ရွှေဘုံသာရွာ | အလှည့်ကျအဖွဲ့(၂) |
| ၉။ ဦးစိန်ဝင်း | ပန်းတောင်း | အလှည့်ကျအဖွဲ့(၂) |
| ၁၀။ ဦးအောင်မြိုင် | ပန်းတောင်း | အလှည့်ကျအဖွဲ့(၂) ပြောင်းရွှေ့ |
| ၁၁။ ဦးသန်းတင် (ဘဏ္ဍာရေးအဖွဲ့ဝင်) | ပန်းတောင်း | အလှည့်ကျအဖွဲ့(၃) ခေါင်းဆောင် |
| ၁၂။ ဦးဝင်းကြူ | မကျီးစုရွာ(ရွှေဘုံသာ) | အလှည့်ကျအဖွဲ့ (၃) |
| ၁၃။ ဦးတင်ထွန်းအောင် | ရွှေဘုံသာရွာ | အလှည့်ကျအဖွဲ့ (၃) |
| ၁၄။ ဦးသိန်းလွင် | ဆင်တဲရွာ | အလှည့်ကျအဖွဲ့ (၃) |
| ၁၅။ ဦးပန်းမြင့် | ပန်းတောင်း | အလှည့်ကျအဖွဲ့(၃) |

ဂေါပကအဖွဲ့အနေဖြင့် (၃)လစီ အလှည့်ကျတာဝန်ထမ်းဆောင်ကြပါသည်။ ဂေါပကအဖွဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းအရ နာယကကြီးများဖြစ်သော ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းသာသနာရေးမှူးနှင့် မြို့နယ်သာသနာရေးမှူးတို့က အနီးကပ် ကြီးကြပ်ပေးလျှက်ရှိသည်။ (၃)လတစ်ကြိမ် ဩဝါဒစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံခြင်း၊ နာယကကြီးများထံမှ ညွှန်ကြားမှုခံယူခြင်းများပြုကာ စေတီတော်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဂေါပကအဖွဲ့ အစည်းအဝေးများကိုလည်း ပုံမှန်အစည်းအဝေးတစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြီး၊ အရေးပေါ်အစည်းအဝေးကို အရေးကြီးကိစ္စရှိပါက ကျင်းပကာ စေတီတော်ကြီး၏ ဗုဒ္ဓဝေယျာဝစ္စ ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေး လုပ်ငန်း၊ ဗုဒ္ဓသန္တကပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။

# နိဂုံး

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ဌာပနာတိုက်အတွင်း ကိန်းဝပ်စံပါယ် သီတင်းသုံးလျက်ရှိသော ရွှေဘုံသာမုနိမြတ်စွာဘုရားနှင့် မုနိလေးဆူ၏ သာသနာတော်သမိုင်း၊ တန်ခိုးတော်များနှင့်လျော်ညီအောင် ဤသမိုင်းမှတ်တမ်းကို ပြုစုရေးသားခဲ့ပါသည်။ အထူးသဖြင့် ထပ်မံ ဝန်ခံလိုသည်မှာ ပါမောက္ခချုပ်(ငြိမ်း)ဆရာကြီး ဦးမြင့်ဝင်း (မြဝင်း–ဒဿန)၏ ရွှေဘုံသာမုနိစေတီတော်သမိုင်းကို အားကိုးအားထားပြုမှီငြမ်း ရေးသားခဲ့ရခြင်းဖြစ်ပါသည်။ ထပ်မံဖြည့်စွက်ရမှုများလည်း ရှိခဲ့ပါသည်။ အတိတ်ကာလ စန္ဒသူရိယမင်းမှသည် ဘိုးတော်ဗဒုံမင်း၏ သီရိမဟာဓမ္မာဘိဇယဘွဲ့ခံ အိမ်ရှေ့ဥပရာဇာ သားတော် သီဟသူရထိလည်းကောင်း၊ ထိုမှတဖန် ၁၂၅၆ ခု ပြည်မြို့ ကျောင်းကြီးရပ်မှ ဆရာတော် ဦးသံဝရ၊ ဦးလာဘာ တို့ထိ တည်ဆောက် မွမ်းမံပြင်ဆင် မှုများသည် လွန်လေပြီးသော အတိတ်ကာလများကဖြစ်ပါသည်။ ယခု ပစ္စုပ္ပန်ကာလတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်အစိုးရ)ကာလမှ ယနေ့ထိ ဆောင်ရွက်မှုများသည် လက်လှမ်းမီသောအချိန်၊ အခြေအနေများပင် ဖြစ်ပါသည်။ သို့သော်လည်းထိုကဲ့သို့ အတိတ်၊ ပစ္စုပ္ပန်ကာလများက ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ တည်ထားကိုးကွယ်မှု၊ ဘက်စုံပြုပြင်မွမ်းမံမှုမြင်ကွင်းများအား မှတ်တမ်းတင် မှုများသည် ပြီးပြည့်စုံသော သမိုင်းမှတ်တမ်းတစ်ခုဖြစ်သည်ဟုတော့ မဆိုဝံ့ပါ။ ဖော်ပြသင့်တာတွေမပါ၊ မဖော်ပြသင့်တာတွေပါနေပါက စာရေးသူ၏ အားနည်းချို့ယွင်းမှုကြောင့်ဟုသာ မှတ်ယူခွင့်လွှတ်စေလိုပါသည်။

အနာဂါတ်ကာလအတွက်ကိုမူ နှောင်းလူတို့က ကမ္ပည်းတင်ပါလိမ့်မည်။ သမိုင်းမှတ်တမ်းပြုပါလိမ့်မည်။ ဤသမိုင်းမှတ်တမ်းအား ပြီးပြည့်စုံပြီဟု မဆိုငြား သော်လည်း အထောက်အလျောက်တော့ ပြည့်စုံမှုရှိသည်ဟု ဖေါ်ညွှန်းလိုပါသည်။ ဗုဒ္ဓသာသနာတော် နေအရောင်လအရောင် ထွန်းလင်းတောက်ပစေရန် ဤရွှေဘုံသာ

မုနိ စေတီတော်သမိုင်းက တစ်ထောင့်တစ်နေရာမှ သာသနာ့တာဝန်ထမ်းဆောင်ခဲ့သည်ဟုဆိုလျှင် ပင်ပန်းရကျိုး ရေးရကျိုး နပ်ပြီဟု ဝမ်းမြောက်ဝမ်းသာ ခံယူပါသည်။

ပြည်မြို့ ဧရာဝတီမြစ်ကမ်းမှလည်းကောင်း၊ နဝဒေးတံတားကြီးပေါ်မှလည်းကောင်း လှမ်းမျှော်ကြည့် လိုက်လျှင် မိုးခုလတ်တိမ်ဆီမှာ သိင်္ဂီရောင်လွှတ်လျှက်ရှိသော စိမ်းညို့ညို့တောင်တန်းတောအုပ်ကြားမှ ရွှေဘုံသာမုနိစေတီတော်ကြီးကို ကြည်ညိုဖွယ်ရာ တင့်တယ်သပ္ပါယ်စွာ ဖူးမြင်ရပါမည်။ သာသနာရောင်ဝါ ပွင့်လင်းထွန်းပနေသော ဖိုးဦး၊ ဖိုးဖြူ၊ မဥ္ဇူ၊ တန့်ကြည့်တောင်တန်းမှ ဘုရားစေတီ ဂူပုထိုးတို့ကိုလည်း လမ်းခရီး ဖြောင့်ဖြူးစွာဖြင့် ဖူးမြင်နိုင်ကြပါပြီ၊ လှူဒါန်းနိုင်ကြပါပြီ၊ တရားဘာဝနာအားထုတ်နိုင်ကြပါပြီ၊ မေတ္တာပို့ အမျှဝေနိုင်ကြပါပြီ၊ ကုသိုလ်ထူးပါက ရွှေဘုံသာမုနိရုပ်ပွားတော်မြတ်ကိုပါ ဖူးတွေ့နိုင်မည်ဖြစ်ပါသတည်း။

# မှီငြမ်းအထောက်အကူပြု
# မှတ်တမ်းစာအုပ်စာတန်းမဂ္ဂဇင်းများစာရင်း

၁။ ရွှေဘုံသာဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ၏ ရွှေဘုံသာမဟာမုနိရုပ်ရှင်တော်သမိုင်း စာအုပ်။

၂။ မြဝင်း (ဒသသန) ၏ ရွှေဘုံသာမုနိစေတီတော်သမိုင်းစာအုပ်။

၃။ သန်းကြွယ်(ပန်းတောင်း)၏ ရွှေဘုံသာမုနိ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးဆောင်းပါး၊ (ပန်းတောင်းမဂ္ဂဇင်း) အမှတ်(၁) ၂၀၀၀ ပြည့်နှစ်ဇန်နဝါရီလ)

၄။ ရဲမြင့် (သုတေသန)၏ ဗဒုံမင်းကောင်းမှု ပန်းတောင်းမြို့ရှိ ရွှေဂူ စေတီတော်ဆောင်းပါး (ပန်းတောင်းမဂ္ဂဇင်း အမှတ်(၇) ၂၀၀၉ ဇူလိုင်လ)

၅။ သမိုင်းပြုစုရေးအဖွဲ့၏ ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးသမိုင်းစာအုပ်။ (၂၀၀၁ ခု ဒီဇင်ဘာလ)

၆။ ဦးသန်းအေး (တာဝန်ခံအင်ဂျင်နီယာ) ကစလ (၃)ဆင်တဲ၏ ရွှေဘုံသာမုနိစေတီတော်ကြီး ပြုပြင်မွမ်းမံ, တည်ဆောက်မှုလုပ်ငန်း မှတ်တမ်း (၉–၄–၉၇) မှ (၃၀–၄–၂၀၀၀)ထိ။